# မြန်မာနိုင်ငံ မသန်စွမ်းသူများ၏ အလုပ်အကိုင် အခွင့်အလမ်းအပေါ် သက်ရောက်မှုများအား

# ဆန်းစစ်လေ့လာခြင်း စာတမ်း (၂၀၁၈ – ၂၀၁၉)

The Leprosy Mission
Myanmar
Working towards a barrier free Myanmar

M.F.P.D

Kingdom of the Netherlands

# မြန်မာနိုင်ငံ မသန်စွမ်းသူများ၏ အလုပ်အကိုင် အခွင့်အလမ်းအပေါ် သက်ရောက်မှုများအား ဆန်းစစ်လေ့လာခြင်းစာတမ်း(၂၀၁၈-၂၀၁၉)

**Myanmar Federation of Persons with Disabilities (MFPD)**

No. 132, Pan Pin Gyi Street (School for the Blind compound), Kyimyindine Township, Yangon 11101, Myanmar.

Mobile: +959-445408023

Email: mfpd.myanmar.org@gmail.com

Website: www.mfpd.org.mm

Facebook Page: www.facebook.com/MFPwDs

**The Leprosy Mission Myanmar (TLMM)**

No. 12/K, Pyi Thu Lane, 7th Mile, Mayangone Township, Yangon, Myanmar

Tel: +951-666851, 951-222368

Email: zmaung@tlmmyanmar.org

Website: https://www.leprosymission.org/tlm-in-your-country/myanmar

Facebook Page: https://www.facebook.com/LeprosyMission/

## ဥပဒေ့ရှာဇင်




မြန်မာနိုင်ငံတွင် ၂၀၀၈ ခုနှစ် မတိုင်မီက ရည်ညွှန်းကိုးကားနိုင်သည့် နိုင်ငံ၏ လူမှုစီးပွားရေးနှင့် အထွေထွေစာရင်းဇယား အချက်အလက်များ၊ သုတေသနစစ်တမ်းများ၊ အားနည်းခဲ့ပါသည်။ ယခုအခါတွင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ သုတေသနစစ်တမ်းများ၊ စာရင်းဇယားများ အရေအတွက်များပြားစွာ ထွက်ပေါ်နေပြီဖြစ်ရာ မူဝါဒချမှတ်သူများ အပါအဝင် လေ့လာသူများ၊ စိတ်ပါဝင်စားသူများအနေဖြင့် လွယ်လင့်တကူ လက်လှမ်းမီရယူနိုင်နေပြီ ဖြစ်ပါသည်။ မသန်စွမ်းမှုဆိုင်ရာနှင့် ပတ်သက်သည့် စစ်တမ်းများ၊ စာရင်းဇယားများလည်း ယခင်ကထက်စာလျှင် အထိုက်အလျောက် ထွက်ပေါ်လာပြီဖြစ်သော်လည်း အရေအတွက်မှာ နည်းပါးနေဆဲပင်ဖြစ်သည်။ ကမ္ဘာ့နိုင်ငံများအလယ်တွင် နိုင်ငံတစ်နိုင်ငံ ယဉ်ကျေးမှုအဆင့်အတန်းနှင့် ဖွံ့ဖြိုးတိုးတက်မှုအခြေအနေတို့ကို ထိုနိုင်ငံရှိ သက်ကြီးရွယ်အိုများ၊ မသန်စွမ်းသူများနှင့် ကလေးသူငယ်များအပေါ် မည်ကဲ့သို့ မူဝါဒများဖြင့် ချဉ်းကပ်ဆောင်ရွက်နေကြောင်း ကြည့်ရှုသုံးသပ်၍ အကဲဖြတ်လေ့ရှိကြပါသည်။ မြန်မာနိုင်ငံအနေဖြင့် မသန်စွမ်းသူများအပေါ် အခွင့်အရေးအခြေပြုနည်းလမ်းများဖြင့် ချဉ်းကပ်ရာတွင် မူဝါဒချမှတ်နိုင်ရေးအတွက် သုတေသနစစ်တမ်းများသည် အရေးကြီးသည့် အခန်းကဏ္ဍတွင် ပါဝင်လျက်ရှိသည်။

မသန်စွမ်းသူများ၏ လူမှုရေး၊ စီးပွားရေး၊ အလုပ်အကိုင်၊ နိုင်ငံရေးနှင့် ပြည်သူ့ရေးရာနယ်ပယ်များတွင် ပါဝင်ဆောင်ရွက်မှုစသည့် အခြေအနေများကို ကောင်းစွာသိရှိထားမှသာ ၎င်းတို့နှင့် သင့်လျော်မည့် မူဝါဒများနှင့် မဟာဗျူဟာများကို ရေးဆွဲချမှတ်နိုင်မည် ဖြစ်ပါသည်။ ထို့အပြင် နိုင်ငံတော်မှအတည်ပြုထားသော မသန်စွမ်းသူများ၏အခွင့်အရေးဥပဒေ (၂၀၁၅)၊ မသန်စွမ်းသူများ၏ အခွင့်အရေးနည်းဥပဒေများ (၂၀၁၇)၊ နိုင်ငံတကာမူဘောင်များဖြစ်သည့် မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂ ကွန်ဗင်းရှင်း၊ အင်ချွန်းမဟာဗျူဟာ၊ ဘာလီကြေညာချက်၊ ASEAN Enabling Master Plan 2025 နှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်များ (Agenda 2030) တွင်ပါဝင်သည့် ပြဋ္ဌာန်းချက်များကို နိုင်ငံတော်မှ အကောင်အထည်ဖော်နိုင်ရေးအတွက် အစီအမံများ ချမှတ်ရာတွင် အထောက်အကူပြုစေမည်ဖြစ်ပါသည်။ ယခုအစီရင်ခံစာတွင် မြန်မာနိုင်ငံအတွင်းရှိ တိုင်းဒေသကြီးနှင့် ပြည်နယ် (၁၀) ခုတို့တွင် နေထိုင်သော မသန်စွမ်းသူများကို ၎င်းတို့၏ အလုပ်အကိုင် အခွင့်အလမ်းနှင့် ပတ်သက်သည့် အချက်အလက်များနှင့် တွေ့ရှိချက်များကို ဖော်ပြထားသည်မှာ မသန်စွမ်းသူများဆိုင်ရာ မူဝါဒများချမှတ်ရာတွင်လည်းကောင်း၊ တည်ရှိပြီးဖြစ်သည့်မူဝါဒများကို မသန်စွမ်းအကျုံးဝင်မူဝါဒများ ဖြစ်ပေါ်လာစေရေးအတွက် ပြန်လည်သုံးသပ်ခြင်းနှင့် ပြင်ဆင်ခြင်းတို့အတွက်လည်းကောင်း များစွာအထောက်အကူဖြစ်စေမည်ဟု မျှော်လင့်ပါသည်။

ထို့အပြင် ကဏ္ဍစုံမှ ပါဝင်ပတ်သက်သူများဖြစ်သည့် လွှတ်တော်များ၊ ပြည်ထောင်စုအစိုးရဌာနအဖွဲ့အစည်းများ၊ မသန်စွမ်းသူများအရေး ဆောင်ရွက်နေသည့် ပြည်တွင်းပြည်ပအစိုးရ မဟုတ်သော အဖွဲ့အစည်းများ၊ ပြည်တွင်းနှင့် နိုင်ငံတကာအလှူရှင်အဖွဲ့အစည်းများ၊ ကုလသမဂ္ဂအေဂျင်စီများ၊ မသန်စွမ်းသူများကိုယ်တိုင် ဖွဲ့စည်းထားသည့် အသင်းအဖွဲ့များ၊ မသန်စွမ်းသူများစသည်တို့အတွက်လည်း ၎င်းတို့၏ လုပ်ငန်းဆောင်ရွက်မှု အစီအစဉ်များတွင် မသန်စွမ်းသူများအရေးကိစ္စ ထည့်သွင်းစဉ်းစားလာကြစေရန်၊ အသက်မွေးဝမ်းကျောင်းမှု အစီအစဉ်များ ပိုမိုဆောင်ရွက်လာစေရန် အကြံပြုချက်များ ထည့်သွင်းထားသည်ကို တွေ့ရပါသည်။ ယခု မြန်မာနိုင်ငံမသန်စွမ်းသူများ၏ အလုပ်အကိုင်အခွင့်အလမ်းအပေါ် သက်ရောက်မှုများအား ဆန်းစစ်လေ့လာခြင်း အစီရင်ခံစာ ထွက်ပေါ်လာရေးအတွက် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ခဲ့ကြသော မြန်မာနိုင်ငံ မသန်စွမ်းအသင်းချုပ် အပါအဝင် အဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိသူများ၊ မသန်စွမ်းသူများကို အသိမှတ်ပြုအပ်ပါသည်။

ဒေါက်တာဝင်းမြတ်အေး
ပြည်ထောင်စုဝန်ကြီး
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန



## အမှာစကား

မြန်မာနိုင်ငံသည် ကုလသမဂ္ဂ မသန်စွမ်းသူများအခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်ကို ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလ (၇) ရက်နေ့တွင် အတည်ပြု လက်မှတ်ရေးထိုးခဲ့ရာ မသန်စွမ်းသူများ၏ အရေးကိစ္စကို ထိုအချိန်မှ စ၍ အလေးအနက်ထား ဆောင်ရွက်တော့မည် ဖြစ်ကြောင်း ကတိကဝတ်ပြုလိုက်ခြင်းပင် ဖြစ်သည်။ ကုလသမဂ္ဂ မသန်စွမ်းသူများ အခွင့်အရေး ဆိုင်ရာ သဘောတူစာချုပ် တွင် ပါဝင်သော ပြဋ္ဌာန်းချက်များကို လိုက်နာကျင့်သုံးသည့်အနေဖြင့် ပြည်ထောင်စု လွှတ်တော်သည် မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေကို ၂၀၁၅ ခုနှစ်၊ ဇွန်လ ၅ ရက်နေ့တွင် လည်းကောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေး နှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနသည် မသန်စွမ်းသူများ ၏ အခွင့်အရေးနည်းဥပဒေများကို ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ (၂၇) ရက်နေ့တွင် လည်းကောင်း ထုတ်ပြန်ပြဋ္ဌာန်းခဲ့သည်။

မသန်စွမ်းသူများ၏ အရေးကိစ္စကို နိုင်ငံတော်က အလေးထား ဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံ မသန်စွမ်းသူများ ဖွံ့ဖြိုး တိုးတက်ရေး အမျိုးသားအဆင့် မဟာဗျူဟာ (၂၀၁၆-၂၀၂၅) ကို ၂၀၁၆ ခုနှစ်၊ ဇူလိုင်လတွင် ထုတ်ပြန်ခဲ့သည်။ ထို့နောက် ၂၀၁၅ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သော မသန်စွမ်းသူများ၏ ဥပဒေ ပုဒ်မ (၄) ပါ ပြဋ္ဌာန်းချက် နှင့်အညီ မသန်စွမ်းသူများ အရေးကိစ္စကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ရည်ရွယ်လျက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ (၂) ဦးဆောင်သည့် မသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာ အမျိုးသား ကော်မတီကို ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၁၄ ရက်နေ့တွင် ဖွဲ့စည်းခဲ့ပြီး မသန်စွမ်း အရေးကိစ္စများကို အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိသည်။ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ အတွင်း အာဆီယံ (၁၀) နိုင်ငံမှ အတည်ပြုခဲ့သည် ASEAN Enabling Master Plan – 2025 ပါ ပြဋ္ဌာန်းချက်များကိုလည်းကောင်း၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေး ပန်းတိုင်များ AGENDA 2030 ပါ ပြဋ္ဌာန်းချက်များကိုလည်းကောင်း၊ ၂၀၁၈ ခုနှစ်အတွင်း ထုတ်ပြန်ခဲ့သော မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက် ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း MSDP (၂၀၁၈-၂၀၃၀) ပါ ဦးစားပေး လုပ်ဆောင်ရမည့် အခန်းကဏ္ဍများတွင်လည်းကောင်း၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးဆိုင်ရာ လုပ်ငန်းစဉ်များတွင် လည်းကောင်း၊ မသန်စွမ်းသူများ အတွက် အလုပ်အကိုင် အခွင့်အလမ်းများ ဖော်ဆောင်ပေးရန် လိုအပ်လျက်ရှိပါသည်။

အဆိုပါဥပဒေမူဘောင်များတွင် မသန်စွမ်းသူများအတွက် အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးနိုင်ရေးအစီအစဉ် ကို အကောင်အထည်ဖော်ရန် ဆုံးဖြတ်ချက် ချမှတ်သူများနှင့် မူဝါဒချမှတ်သူများကို အထောက်အကူဖြစ်စေရန် ရည်ရွယ်လျက် မြန်မာနိုင်ငံမသန်စွမ်းသူများ အသင်းချုပ်သည် လက်တွဲဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းကာ မြန်မာနိုင်ငံ မသန်စွမ်းသူများ၏ အလုပ်အကိုင် အခွင့်အလမ်းအပေါ် သက်ရောက်မှုများအား ဆန်းစစ်လေ့လာခြင်း ကို ၂၀၁၈-၂၀၁၉ ခုနှစ်အတွင်း အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပါသည်။ ဤလုပ်ငန်းအစီအစဉ်သည် မြန်မာနိုင်ငံမသန်စွမ်းသူများ အသင်းချုပ်၏ "မြန်မာနိုင်ငံသား မသန်စွမ်း သူတိုင်းသည် လူ့အသိုက်အဝန်းအတွင်းတွင် ဂုဏ်သိက္ခာရှိစွာဖြင့် အများနည်းတူ ရပ်တည် ပါဝင်နိုင်ပြီး မိမိတို့၏ အခွင့်အရေး များနှင့် အခြေခံလွတ်လပ်ခွင့်များကို တရားမျှတစွာ ရယူခွင့်ရှိရမည်" ဆိုသည့် အနာဂတ် မျှော်မှန်းချက်ကို တစ်စိတ် တစ်ပိုင်း ဖြည့်ဆည်းပေးနိုင်မည်ဟု မျှော်လင့်ပါသည်။ ထို့ပြင် မြန်မာနိုင်ငံအတွင်းရှိ မသန်စွမ်းသူများ၏ အလုပ်အကိုင် အခွင့်အလမ်းများ အပေါ် သက်ရောက်မှု ရှိနေသည့် အခြေခံ အကြောင်းအရာများကို ယခုစစ်တမ်း၌ ဖော်ထုတ်နိုင်ခဲ့သည်ဟု ယုံကြည်ပါသည်။

မြန်မာနိုင်ငံမသန်စွမ်းသူများ အသင်းချုပ်အနေဖြင့် အသင်းချုပ်၏ အနာဂတ်မျှော်မှန်းချက် အောင်မြင်စေရန် ဖွဲ့စည်းပုံ အခြေခံစည်းမျဉ်းပါ အခြေခံတန်ဖိုးထားမှုများကို စဉ်ဆက်မပြတ်ကျင့်သုံးသွားမည်ဖြစ်ပါသည်။ ဤသုတေသနစာတမ်း ဖြစ်မြောက် ရေးအတွက် အခက်အခဲအမျိုးမျိုးကြားမှ အောင်မြင်စွာ ပူးပေါင်းဆောင်ရွက်ခဲ့ကြသည့် နိုင်ငံတဝန်းလုံးမှ မသန်စွမ်းသူ များ၊ မသန်စွမ်းအဖွဲ့အစည်းများ အပါအဝင် ကျေးဇူးတင်ထိုက်သူများအားလုံးကို အသိအမှတ်ပြု မှတ်တမ်းတင်အပ်ပါကြောင်း ဖော်ပြ အပ်ပါသည်။

ဦးသိန်းလွင်
ယာယီဥက္ကဋ္ဌ

# စာတမ်းအကျဉ်းချုပ်

မြန်မာနိုင်ငံတွင် လူဦးရေ ၅၁ သန်းကျော်ရှိပြီး မသန်စွမ်းသူများမှာ နိုင်ငံလူဦးရေ၏ ၄.၆% အရေအတွက်အားဖြင့် ၂.၃ သန်းခန့် ရှိကြောင်း သိရသည်။[1] အဆိုပါစာရင်းထဲတွင် အမြင်အာရုံမသန်စွမ်းသူ ၂.၄၉%၊ ကိုယ်အင်္ဂါ မသန်စွမ်းသူ ၁.၉%၊ ဉာဏ်ရည် မသန်စွမ်းသူ ၁.၆၆% နှင့် အကြားအာရုံမသန်စွမ်းသူ ၁.၃၄% အသီးသီးရှိကြသည်။ အလုပ် လုပ်နိုင်သော အသက်အရွယ်ရှိသည့် မသန်စွမ်းသူများထဲမှ ၈၅% မှာ အလုပ်လက်မဲ့ ဖြစ်နေကြောင်း သိရသည်။[2] အဆိုပါ အချက်မှာ မသန်စွမ်းသူများကို အလုပ်အကိုင်ရရှိမှု အခြေအနေ မြှင့်တင်ပေးရန် လိုအပ်နေကြောင်း ဖော်ပြနေသည်။ ထိုသို့ ဆောင်ရွက်ရာတွင် အလုပ်အကိုင်ခန့်အပ်ပေးနိုင်သည့် စီးပွားရေးလုပ်ငန်းရှင်များ နှင့် အလုပ်အကိုင် အခွင့်အလမ်းအတွက် မသန်စွမ်းသူများ၏ လိုအပ်ချက်များကို ဆန်းစစ်အကဲဖြတ်ရန် ယခုစာတမ်းကို ပြုစုခဲ့သည်။ ရည်ရွယ်ချက်မှာ လုပ်ငန်းခွင် ပြင်ပသို့ရောက်နေသည့် မသန်စွမ်းသူများအား အဆင်ပြေသင့်တော်သည့် လုပ်ငန်းခွင် ဖန်တီးနိုင်ရေးအတွက် အစိုးရနှင့် ပုဂ္ဂလက နယ်ပယ်တို့တွင် စည်းရုံး လှုံ့ဆော်မှုများ ဆောင်ရွက်နိုင်ရေး သက်သေ၊ အထောက်အထားများကို စုဆောင်းရန် ဖြစ်သည်။

ဤစာတမ်းတွင် မြန်မာနိုင်ငံရှိ တိုင်းဒေသကြီးနှင့် ပြည်နယ် ဆယ်ခု ဖြစ်သော ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ် တို့မှ မသန်စွမ်းသူ (၂၄၀၀) ဦး၊ မသန်စွမ်းသူ၏ မိဘ/ အုပ်ထိန်းသူ (၅၀၀) ဦးနှင့် လုပ်ငန်းရှင် (၂၀၀) ဦးတို့ကို မသန်စွမ်းသူများ၏ အလုပ်အကိုင်အခွင့်အလမ်းများ အပေါ် သက်ရောက်မှုများအား ဖော်ထုတ် မေးမြန်းခဲ့ပါသည်။ မသန်စွမ်းသူများ၊ မိဘ/ အုပ်ထိန်းသူများနှင့် လုပ်ငန်းရှင်များအား ကိုယ်တိုင်တွေ့ဆုံမေးမြန်းချက်များမှ တဆင့် လူမှုရေးဆိုင်ရာ အကြောင်းအချက်များ ဖြစ်သည့် မသန်စွမ်းသူများ၏ ကိုယ်ရေး အကြောင်းအရာများ၊ အလုပ်အကိုင် အခွင့်အလမ်းနှင့် ပတ်သက်သည့် သိရှိမှုအခြေအနေ၊ လုပ်ငန်းခွင်တွင် ကြုံတွေ့ရသည့် အချက်များ၊ မိဘ/ အုပ်ထိန်းသူများ၏ အမြင်သဘောထား၊ လုပ်ငန်းရှင်များ၏ သဘောထားအမြင်နှင့် ပတ်သက်သော အကြောင်းအရာများကို စီစစ် သုံးသပ်တင်ပြ ထားပါသည်။

---

[1] 2014 National Census

## ကျေးဇူးတင်လွှာ

ဤသုတေသန စာတမ်းအတွက် ပံ့ပိုးကူညီခဲ့ကြသော မသန်စွမ်းသူများ၊ မသန်စွမ်း အဖွဲ့အစည်းများနှင့် အစိုးရဌာနဆိုင်ရာများ၊ စစ်တမ်းကောက်ယူရာတွင် ပူးပေါင်းပါဝင်ပေးခဲ့ကြသည့် မသန်စွမ်းသူများ၊ ၎င်းတို့၏ မိသားစုဝင်များ၊ အုပ်ထိန်းသူများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ကွင်းဆင်းသုတေသနဝန်ထမ်းများ အားလုံးကို ကျေးဇူးတင်ရှိပါသည်။ ထို့ပြင် စာတမ်းကောက်ယူရေးလုပ်ငန်းစဉ်အတွက် လိုအပ်သည်များကို ဖြည့်ဆည်း၊ ပံ့ပိုးပေးပြီး ဒေသအသီးသီးမှ မိတ်ဖက်အဖွဲ့အစည်းများနှင့် ညှိနှိုင်းချိတ်ဆက်ပေးခဲ့ကြသည့် မြန်မာနိုင်ငံ မသန်စွမ်းသူများအသင်းချုပ်မှ စီမံကိန်းဝန်ထမ်းများ ဖြစ်သည့် ဒေါ်တင်ထိုက်စန္ဒာ၊ ဦးကိုကိုနောင်၊ စာတမ်းပြုစုရေးသားရာတွင် ထည့်သွင်းမေးမြန်းသင့်သော မေးခွန်းများအတွက် အကြံပြုဆွေးနွေးပေးပါသော အသင်းချုပ်အလုပ်အမှုဆောင်များ၊ နည်းပညာပိုင်းဆိုင်ရာနှင့် စာရေးသားပြုစုပြင်ဆင်ခြင်းတို့ကို ဆောင်ရွက်ပေးပါသော ပါမောက္ခ ဒေါက်တာ ခင်မေသန်း (ပါမောက္ခ/ ဌာနမှူး (ငြိမ်း)၊ စာရင်းအင်းပညာဌာန၊ ရန်ကုန်စီးပွားရေး တက္ကသိုလ်)၊ မြန်မာနိုင်ငံနားမကြားသူများ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့မှ ဦးကျော်ကျော်၊ ဆလိုင်းဒေးဗစ် နှင့် AAR Japan မှ ဒေါ်ဆွေဆွေလှိုင်လည်း ကျေးဇူးတင်ရှိပါသည်။ စာတမ်းပြုစုရေး နှင့် ပတ်သက်၍ လိုအပ်သည်များ ပံ့ပိုးခဲ့သော AAR Japan အဖွဲ့ကို လည်းကောင်း၊ သုတေသနစာတမ်းကောက်ယူရေးလုပ်ငန်းစဉ်တလျှောက် အပင်ပန်းခံ ပါဝင်အားဖြည့် ဆောင်ရွက်ခဲ့ ကြသော ရွှေမင်းသားဖောင်ဒေးရှင်း ရုံးခွဲများ၊ မြန်မာနိုင်ငံ မသန်စွမ်းသူများ ရှေ့ဆောင်အဖွဲ့ ရုံးခွဲများ၊ မြန်မာနိုင်ငံ ကိုယ်အင်္ဂါ မသန်စွမ်းသူများ အသင်း ရုံးခွဲများ၊ ရခိုင်ပြည်နယ် မသန်စွမ်းသူများ အစည်းအရုံး၊ ဖားစည်မြေ၊ လှိုင်သာယာ မသန်စွမ်းသူများ အသင်း၊ အားမာန်သစ် မသန်စွမ်းသူများ ကိုယ့်အားကိုယ်ကိုးအဖွဲ့၊ အလင်းသစ် (မန္တလေး)၊ Shining Stars (မန္တလေး)၊ Morning Stars (တောင်ကြီး) စသည့် အသင်းအဖွဲ့များအားလုံးနှင့် အခြားအမည်ဖော်ပြနိုင်ခြင်းမရှိသည့် ကျေးဇူးတင်ထိုက်သူများအားလုံးကို အသင်းချုပ်မှ ကျေးဇူးတင်ရှိပါသည်။

ဤသုတေသနစာတမ်း ထွက်ပေါ်လာရေးအတွက် ရန်ပုံငွေကို မြန်မာနိုင်ငံဆိုင်ရာ နယ်သာလန်နိုင်ငံသံရုံးက အဓိက ပံ့ပိုးပေးခဲ့ပြီး ယခုအစီအစဉ်မှာ မြန်မာနိုင်ငံမသန်စွမ်းသူများ အသင်းချုပ် နှင့် The Leprosy Mission Myanmar တို့ ပူးပေါင်းဆောင်ရွက်သည့် စီမံကိန်းဖြစ်သော "Lobby and Advocacy of MFPD and DPOs to claim a strong voice and presence in society" မှ စီမံကိန်း၏ တစ်စိတ်တစ်ပိုင်း လုပ်ငန်းတစ်ခု ဖြစ်ပါသည်။

## အတိုကောက် ဝေါဟာရများ

| | |
|---|---|
| AAR Japan | Association for Aid and Relief, Japan<br>အကူအညီပေးရေးနှင့် ပြန်လည်ထူထောင်ရေး အသင်း - ဂျပန် |
| CRPD | Convention on the Righs of Persons with Disabilities<br>ကုလသမဂ္ဂ မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ် |
| CSOs | Civil Society Organizations<br>အရပ်ဖက် လူမှုအဖွဲ့အစည်းများ |
| DOR | Department of Rehabilitation<br>ပြန်လည်ထူထောင်ရေးဦးစီးဌာန |
| DPOs | Disabled People Organizations<br>မသန်စွမ်းသူများ၏ အဖွဲ့အစည်းများ |
| DSW | Department of Social Welfare<br>လူမှုဝန်ထမ်းဦးစီးဌာန |
| GAD | Government Administrative Department<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန |
| GOM | Government of Myanmar<br>ပြည်ထောင်စု အစိုးရအဖွဲ့ |
| MDCDA | Myanmar Deaf Community Development Association<br>မြန်မာနိုင်ငံနားမကြားသူများ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ |
| MFPD | Myanmar Federation of Persons with Disabilities<br>မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ် |
| MILI | Myanmar Independent Living Initiatives<br>မြန်မာနိုင်ငံမသန်စွမ်းသူများရှေ့ဆောင်အဖွဲ့ |
| MPHA | Myanmar Physically Handicapped Association<br>မြန်မာနိုင်ငံ ကိုယ်အင်္ဂါ မသန်စွမ်းသူများ အသင်း |
| MSWRR | Ministry of Social Welfare, Relief and Resettlement<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန |
| NCRPD | National Committee on the Rights of Persons with Disabilities<br>မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ |
| PWDs | Persons with Disabilities<br>မသန်စွမ်းသူများ |
| RSDO | Rakhine State Disabled Organization<br>ရခိုင်ပြည်နယ် မသန်စွမ်းသူများ အစည်းအရုံး |
| SMTF | Shwe Min Tha Foundation<br>ရွှေမင်းသားဖောင်ဒေးရှင်း (မြန်မာ) |
| TLMM | The Leprosy Mission Myanmar |
| WWDs | Women with Disabilities<br>မသန်စွမ်းအမျိုးသမီးများ |

# မာတိကာ

ဥပဒေသျှာဖည်
အမှာစကား
စာတမ်းအကျဉ်းချုပ်
ကျေးဇူးတင်လွှာ
အတိုကောက် ဝေါဟာရများ

၁။ နိဒါန်း ၁
၂။ သုတေသနဒီဇိုင်း နှင့် လေ့လာမှုနယ်ပယ်များ
၂-၁ သုတေသန ပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်များ ၃
၂-၂ သုတေသန ဒီဇိုင်း ၃
၂-၃ လေ့လာမှု နယ်ပယ် ၇
၃။ မသန်စွမ်းသူများ၏ နောက်ခံအချက်အလက်များ ၈
၄။ သုတေသန မှ တွေ့ရှိချက်များ
၄-၁ မသန်စွမ်းသူများ၏ ဖြေဆိုမှုမှ လေ့လာတွေ့ရှိချက်များ
၄-၁-၁ မသန်စွမ်းသူများ၏ ကိုယ်ရေးအချက်အလက်များ ၁၀
၄-၁-၂ ပညာရေးဆိုင်ရာ အချက်အလက်များ ၁၄
၄-၁-၃ နိုင်ငံသားစိစစ်ရေးကဒ်ပိုင်ဆိုင်မှုနှင့် အလုပ်သမားဖြစ်မှုဆိုင်ရာ အချက်အလက်များ ၁၆
၄-၁-၄ အလုပ်အကိုင် အခွင့်အလမ်းဆိုင်ရာ အချက်အလက်များ ၁၇
၄-၁-၅ မသန်စွမ်းသူများ၏ လူနေမှုအခြေအနေ ဆန်းစစ်ချက်များ ၂၁
၄-၁-၆ မသန်စွမ်းမှုဆိုင်ရာ ဥပဒေမူဘောင်များကို သိရှိနားလည်မှု အခြေအနေ ၂၂
၄-၁-၇ အသင်းအဖွဲ့များကိုသိရှိမှုနှင့် ချိတ်ဆက်ဆောင်ရွက်မှု အခြေအနေ ၂၃
၄-၁-၈ အလုပ်အကိုင်ရှိသည့် မသန်စွမ်းသူများ၏ ခံစားချက်၊ အတွေ့အကြုံနှင့် ထင်မြင်ချက်များအား လေ့လာဆန်းစစ်ခြင်း ၂၅
၄-၁-၉ လက်ရှိအလုပ်အကိုင်မရှိသည့် မသန်စွမ်းသူများမှ အလုပ်လုပ်လိုသော ဆန္ဒအား လေ့လာဆန်းစစ်ခြင်း ၂၆
၄-၁-၁၀ ရွေးချယ်လုပ်ကိုင်လိုသော အလုပ်အကိုင်ကို လေ့လာဆန်းစစ်ခြင်း ၂၇
၄-၁-၁၁ အများပြည်သူသုံး သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ပတ်သက်၍ စီးနင်းနိုင်မှု အခြေအနေအား လေ့လာခြင်း ၂၈
၄-၂ မသန်စွမ်းသူများ၏ မိဘ/အုပ်ထိန်းသူများ၏ ဖြေဆိုမှုများမှ လေ့လာတွေ့ရှိချက်များ
၄-၂-၁ မသန်စွမ်းသူများ၏ မိဘ/အုပ်ထိန်းသူနှင့် သက်ဆိုင်သော အချက်အလက်များ ၂၉
၄-၂-၂ လူမှုအသိုက်အဝန်းအတွင်း ပါဝင်မှုအခြေအနေ ၃၀
၄-၂-၃ မသန်စွမ်းသူများ၏ လုပ်ငန်းခွင်ဝင်ရောက်နိုင်မှု အပေါ် မိသားစုနှင့် ပတ်ဝန်းကျင်၏ သဘောထားအမြင် ၃၁
၄-၂-၄ မသန်စွမ်းမှုဆိုင်ရာ ဥပဒေမူဘောင်များကို သိရှိနားလည်မှုအား ဆန်းစစ်ခြင်း ၃၄
၄-၂-၅ မသန်စွမ်းသူများ၏အခွင့်အရေးဆိုင်ရာ အမျိုးသားကော်မတီနှင့် မြန်မာနိုင်ငံ မသန်စွမ်းသူများ အသင်းချုပ်ကို သိရှိမှု ၃၅
၄-၂-၆။ မသန်စွမ်းသူများ၏ မိဘ/ အုပ်ထိန်းသူများ၏ အကြံပြုချက်များ ၃၅
၄-၃ စီးပွားရေး လုပ်ငန်းရှင်များ၏ ဖြေဆိုမှုများမှ လေ့လာတွေ့ရှိချက်များ
၄-၃-၁ စီးပွားရေးလုပ်ငန်းရှင်များနှင့် သက်ဆိုင်သော အချက်အလက်များ ၃၆
၄-၃-၂ မသန်စွမ်းဝန်ထမ်းများကို ခန့်အပ်မှု အခြေအနေအား ဆန်းစစ်ခြင်း ၃၈
၄.၃.၃ မသန်စွမ်းသူများ လုပ်ငန်းခွင်ဝင်ရောက်မှုအပေါ် သဘောထားအမြင် ၄၂
၄-၃-၄ မသန်စွမ်းသူများအလုပ်ခန့်ထားရေး ဝေပုံကျနှုန်းထားစနစ်အပေါ် သဘောထားအမြင် ၄၃

၄.၃.၅ မသန်စွမ်းသူများကို အလုပ်ခန့်ထားပါက စီးပွားရေးလုပ်ငန်းများအတွက် အကျိုးကျေးဇူးရရှိမှုအပေါ် သဘောထားအမြင် ၄၄
၄-၃-၆ လုပ်ငန်းခွင်တွင် မသန်စွမ်းသူများအတွက် အဆင်ပြေစေရန် ဆောင်ရွက်ထားမှု အခြေအနေ ၄၅
၄-၃-၇ စီးပွားရေး လုပ်ငန်းရှင်များ၏ မသန်စွမ်းမှုဆိုင်ရာ ဥပဒေမူဘောင်များကို သိရှိမှု အခြေအနေ ၄၇
၄-၃-၈ မြန်မာနိုင်ငံမသန်စွမ်းသူများအခွင့်အရေးဆိုင်ရာ အမျိုးသားကော်မတီနှင့် မြန်မာနိုင်ငံ မသန်စွမ်းသူများ အသင်းချုပ်ကို သိရှိမှု ၄၈
၄-၃-၉ စီးပွားရေးလုပ်ငန်းရှင်များ၏ သုံးသပ်ချက်များနှင့် အကြံပြုချက်များ ၄၉

၅။ နိဂုံး ၅၀
၆။ သုံးသပ်ချက်နှင့် အကြံပြုချက်များ ၅၂
ရည်ညွှန်းကိုးကားစာရင်း
နောက်ဆက်တွဲ ဇယားများ
စစ်တမ်းကောက်ယူခဲ့သည့် မေးခွန်းလွှာများ
မှုပိုင်ခွင့်

# ၁။ နိဒါန်း

မြန်မာနိုင်ငံသည် ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလ (၇) ရက်နေ့တွင် ကုလသမဂ္ဂ မသန်စွမ်းသူများ၏ အခွင့်အရေး ဆိုင်ရာ ကွန်ဗင်းရှင်း CRPD[1] ကို လက်မှတ်ရေးထိုး အတည်ပြုခဲ့သည်။ အာဆီယံ အသိုက်အဝန်းအတွင်း မသန်စွမ်းသူများ ပါဝင်မှုနှင့် မသန်စွမ်းသူများ၏ အခန်းကဏ္ဍ မြင့်မားရေးဆိုင်ရာ ဘာလီကြေငြာချက်၊ အာဆီယံမသန်စွမ်းသူများ ဆယ်စုနှစ် လုပ်ငန်းစဉ် (၂၀၁၁-၂၀၂၀)၊ အာရှ ပစိဖိတ်ဒေသ မသန်စွမ်းသူများဆိုင်ရာ တတိယ ဆယ်စုနှစ်လုပ်ငန်းစဉ် ဖြစ်သည့် အင်ချွန်းမဟာဗျူဟာ (၂၀၁၃-၂၀၂၂) ကဲ့သို့သော ဒေသတွင်းနှင့် နိုင်ငံတကာ ဥပဒေမူဘောင်များနှင့် လုပ်ငန်းအစီအစဉ်များကို လိုက်နာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

၂၀၁၄ ခုနှစ်၊ မတ်လတွင် ပြည်လုံးကျွတ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း[2]ကို ကောက်ယူခဲ့သည်။ အဆိုပါသန်းခေါင်စာရင်းလုပ်ငန်းစဉ်တွင် မသန်စွမ်းမှုကဏ္ဍကို ဝါရှင်တန်စံနှုန်းများအပေါ် အခြေခံလျက် ထည့်သွင်းကောက်ယူခဲ့ရာ မသန်စွမ်းသူများမှာ နိုင်ငံလူဦးရေ၏ ၄.၆% တနည်းအားဖြင့် ၂.၃ သန်း ကျော်ရှိကြောင်း ဖော်ထုတ်နိုင်ခဲ့သည်။ အဆိုပါမသန်စွမ်းသူများတွင် အမြင်အာရုံ မသန်စွမ်းသူ ၅၄.၁%၊ လမ်းလျှောက် အမြင့်တက် ပစ္စည်းကိုင်တွယ်ရာတွင် ခက်ခဲသူ ၄၁.၁%၊ သင်ယူလေ့လာခြင်း၊ မှတ်ဉာဏ်၊ အာရုံစူးစိုက်ခြင်း အခက် အခဲရှိသူ ၃၆.၂% နှင့် အကြားအာရုံ မသန်စွမ်းသူ ၂၉.၁% တို့ရှိသည်။ မသန်စွမ်းသူများ၏ စာတတ်မြောက်မှုနှုန်းမှာလည်း ၇၄.၈% သာ ရှိကြောင်းနှင့် မသန်စွမ်းမှု ပိုမိုပြင်းထန်လာသည်နှင့်အမျှ စာတတ်မြောက်မှုနှုန်း များစွာလျော့ကျသွားကြောင်း သိရသည်။

CRPD ပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်သည့် အနေဖြင့် ၂၀၁၅ ခုနှစ်၊ ဇွန်လတွင် မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေကို ပြည်ထောင်စုလွှတ်တော်က ဥပဒေအမှတ် ၃၀/၂၀၁၅[3] ဖြင့် ပြဋ္ဌာန်းခဲ့သည်။ အဆိုပါဥပဒေတွင် မသန်စွမ်းမှုကို "ချို့ယွင်းမှု တစ်ခုခုရှိသူသည် ပတ်ဝန်းကျင်၏ မမှန်ကန်သော သဘောထားအမြင်နှင့် ရုပ်ပိုင်းဆိုင်ရာ အတားအဆီးများ ကြုံတွေ့မှုကြောင့် အခြားသူများနည်းတူ လူမှုအသိုင်းအဝိုင်းအတွင်း အပြည့်အဝ တန်းတူပါဝင်ဆောင်ရွက်ခွင့် မရရှိခြင်းကို ဆိုလိုသည်" ဟု အဓိပ္ပါယ်ဖွင့်ဆိုထားသည်။

မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေ၏ အခန်း ၂၊ အပိုဒ် ၃ ပါ ရည်ရွယ်ချက်နှင့်အညီ ၂၀၁၆ ခုနှစ်တွင် မြန်မာနိုင်ငံ မသန်စွမ်းသူများ ဖွံ့ဖြိုးတိုးတက်ရေး အမျိုးသားအဆင့် မဟာဗျူဟာ (၂၀၁၆-၂၀၂၅) ကို ရေးဆွဲထုတ်ပြန်ခဲ့သည်။ ဆက်လက်၍ ပြည်ထောင်စုအစိုးရအဖွဲ့သည် မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေပါ ပြဋ္ဌာန်းချက်များကို ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန်အတွက် လိုအပ်သည့် လမ်းညွှန်မှု၊ စီမံခန့်ခွဲမှုနှင့် ကြီးကြပ်ကွပ်ကဲမှုများ ပြုလုပ်နိုင်ရန် ရည်ရွယ်ကာ မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာ အမျိုးသားကော်မတီကို ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ[4] တွင် စတင်ဖွဲ့စည်းခဲ့သည်။ ထို့နောက် မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာနည်းဥပဒေများကို ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလတွင် ထုတ်ပြန်ခဲ့သည်။

၂၀၁၆ ခုနှစ်၊ ဇွန်လတွင် ထုတ်ဝေခဲ့သော မြန်မာနိုင်ငံရှိ မသန်စွမ်းမှု အကြောင်း၊ ခေတ်ပြိုင်သုတေသန အစီရင်ခံစာတွင် နိုင်ငံတော်အဆင့်စစ်တမ်းများအရ မသန်စွမ်းသူ ၈၅% မှာ အလုပ်လက်မဲ့ဖြစ်နေပြီး မသန်စွမ်းသူများ အလုပ်အကိုင် ရရှိမှုသည် မသန်စွမ်းသူများရှိသည့် အိမ်ထောင်စုများအကြား ဆင်းရဲနွမ်းပါးမှုနှင့် အန္တရယ်ကျရောက်နိုင်မှု လျော့ချရာတွင် လွှမ်းမိုးမှု အရှိဆုံး အချက်ဖြစ်ကြောင်း ဖော်ပြထားသည်။ OECD[5] အဖွဲ့ဝင်နိုင်ငံများအကြား လေ့လာချက်များအရ အလုပ်သမား ဈေးကွက်တွင် မသန်စွမ်းသူများ ပါဝင်မှုနည်းပါးခြင်း သို့မဟုတ် မရှိခြင်းနှင့် ဆက်စပ်သည့် GDP ဆုံးရှုံးမှုမှာ ၆.၇% မှ ၈.၇% အထိ ရှိသည်ဟု ခန့်မှန်းထားသည်။ မသန်စွမ်းသူများအတွက် အသက်မွေးဝမ်းကျောင်းနှင့် အလုပ်အကိုင် အခွင့်အလမ်းများသည် CRPD တွင် အရေးပေးဖော်ပြခံရပြီး မသန်စွမ်းသူများ၏ တန်းတူညီမျှမှုမရှိခြင်းကို လျော့ချနိုင်ရန် အထိရောက်ဆုံး နည်းလမ်းတစ်ခုလည်း ဖြစ်သည်။ အမှန်တကယ် ဆင်းရဲနွမ်းပါးမှုနှုန်းသည် မသန်စွမ်းသူများကြားတွင် နှစ်ဆမျှ ပိုမိုမြင့်မားပြီး အလုပ်အကိုင်ရရှိမှုနှုန်း မှာလည်း မသန်စွမ်းမဟုတ်သူများထက် ထက်ဝက်မျှသာရှိသည်။ မသန်စွမ်းသူများ၏ ၈၅%

---

[1] https://www.un.org/development/desa/disabilities/convention-on-the-rights-of-persons-with-disabilities.html

[2] https://myanmar.unfpa.org/en/publications/2014-population-and-housing-census-myanmar-data-sheet

[3] https://www.pyithuhluttaw.gov.mm/sites/default/files/2017-07/30.2015.pdf

[4] http://www.moi.gov.mm/ppd/?q=book/bid-5554

[5] Organization for Economic Coorperation and Development

အလုပ်အကိုင် မရရှိမှုအပေါ် အခြေခံ ပြီး ILO မှ သတ်မှတ်ထားသည့် ပုံသေနည်းများဖြင့် တွက်ချက်ကြည့်လျှင် မသန်စွမ်းသူများကို လုပ်ငန်းခွင်များမှ ပယ်ထားခြင်း ကြောင့် နိုင်ငံ၏ GDP ဆုံးရှုံးမှု တန်ဘိုးမှာ ဒေါ်လာ ၁.၂ ဘီလီယံ ဝန်းကျင် ရှိနေသည်။[6]

ထို့ကြောင့် အလုပ်လုပ်ကိုင်နိုင်သော အခြေအနေရှိသည့် မသန်စွမ်းသူများအတွက် အလုပ်အကိုင် အခွင့်အလမ်းများ ဖော်ဆောင်ပေးရန် အရေးတကြီး လိုအပ်လျက်ရှိသည်။ မသန်စွမ်းသူများ အလုပ်အကိုင်အခွင့်အလမ်း ရရှိရေးအတွက် ဘာလီ ကြေငြာချက်တွင် ပါဝင်သည့် ဦးစားပေး ကဏ္ဍ (၃) ၌ အလုပ်အကိုင် နေရာချထားရေးနှင့် သင့်လျော်သော အလုပ်အကိုင်ကို ထည့်သွင်းထားသည်။ အင်ချွန်းမဟာဗျူဟာ၏ ပန်းတိုင် (၁) တွင်လည်း မသန်စွမ်းသူများအတွက် ဆင်းရဲနွမ်းပါးမှု လျော့ချရေး၊ လုပ်ငန်းနှင့် အလုပ်အကိုင် အခွင့်အလမ်းများ မြှင့်တင်ရေးတို့အတွက် ရည်မှန်းချက်ချက် (၃) ခု ချမှတ်ခဲ့ပြီး ရည်မှန်းချက် (၂) တွင် အလုပ်လုပ်နိုင်သော အသက်အရွယ်ရှိသည့် မသန်စွမ်းသူများအတွက် လုပ်ငန်းနှင့် အလုပ်အကိုင် အခွင့်အလမ်းများ မြှင့်တင်ပေးရေး၊ ရည်မှန်းချက် (၃) တွင် အစိုးရမှ ထောက်ပံ့ပေးထားသည့် သက်မွေးပညာသင်တန်းများနှင့် အလုပ်အကိုင် အခွင့်အလမ်း ပံ့ပိုးပေးရေး အစီအစဉ်များတွင် မသန်စွမ်းသူများ ပါဝင်မှု တိုးပွားလာစေရေးတို့ကို ပြဌာန်းထားသည်။ ၂၀၁၅ ခုနှစ် တွင် ကုလသမဂ္ဂက ပြဌာန်းခဲ့သည့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးပန်းတိုင်များ၏ ပန်းတိုင် (၈)တွင် သင့်တင့် လျောက်ပတ်သော အလုပ်အကိုင်နှင့် စီးပွားရေး ဖွံ့ဖြိုးမှု ရရှိရေးကိုလည်း ဖော်ပြထားသည်။

၂၀၁၅ ခုနှစ်တွင် ပြဌာန်းခဲ့သည့် မသန်စွမ်းသူများ၏ အခွင့်အရေး ဥပဒေ ပုဒ်မ ၃၅ တွင်လည်းကောင်း၊ နည်းဥပဒေ ပုဒ်မ ၃၁ တွင်လည်းကောင်း၊ မသန်စွမ်းသူများ အလုပ်အကိုင်အခွင့်အလမ်း တိုးတက်ရရှိရေးအတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ရန် အမျိုးသားကော်မတီသို့ လုပ်ပိုင်ခွင့်များ အပ်နှင်းခဲ့သည်။

မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်း (၂၀၁၈-၂၀၃၀) ၏ မဏ္ဍိုင် (၂)၊ ပန်းတိုင် (၃) အလုပ်အကိုင်ဖန်တီးရေးနှင့် ပုဂ္ဂလိက ကဏ္ဍဦးဆောင်သည့် ဖွံ့ဖြိုးရေး တွင်လည်းကောင်း၊ မဏ္ဍိုင် (၃)၊ ပန်းတိုင် (၄) ၂၁ ရာစုလူ့အဖွဲ့အစည်းအတွက် လူ့စွမ်းအားအရင်းအမြစ်များနှင့် လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးတွင် လည်းကောင်း၊ မသန်စွမ်းသူများ၏ အလုပ်အကိုင်အခွင့်အလမ်း တိုးမြှင့်ဖော်ဆောင်ရေးကို ပေါင်းစပ်ထည့်သွင်းနိုင်သည့် လမ်းကြောင်းများကို ထည့်သွင်းထားသည်။

မသန်စွမ်းသူများ အတွက် အလုပ်အကိုင် အခွင့်အလမ်းများ ဖော်ဆောင်ပေးရန် အဓိက တာဝန်ရှိသည့် မသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာ အမျိုးသားကော်မတီနှင့် မူဝါဒချမှတ်သူများ၊ ဆက်စပ်ဝန်ကြီးဌာနများသို့ မူဝါဒချမှတ်ရေးနှင့် ပြုပြင် ပြောင်းလဲရေးဆိုင်ရာ စည်းရုံးလှုံ့ဆော်မှုများ မဆောင်ရွက်မီ မသန်စွမ်းသူများ၏ အလုပ်အကိုင် အခွင့်အလမ်းများဆိုင်ရာ သုတေသန စစ်တမ်းတစ်ရပ် ကောက်ယူလျက် အထောက်အထားများ ပြုစုရန်လိုအပ်သည်။ ဤသုတေသန စစ်တမ်းသည် မသန်စွမ်းသူများ၏ အလုပ်အကိုင်ရရှိမှု မြှင့်တင်ရေးအတွက် လိုအပ်နေသော ကဏ္ဍများဖြစ်သည့် ပညာရေး အခြေအနေ၊ သက်မွေးပညာ တတ်မြောက်ကျွမ်းကျင်မှု၊ နိုင်ငံသားဖြစ်မှုဆိုင်ရာ အထောက်အထားများ၊ အလုပ်အကိုင် အခွင့်အလမ်း အတွက် သတင်းအချက်အလက်များ ရရှိမှု၊ ၄င်းတို့နှင့် သင့်လျော်သည့် လုပ်ငန်း အမျိုးအစားများ၊ လုပ်ငန်းခွင် အတွင်း စီစဉ်ပေးမှုများ၊ မသန်စွမ်းသူ အခွင့်အရေးများဆိုင်ရာ ဥပဒေမူဘောင်များကို သိရှိ နားလည်မှု၊ မသန်စွမ်း အဖွဲ့အစည်းများ၊ မသန်စွမ်းအသင်းချုပ် နှင့် အမျိုးသားကော်မတီတို့ကို သိရှိမှု၊ ဝန်ဆောင်မှုများ ပံ့ပိုးပေးနေသော အဖွဲ့အစည်းများအကြောင်း စသည်တို့ကို မေးခွန်းများ မေးမြန်းလျက် အချက်အလက်များ ဖော်ထုတ်နိုင်ခဲ့သည်။

ရန်ကုန်နှင့် မန္တလေးကဲ့သို့သော မြို့ကြီးများနှင့် အခြား တိုင်းဒေသကြီး/ ပြည်နယ်များရှိ မြို့နယ်များတွင် မသန်စွမ်းသူများကို ဝန်ဆောင်မှုများ ပံ့ပိုးပေးနေသည့် အခြေအနေ ကွာဟချက်များသည် မသန်စွမ်းသူများအတွက် အလုပ်အကိုင် ရရှိရေး ကဏ္ဍကို စိန်ခေါ်မှုများ ဖြစ်စေသည်။ မသန်စွမ်းသူများအတွက် ရည်ရွယ်ဖွင့်လှစ်ထားသည့် အထူးကျောင်းများနှင့် သက်မွေးသင်တန်းကျောင်းများမှာ ရန်ကုန် နှင့် မန္တလေးတို့တွင်သာ အများစု တည်ရှိနေခြင်းက မသန်စွမ်းသူများ၏ အလုပ်အကိုင် ရရှိရေး အတွက် အဓိကလိုအပ်နေသည့် ကျွမ်းကျင်မှု အတတ်ပညာများကို နေရာဒေသမရွေး ရယူနိုင်ရန် အခက်အခဲဖြစ်စေသည်။ လမ်းပန်းဆက်သွယ်ရေးနှင့် နေရာအနေအထားအရ မြို့ပြများတွင်သာ စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်မှု များပြားနေခြင်းက ကျေးလက်ဒေသမှ မသန်စွမ်းသူများ၏ အလုပ်အကိုင် အခွင့်အလမ်း ဖော်ဆောင်ရေးကို စိန်ခေါ်လျက်ရှိသည်။

[6] U Myint – 2012

၂၀၁၅ ခုနှစ်တွင် အတည်ပြုခဲ့သော မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေ ပုဒ်မ ၂၊ ပုဒ်မခွဲ ည ပါ ပြဋ္ဌာန်းချက်အရ မသန်စွမ်းသူ အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များနှင့် မသန်စွမ်းသူအသင်းအဖွဲ့များမှ အဖွဲ့ဝင်မဟုတ်သည့် မသန်စွမ်းသူ ကိုယ်စားလှယ်များ ပါဝင်ဖွဲ့စည်းသည့် မြန်မာနိုင်ငံမသန်စွမ်းသူများ အသင်းချုပ် ကို ၂၀၁၆ ခုနှစ်၊ မတ်လ တွင် အမှုဆောင် အဖွဲ့ဝင် ၂၁ ဦးဖြင့် ဖွဲ့စည်းခဲ့သည်။ နိုင်ငံအတွင်းရှိ မသန်စွမ်းသူများအတွက် ဦးတည်လုပ်ဆောင်လျက်ရှိသည့် မြန်မာနိုင်ငံ မသန်စွမ်းသူများ အသင်းချုပ်၏ လုပ်ငန်းများအနက်မှ တစ်ခုဖြစ်သည့် မသန်စွမ်းသူများ၏ အလုပ်အကိုင် အခွင့်အလမ်းဆိုင်ရာ သုတေသနစစ်တမ်းကောက်ယူရေးကို ဆောင်ရွက်ရန် မသန်စွမ်းအဖွဲ့အစည်းများသို့ စီမံချက်အဆိုပြုလွှာ ဖိတ်ခေါ်ခဲ့ပြီး မြန်မာနိုင်ငံနားမကြားသူများ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ကို ရွေးချယ်ခဲ့သည်။ သုတေသန စစ်တမ်းကောက်ယူရေး စီမံချက်ကို

၂၀၁၈ ခုနှစ်၊ဒီဇင်ဘာလတွင် စတင်ခဲ့ပြီး ၂၀၁၉ ခုနှစ်၊ဧပြီလတွင် လုပ်ငန်းဆောင်ရွက်မှုများ ပြီးဆုံးခဲ့ပါသည်။စီမံကိန်း ကို တိုင်းဒေသကြီးနှင့် ပြည်နယ် (၁၀) ခုရှိ မြို့နယ် (၂၀) တွင် ဆောင်ရွက်သွားရန် ၂၀၁၄ ခုနှစ်၊ လူဦးရေ နှင့် အိမ်အကြောင်း အရာပါ သန်းခေါင်စာရင်းစစ်တမ်းကို အခြေခံလျက် ရွေးချယ်ခဲ့သည်။ ထို့နောက် သုတေသနအဖွဲ့ဝင်များ၊ ကျွမ်းကျင်ပညာရှင် များ၊ မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ်မှ အမှုဆောင်အဖွဲ့ဝင်များ တွေ့ဆုံလျက် ဆွေးနွေးညှိနှိုင်းကာ ဆောင်ရွက်မည့် လုပ်ငန်းစဉ်များချမှတ်ခြင်း၊ စစ်တမ်းကောက်ယူမည့် ကွင်းဆင်းသုတေသနဝန်ထမ်းများ ရွေးချယ်ခြင်း၊ လေ့ကျင့်သင်တန်းပေးခြင်း နှင့် ဦးတည်ဒေသအတွင်းရှိ အဖွဲ့အစည်းများနှင့် ညှိနှိုင်းချိတ်ဆက်ခြင်း၊ ကောက်ယူမည့် စစ်တမ်းမေးခွန်းလွှာများ ပြင်ဆင်ခြင်း၊ လက်တွေ့စစ်တမ်းကောက်ယူခြင်း စသည့် လုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်။

# ၂။ သုတေသန ဒီဇိုင်းနှင့် လေ့လာမှုနယ်ပယ်များ

## ၂-၁။ သုတေသန ပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်များ

- မြန်မာနိုင်ငံအတွင်းရှိ မသန်စွမ်းသူများကြုံတွေ့နေရသော အလုပ်အကိုင်ရှာဖွေရာတွင် ခွဲခြားဆက်ဆံခံရမှုများ၊ အတားအဆီးများနှင့် အကျုံးဝင်ပါဝင်နိုင်ရေးအတွက် လိုအပ်ချက်များကို လေ့လာဆန်းစစ်နိုင်ရန်၊
- မသန်စွမ်းသူများ၏ အတွေ့အကြုံအခြေပြု သုတေသနစစ်တမ်းများ ကောက်ယူခြင်းဖြင့် ခိုင်မာသော သက်သေအထောက်အထားများ ထွက်ပေါ်လာစေရန်၊
- မသန်စွမ်းသူများ ကြုံတွေ့နေရသည့်အလုပ်အကိုင်အခွင့်အလမ်းဆိုင်ရာ အခက်အခဲများအတွက် အကြံပြုချက်များ ဖော်ထုတ်နိုင်ခြင်းဖြင့် နောင်ပြုလုပ်မည့် မြန်မာနိုင်ငံ မသန်စွမ်းသူများအသင်းချုပ်၏ စည်းရုံး လှုံ့ဆော်မှု လုပ်ငန်းစဉ်များ ကို ပိုမို အထောက်အကူပေးနိုင်စေရန်၊
- ကောက်ယူရရှိသော အလုပ်အကိုင် အခွင့်အလမ်းနှင့်ပတ်သက်သည့် သုတေသနစစ်တမ်းများကို အခြေခံလျက် အစိုးရ အပါအဝင် လုပ်ငန်းနယ်ပယ်အသီးသီး၌ မသန်စွမ်းသူများ အလုပ်အကိုင်ရရှိရေးနှင့် ပတ်သက်ပြီး သက်သေအထောက်အထားများနှင့်တကွ တင်ပြဆွေးနွေး ခြင်းပြုလုပ်နိုင်ရန်။

## ၂-၂။ သုတေသန ဒီဇိုင်း

**ဦးတည်အုပ်စု အမျိုးအစား၊ အရေအတွက်**

- ၂၀၁၄ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းပေါ်အခြေခံကာ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် မသန်စွမ်းဦးရေ ရာခိုင်နှုန်း အများဆုံးရှိသည့် တိုင်းဒေသကြီးနှင့် ပြည်နယ် (၁၀) ခုကို ရွေးချယ်ခဲ့ပါသည်။ (နောက်ဆက်တွဲ - က)
- ထို့နောက် အဆိုပါတိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် မသန်စွမ်းသူ ရာခိုင်နှုန်း အများဆုံး ရှိသည့် ခရိုင်များကို ထပ်မံ ရွေးချယ်ကာ အဆိုပါခရိုင်များ၏ မသန်စွမ်းဦးရေအပေါ် မူတည်လျက် စစ်တမ်းကောက်ယူမည့် အရေအတွက်ကို တွက်ချက်ထားပါသည်။ (နောက်ဆက်တွဲ - ခ)
- သုတေသနတွင် စစ်တမ်းကောက်ယူရန် မသန်စွမ်းသူများ၊ ၎င်းတို့၏ မိဘအုပ်ထိန်းသူများ၊ လုပ်ငန်းရှင်များ ဟူ၍ ဦးတည်အုပ်စု (၃) မျိုး ခွဲခြားသတ်မှတ်လျက် အောက်ပါအရေအတွက် အတိုင်း စစ်တမ်းများကောက်ယူခဲ့သည်။
    - (၁) မသန်စွမ်းသူ - ၂၄၀၀ ဦး
    - (၂) မသန်စွမ်း မိဘ/ အုပ်ထိန်းသူ - ၅၀၀ ဦး
    - (၃) လုပ်ငန်းရှင်/ လုပ်ငန်းတာဝန်ရှိသူ - ၂၀၀ ဦး
    - (ကောက်ယူမည့် ဦးရေ စုစုပေါင်း - ၃၁၀၀ ဦး)
- ဦးတည်အုပ်စု (၁) တွင် မသန်စွမ်းမှုအမျိုးအစားအလိုက် အချိုးကျ ကောက်ယူခဲ့သည့် စာရင်းများမှာ အောက်ပါတိုင်း ဖြစ်သည် -
    - ကိုယ်အင်္ဂါ မသန်စွမ်းသူ (၆၃%) - ၁၅၁၅ ဦး
    - အမြင်အာရုံမသန်စွမ်းသူ (၈%) - ၁၉၇ ဦး
    - အကြားအာရုံမသန်စွမ်းသူ (၁၁%) - ၂၅၃ ဦး
    - ဉာဏ်ရည်မသန်စွမ်းသူ (၁၀%) - ၂၄၂ ဦး
    - မသန်စွမ်းမှု တစ်မျိုးထက်ပိုသူ (၇%) - ၁၆၂ ဦး
    - မသန်စွမ်းမှု မခွဲခြားနိုင်သူ (၁%) - ၃၁ ဦး
    - (မသန်စွမ်းသူ စုစုပေါင်း - ၂၄၀၀ ဦး)

(မှတ်ချက် - စစ်တမ်းကောက်ယူမည့် အချိုးအစားများကို မသန်စွမ်းသူများ၏ အလုပ်အကိုင် အခွင့်အလမ်းရရှိနိုင်မှု အခြေအနေပေါ် မူတည်လျက် မြန်မာနိုင်ငံ မသန်စွမ်းသူများ အသင်းချုပ်နှင့် ညှိနှိုင်းသတ်မှတ်ခဲ့ခြင်းဖြစ်ပြီး လက်တွေ့စစ်တမ်း ကောက်ယူသည့်အချိန် တွင် မမျှော်မှန်းနိုင်သော အခြေအနေများကြောင့် ကိုယ်အင်္ဂါ မသန်စွမ်းသူ ပိုမိုများပြားခဲ့ပြီး အခြားသော မသန်စွမ်းအမျိုးအစားများမှာ အချိုးအစား လျော့နည်းခဲ့သည်။)

- ဦးတည်အုပ်စု (၁) တွင် သတ်မှတ်ဧရိယာ၌ နေထိုင်သည့် အသက် ၁၈ နှစ်မှ ၆၀ နှစ် အတွင်း အလုပ်လုပ်နိုင်သော အသက် အရွယ်ရှိသည့် မသန်စွမ်းသူများကို ရွေးချယ်ကာ ၎င်းတို့၏ မသန်စွမ်းမှု အမျိုးအစား၊ အခြေအနေ၊ အသုံးပြုသည့် အထောက်အကူပစ္စည်းများ၊ ပညာရေးအခြေအနေ၊ သက်မွေးပညာ တတ်မြောက်မှု၊ နိုင်ငံသား စိစစ်ရေး ကဒ် နှင့် အလုပ်သမားမှတ်ပုံတင်ကဒ်များ ရရှိမှု အခြေအနေ၊ အလုပ်အကိုင်အခွင့်အလမ်းနှင့် ပတ်သက်သော သတင်း အချက်အလက်များ ရရှိမှု၊ အလုပ်အကိုင်ရရှိမှုအခြေအနေ၊ အလုပ်လက်မဲ့နှုန်း၊ လုပ်ငန်းအမျိုးအစားများ၊ လုပ်ငန်းခွင် စီစဉ်ပေးမှုများ၊ မိသားစုအခြေအနေ၊ အိမ်ယာပိုင်ဆိုင်မှု၊ မသန်စွမ်းမှုဆိုင်ရာ ဥပဒေမူဘောင်များကို သိရှိနားလည်မှု၊ မသန်စွမ်းအဖွဲ့အစည်းများ၊ မြန်မာနိုင်ငံမသန်စွမ်းသူများ အသင်းချုပ်နှင့် အမျိုးသားကော်မတီတို့ကို သိရှိမှု၊ အလုပ်အကိုင် အခွင့်အလမ်းအတွက် ဝန်ဆောင်မှုပေးနေသည့် အဖွဲ့အစည်းများ၊ လုပ်ငန်းခွင်နှင့် ပတ်သက်သည့် ခံစားချက်များနှင့် အတွေ့အကြုံများစသည့် အချက်အလက်များကို ဖော်ထုတ်ရန် ပုံစံချကာ မေးမြန်း ခဲ့ပါသည်။
- ဦးတည်အုပ်စု (၂) တွင် စစ်တမ်းများကို ကိုယ်တိုင်ဖြေကြားရန် အခက်အခဲရှိသည့် မသန်စွမ်းသူများ ကိုယ်စား ၎င်းတို့၏ မိဘ/ အုပ်ထိန်းသူများကို ၎င်းတို့၏ တော်စပ်ပုံ၊ မသန်စွမ်းအဖွဲ့အစည်းများနှင့် အရပ်ဖက် လူမှုအဖွဲ့အစည်းများတွင် ပါဝင်မှု၊ အလုပ်အကိုင်အခွင့်အလမ်းဆိုင်ရာ သတင်းအချက်အလက်များအား သိရှိမှု၊ မိသားစုဝင် မသန်စွမ်းသူ၏ လုပ်ငန်းခွင်ဝင်ရောက်မှုအပေါ် သဘောထား၊ လုပ်ကိုင်စေလိုသည့် အလုပ်အမျိုးအစားများ၊ မသန်စွမ်းမှုဆိုင်ရာ ဥပဒေ မူဘောင်များကို နားလည်သိရှိမှု၊ မသန်စွမ်းအဖွဲ့အစည်းများနှင့် အသင်းချုပ်၊ အမျိုးသားကော်မတီတို့ကို သိရှိမှု နှင့် မသန်စွမ်းသူများအား အလုပ်အကိုင်ရရှိရေး ဝန်ဆောင်မှုပေးနေသည့် အဖွဲ့အစည်းများအကြောင်း စသည်တို့ကို ဖော်ထုတ် မေးမြန်းခဲ့ပါသည်။
- ဦးတည်အုပ်စု (၃) တွင် မသန်စွမ်းသူများကို အလုပ်အကိုင်ခန့်ထားပေးနိုင်သည့် လုပ်ငန်းရှင်များကို ဦးတည်လျက် မေးခွန်းများ မေးမြန်းခဲ့သည်။ အဆိုပါမေးခွန်းများတွင် လုပ်ငန်းအမျိုးအစားနှင့် ဖြေကြားသူ၏ ရာထူးတာဝန်၊ လုပ်ငန်း အမည်များနှင့် ဝန်ထမ်းအရေအတွက်၊ မသန်စွမ်းသူများကို အလုပ်ခန့်ထားမှုအခြေအနေ၊ မသန်စွမ်းသူများအား အလုပ် ခန့်ထားရန် အခက်အခဲများ၊ မသန်စွမ်းသူများ၏ အလုပ်အကိုင် အခွင့်အလမ်းအပေါ် အမြင်သဘောထား၊ အကယ်၍ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီက ဝေပုံကျ ခွဲတမ်းစနစ် ပြဌာန်းခဲ့ပါက မည်ကဲ့သို့ သဘောထားမည်၊ မိမိတို့လုပ်ငန်းအတွက် အကျိုးကျေးဇူး ရှိမရှိ၊ ဝန်ထမ်းရေးရာ မူဝါဒ များ မှာ မသန်စွမ်း အကျုံးဝင်မှု Inclusion ဖြစ်မဖြစ်၊ လုပ်ငန်းခွင်အတွင်း မသန်စွမ်းမှုဆိုင်ရာ အသိအမြင်ဖွင့် အစီအစဉ်များ ရှိမရှိ၊ အဆင်ပြေသင့်လျော်သော လုပ်ငန်းခွင်ဖြစ်စေရေးအတွက် စီစဉ်ဆောင်ရွက်ပေးမှု ရှိမရှိ၊ မသန်စွမ်းမှုဆိုင်ရာ ဥပဒေ မူဘောင်များကို သိရှိမှု၊ မသန်စွမ်းသူများ အသင်းချုပ်နှင့် အမျိုးသားကော်မတီတို့ကို သိရှိမှု၊ ဝန်ဆောင်မှုများ ပံ့ပိုးပေးနေသော အဖွဲ့အစည်းများအကြောင်း စသည်တို့ကို ဖော်ထုတ်မေးမြန်းခဲ့ပါသည်။
- အဆိုပါ သုတေသနမေးခွန်းများကို နောက်ဆက်တွဲတွင် ဖော်ပြထားသည့် စစ်တမ်းကောက်ယူခဲ့သည့် မေးခွန်းလွှာများ တွင် လေ့လာဖတ်ရှုနိုင်ပါသည်။

## သုတေသနစစ်တမ်း ကွင်းဆင်းကောက်ယူခြင်း လုပ်ငန်းစဉ် အဆင့်ဆင့်

ကွင်းဆင်းကောက်ယူသည့် လုပ်ငန်းစဉ်များကို အောက်ပါ အဆင့်များ အတိုင်း ဆောင်ရွက်ခဲ့သည် -

၁။ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် အစိုးရထံသို့ မြန်မာနိုင်ငံ မသန်စွမ်းသူများ အသင်းချုပ်မှ စစ်တမ်း ကောက်ယူခြင်း လုပ်ငန်း အတွက် ခွင့်ပြုချက် ရယူခြင်း/ အကြောင်းကြားခြင်း။ (တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများထံသို့ တိုက်ရိုက်စာတင်ပြီး လူမှုရေးဝန်ကြီး၊ လူမှုဝန်ထမ်းဦးစီးဌာနနှင့် သက်ဆိုင်ရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးသို့ မိတ္တူများ ပေးပို့ကာ အကြောင်း ကြားခြင်း။)

၂။ ရွေးချယ်ထားသော မြို့နယ်များ၏ မသန်စွမ်းသူများစာရင်းကို ဦးစွာပြုစုခြင်း၊

၃။ သာမန် ကျပန်းနမူနာကောက်ယူနည်း Simple Random Sampling (SRS) နည်းလမ်းကို အသုံးပြုလျက် စစ်တမ်း ကောက်ယူခြင်း။

## လုပ်ဆောင်ခဲ့သည့် ပုံစံ

- အဆိုပါ စာရင်းတွင်ပါရှိသော မသန်စွမ်းသူများကို သာမန်ကျပန်းနမူနာကောက်ယူနည်းဖြင့် ရွေးချယ်ကာ ကုတ်နံပတ်တပ်၍ စစ်တမ်း ကောက်ယူမည့် မသန်စွမ်းသူများ စာရင်းကိုပြုစုခဲ့ပါသည်။
- ရွေးချယ်ထားသည့် နမူနာစာရင်းအတိုင်း သတ်မှတ် မသန်စွမ်းသူဦးရေ ပြည့်သည်အထိ စစ်တမ်း ကောက်ယူခဲ့ပါသည်။
- မသန်စွမ်းသူများကို စစ်တမ်းကောက်ယူရာတွင် ကုတ်နံပါတ် (Code Number) ထည့်သွင်းသတ်မှတ်၍ ကောက်ယူခဲ့သည်။

## လေ့လာခဲ့သည့် နည်းလမ်း

သုတေသနတွင် စစ်တမ်းကောက်ယူရရှိထားသော ကိန်းဂဏန်းအချက်အလက်များကို ဇယားများ၊ ပုံများဖြင့် သရုပ်ဖော် လေ့လာသော နည်းလမ်း (Descriptive Statistics) ကိုအသုံးပြု၍ လေ့လာထားပါသည်။ လိုအပ်သည့် အချက်အလက်များကို မသန်စွမ်းသူများ၊ ၄င်းတို့၏ မိဘ/ အုပ်ထိန်းသူများ၊ လုပ်ငန်းရှင်များကို သတ်မှတ်ပုံစံချထားသည့် မေးခွန်းများ အသုံးပြုကာ မေးမြန်းခဲ့သည်။ မြန်မာနိုင်ငံ မသန်စွမ်းသူများ အသင်းချုပ်နှင့် တိုင်ပင်ညှိနှိုင်းလျက် သတ်မှတ်ဒေသများနှင့် အနီးဆုံးတွင် နေထိုင်သည့် မသန်စွမ်း အဖွဲ့အစည်းများမှ အဖွဲ့ဝင် (၂၁) ဦးကို စစ်တမ်းကောက်ယူမည့်သူများအဖြစ် ဦးစားပေး ရွေးချယ်ခဲ့သည်။ ထို့နောက် စစ်တမ်း ကောက်ယူရေးဆိုင်ရာ သင်တန်းတစ်ရပ်ကို (၂၁-၁၂-၂၀၁၈) ရက်နေ့တွင် ရန်ကုန်မြို့ရှိ ပန်ဒါဟိုတယ်၌ ပြုလုပ်ခဲ့ပြီး Dr. ခင်မေသန်း၊ (ပါမောက္ခ/ ဌာနမှူး (ငြိမ်း)၊ စာရင်းအင်းပညာဌာန၊ ရန်ကုန်စီးပွားရေး တက္ကသိုလ်၊ တွဲဖက်ကျောင်းအုပ်ကြီး၊ ဘဏ်သင်တန်းကျောင်း၊ မြဝတီဘဏ်လီမီတက်) က စာရင်းအင်းပညာ၊ သုတေသန စစ်တမ်းများ ကောက်ယူခြင်းဆိုင်ရာ နည်းလမ်းများနှင့် စပ်လျဉ်း၍ သင်ကြားပို့ချပေးခဲ့သည်။ ထို့နောက် သင်တန်း ဒုတိယမြောက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီးရှိ လှိုင်သာယာနှင့် ရွှေပြည်သာ မြို့နယ်များသို့ လက်တွေ့ကွင်းဆင်းကာ မသန်စွမ်းသူများ၊ မိဘ/ အုပ်ထိန်းသူများ နှင့် လုပ်ငန်းရှင်များကို နမူနာ စစ်တမ်းကောက်ယူမှုများ ဆောင်ရွက်စေခဲ့ပါသည်။ ထိုသို့ နမူနာ ကောက်ယူရာတွင် ကြုံတွေ့ခဲ့ ရသော အခက်အခဲများ၊ စိန်ခေါ်မှုများနှင့် စစ်တမ်းမေးခွန်းပါ အချက်အလက်များကို ပြန်လည်သုံးသပ်လျက် ပိုမိုကောင်းမွန်စေရန် မွမ်းမံပြင်ဆင်မှုများ ဆောင်ရွက်ခဲ့သည်။

၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ နှင့် ဖေဖော်ဝါရီလများတွင် သတ်မှတ်ထားသည့် ဒေသများ၌ ကြီးကြပ်သူများ လိုက်ပါလျက် သင်တန်းဆင်း မသန်စွမ်းသူများနှင့်အတူ စစ်တမ်းများ ကောက်ယူခဲ့ပါသည်။ ကွင်းဆင်း သုတေသန အဖွဲ့သည် တိုင်းဒေသကြီး နှင့် ပြည်နယ် (၁၀) ခုရှိ မြို့နယ် (၂၀) မြို့သို့ သွားရောက်လျက် မသန်စွမ်းသူ (၂၄၀၀) ဦး၊ မသန်စွမ်းမိဘနှင့် အုပ်ထိန်းသူ (၅၀၀) ဦး နှင့် လုပ်ငန်းရှင် (၂၀၀) ဦးတို့ကို တွေ့ဆုံ မေးမြန်းကာ အချက်အလက်များကို စစ်တမ်းကောက်ယူခဲ့ပါသည်။

အမှတ် ( ၁၀ ) ရပ်ကွက် အုပ်ချုပ်ရေးမှူး ရုံး
အမှတ် ( ၁၀ ) ရပ်ကွက် ၊ ရွှေပြည်သာ မြို့နယ်
စာအမှတ်၊ ၁၀ / ၃ – ၅ / ရ က အ ( ရပသ )
ရက်စွဲ၊ ၂၀၂ ခုနှစ်၊ လ ( )ရက်

သို့

သက်ဆိုင်ရာ

အကြောင်းအရာ။ ။ **ထောက်ခံချက်ပေးပို့ခြင်း။**

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြောက်ပိုင်းခရိုင်၊ ရွှေပြည်သာမြို့နယ်၊ အမှတ် (၁၀)ရပ်ကွက် ____________လမ်း၊ အိမ်အမှတ် ( )တွင် နေထိုင်သော (ဘ) ဦး____________ ၏ သား/သမီးဖြစ်သူ နိုင်ငံသားစိစစ်ရေးကဒ်ပြားအမှတ် ____________ ကိုင်ဆောင်သူ ~~ဦး~~/ဒေါ်____________သည်____________

____________

အတွက် ထောက်ခံစာပေးနိုင်ပါရန် လျှောက်ထားလာသဖြင့် ဤရပ်ကွက်အပြင်း ပုံစံ (၆၆/၆)၊ ဧည့်စာရင်းဖြင့် အမှန်တကယ်နေထိုင်ကြောင်း ထောက်ခံချက် ပေးပို့အပ်ပါသည်။

မှတ်ချက်။ ____________

____________

အုပ်ချုပ်ရေးမှူး
အမှတ်(၁၀)ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး
ရွှေပြည်သာမြို့နယ်

## ၂-၃။ လေ့လာမှုနယ်ပယ်

- ဤသုတေသနတွင် အချိန်ကာလနှင့် ဘတ်ဂျက်အကန့်အသတ်များကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ် (၁၀) ခုတွင်သာ စစ်တမ်းများ ကောက်ယူနိုင်ခဲ့ပြီး ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ကယားပြည်နယ်၊ တနင်္သာရီတိုင်းနှင့် နေပြည်တော် ပြည်ထောင်စုနယ်မြေတို့ကို ထည့်သွင်းကောက်ယူနိုင်ခြင်းမရှိခဲ့ပါ။ စစ်တမ်းပါ မေးခွန်းများကို ထိရောက်မှု ရှိစေရန် အလုပ်အကိုင် အခွင့်အလမ်းနှင့် သက်ဆိုင်သည့် ဆန်းစစ်ချက်များကိုသာ ထည့်သွင်း မေးမြန်းခဲ့ပြီး မသန်စွမ်းသူများ၏ အခြားသော သတင်းအချက်အလက်များကို လေ့လာဖော်ထုတ်ခြင်း မပြုခဲ့ပါ။
- ရခိုင်ပြည်နယ်ဖက်တွင် နယ်မြေလုံခြုံရေးအခြေအနေကြောင့် စစ်တမ်းကောက်ယူရေးလုပ်ငန်းများ အခက်အခဲရှိခဲ့ပြီး ဒေသခံ မသန်စွမ်းအသင်းအဖွဲ့များမှ စေတနာ့ဝန်ထမ်းများ၏ပူးပေါင်းပါဝင်မှုဖြင့် လုံခြုံရေးစိတ်ချရသောနေရာတွင် နမူနာဦးရေ ပြည့်မီအောင် ကြိုးပမ်းဆောင်ရွက်ခဲ့ရသည်။
- အချို့သော တိုင်းဒေသကြီး/ ပြည်နယ်ရှိ လူမှုဝန်ထမ်းဦးစီးဌာနနှင့် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန တို့၏ ကောက်ယူထားသော မသန်စွမ်းစာရင်းတွင် အလုပ်အကိုင်လုပ်နိုင်သော မသန်စွမ်း အရေအတွက် နည်းပါးနေခြင်းကြောင့် အလုပ်လုပ်နိုင်သည့်အသက်အရွယ်ရှိသည့် မသန်စွမ်းသူစာရင်းကိုရရှိရန် ကွင်းဆင်း ပြုစုခဲ့ရပါသည်။ ထို့ပြင် မသန်စွမ်းမှု အမျိုးအစားများကို အဓိပ္ပါယ်ဖွင့်ဆိုသတ်မှတ်ရန် မူဝါဒနှင့် ညွှန်ကြားချက်များ မရှိခြင်းက ရပ်ကွက်/ ကျေးရွာအဆင့် မသန်စွမ်းသူများစာရင်းတွင် သိသာထင်ရှားမှုမရှိသော မမြင်သာသည့် မသန်စွမ်းအမျိုးအစားများ ပါဝင်လာစေရန် အခက်အခဲ ကြုံတွေ့ရစေသည်။
- စစ်တမ်းကောက်ယူခဲ့သည့် မသန်စွမ်းသူများအား နည်းပညာပိုင်းဆိုင်ရာ အကန့်အသတ်များကြောင့်လည်း ၎င်းတို့ ၏ မသန်စွမ်းမှု အမျိုးအစားကို အသေးစိတ် ဆန်းစစ်နိုင်ခြင်း မရှိခဲ့ဘဲ မြန်မာနိုင်ငံ မသန်စွမ်းသူများ၏ အခွင့်အရေး ဥပဒေ (၂၀၁၅) တွင် ဖော်ပြထားသည့် မသန်စွမ်းမှုအမျိုးအစား (၄) မျိုးကိုသာ အခြေခံလျက် လေ့လာခဲ့ပါသည်။
- မသန်စွမ်းသူများ၏ မသန်စွမ်းမှုအမျိုးအစား အသေးစိတ်နှင့် မသန်စွမ်းမှုအဆင့်များကို သေချာစွာ သတ်မှတ်နိုင်ရေး အတွက် သီးခြား သုတေသနများ ဆက်လက်လုပ်ဆောင်သွားရန် လိုအပ်မည် ဖြစ်သည်။ ထို့ပြင် ယခုစစ်တမ်း ကောက်ယူရာတွင် မပါဝင်သေးသော မြို့နယ်များတွင် နေထိုင်သော မသန်စွမ်းသူများ၏ လူမှုစီးပွား အခြေအနေများကို ဆန်းစစ်နိုင်ရန် ပြည်လုံးကျွတ် သန်းခေါင် စာရင်း ထပ်မံကောက်ယူရာတွင် လည်းကောင်း၊ အခြားသော မသန်စွမ်းမှု ဆိုင်ရာ သုတေသန စစ်တမ်းများ ကောက်ယူရာတွင် လည်းကောင်း၊ ထည့်သွင်းစဉ်းစားရမည် ဖြစ်သည်။

## ၃။ မသန်စွမ်းသူများ၏ နောက်ခံအချက်အလက်များ

လွန်ခဲ့သည့် ဆယ်စုနှစ်အတွင်း မြန်မာနိုင်ငံအစိုးရသည် မသန်စွမ်းသူများအရေးကိစ္စကို အာရုံစိုက် ဆောင်ရွက်ရန် ကတိ ကဝတ်ပြုခဲ့သည်။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၂ တွင် "နိုင်ငံတော်သည် မိခင်နှင့် ကလေးသူငယ်များ၊ မိဘမဲ့ ကလေးများ၊ ကျဆုံးသော တပ်မတော်သားများ၏ ကလေးများ၊ အိုမင်းမစွမ်းသူများ၊ မသန်မစွမ်းသူများကို ကြည့်ရှုစောင့်ရှောက် ရမည်" ဟုဖော်ပြထားသည်။ ၂၀၁၀ ပြည့်နှစ်တွင် အမျိုးသားအဆင့်မသန်စွမ်းသူများ စီမံချက် ၂၀၁၀-၂၀၁၂ ကို ထုတ်ပြန်ခဲ့ပြီး ၂၀၁၁ ခုနှစ်တွင် CRPD ကို လက်မှတ်ရေးထိုးခဲ့သည်။ ၂၀၁၁ ခုနှစ်အတွင်းမှာပင် "အာဆီယံဆယ်စုနှစ်လုပ်ငန်းစဉ်များတွင် မသန်စွမ်းသူများ၏ အခန်းကဏ္ဍနှင့် ပါဝင်မှုကို မြှင့်တင်ပေးရန်" ရည်ရွယ်သည့် ဘာလီကြေငြာချက်ကို ကတိကဝတ်ပြုခဲ့သည်။

၂၀၀၈-၂၀၀၉ ခုနှစ်တွင် လူမှုဝန်ထမ်းဦးစီးဌာန နှင့် The Leprosy Mission International တို့ ပူးပေါင်း၍ First Myanmar Basic Disability Survey ကို ဆောင်ရွက်ခဲ့ပြီး ၂၀၁၀ ပြည့်နှစ်တွင် ထုတ်ဝေခဲ့သည်။ အဆိုပါ စစ်တမ်း၌ မသန်စွမ်းမှု ရာခိုင်နှုန်းကို ၂.၃၂% ရှိကြောင်း၊ မသန်စွမ်းမှု ဖြစ်ပွားရသည့် အကြောင်းရင်းများမှာ မွေးရာပါ ၃၆.၂%၊ မတော်တဆမှုကြောင့် ၂၀.၂% နှင့် ရောဂါဖြစ်ပွားမှုကြောင့် ၄၃.၆% အသီးသီးရှိကြောင်း၊ ဧရာဝတီတိုင်းမှာ မသန်စွမ်းဖြစ်ပွားမှု ရာခိုင်နှုန်း ၃.၂၇% ဖြင့် တပြည်လုံးတွင် အများဆုံး ဖြစ်ကြောင်း ဖော်ပြထားသည်။ ၂၀၁၀ စစ်တမ်း၏ ဦးစားပေးမှုမှာ မသန်စွမ်းသူ လူဦးရေစာရင်းကို သိရှိရန်ဖြစ်ပြီး မသန်စွမ်းသူများအတွက် ဝန်ဆောင်မှုများ ဖြည့်ဆည်းနိုင်ရေးအတွက်ကိုလည်း ထည့်သွင်းစဉ်းစားပြီး စစ်တမ်း ကောက်ယူခဲ့ခြင်း ဖြစ်သည်။

၂၀၁၄ ခုနှစ်တွင် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို ၂၀၁၄ ခုနှစ်၊ မတ်လ (၃၀) နှင့် ဧပြီလ (၁၀) ရက်အတွင်း ပညာရေးဝန်ထမ်း ဆရာ/မ တစ်သိန်းကျော်မှ သန်းခေါင်စာရင်းများကို ကောက်ယူခဲ့သည်။ နိုင်ငံတဝန်းရှိ (၈၀၉၈၅) ဧရိယာများတွင် နေထိုင်သည့် အိမ်ထောင်စု (၁၀၈၈၉၃၄၈) ကို မေးမြန်းကောက်ယူခဲ့ခြင်း ဖြစ်ပြီး ဝါရှင်တန်အုပ်စု မေးခွန်းများ အပေါ် အခြေခံလျက် အောက်ပါမေးခွန်းများကို အိမ်ထောင်စုဝင်တစ်ဦးစီ အား မေးမြန်းခဲ့ပါသည် -

(၁) အမြင်၊ မျက်မှန်တပ်ဆင်ထားခြင်း ရှိလျှင်
(၂) အကြား၊ နားကြားကိရိယာ တပ်ဆင်အသုံးပြုခြင်း ရှိလျှင်
(၃) လမ်းလျှောက်၊ အမြင့်တက်၊ ပစ္စည်းကိုင်တွယ်ရာတွင်
(၄) သင်ယူလေ့လာခြင်း (သို့) မှတ်ဉာဏ်အာရုံစူးစိုက်ခြင်း

အဆိုပါဖြေကြားချက်များကို ၁) အခက်အခဲ မရှိ၊ ၂) အခက်အခဲအချို့ရှိ၊ ၃) အခက်အခဲများစွာ ရှိသည်ဟူ၍ ကောက်ယူ ဖြည့်သွင်းကာ တစ်နိုင်ငံလုံးရှိ မသန်စွမ်းသူများကို ဖော်ထုတ်သတ်မှတ်ခဲ့သည်။ မေးခွန်းများတွင် အားနည်းချက်များ ရှိသည်ဟု လည်းကောင်း၊ စစ်တမ်းကောက်ယူသည့် ဆရာ/ မများ၏ လိုအပ်ချက်များကြောင့်လည်းကောင်း၊ မသန်စွမ်းမှု ရာခိုင်နှုန်းမှာ ရှိသင့်သည်ထက် လျော့နည်းနိုင်သည့် သုံးသပ်ချက်များလည်း ထွက်ပေါ်ခဲ့သည်။ သို့သော်လည်း နိုင်ငံတော်အဆင့် ကောက်ယူသည့် လူဦးရေနှင့် အိမ်အကြောင်းအရာစစ်တမ်း ဖြစ်သည့်အားလျော်စွာ ရည်ညွှန်းကိုးကားနိုင်သည့် ခိုင်မာသော သတင်းအချက်အလက်များကို ဖော်ပြနိုင်သည့်အတွက် ၄င်းကိုအခြေတည်လျက် မြန်မာနိုင်ငံမသန်စွမ်းသူများ၏ အလုပ်အကိုင် အခွင့်အလမ်းအပေါ် သက်ရောက်မှုများအား ဆန်းစစ်လေ့လာခြင်းကို ဆောင်ရွက်ခဲ့ပါသည်။

၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအရ နိုင်ငံလူဦးရေ ၅၀,၂၇၉,၉၀၀ ဦး ရှိပြီး မသန်စွမ်းသူများမှာ ၂,၃၁၁,၂၅၀ ဦး ရာခိုင်နှုန်းအားဖြင့် ၄.၆% ရှိကြောင်းသိရသည်။ အဆိုပါ မသန်စွမ်းသူများထဲတွင် မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေပါ မသန်စွမ်းမှုဆိုင်ရာ အဓိပ္ပါယ်ဖွင့်ဆိုချက်အရ အမြင်အာရုံ မသန်စွမ်းသူ ၁၂၄၉၇၃၇ ဦး (၂.၄၉%)၊ အကြားအာရုံမသန်စွမ်းသူ ၆၇၃၁၂၆ ဦး (၁.၃၄%)၊ ကိုယ်အင်္ဂါမသန်စွမ်းသူ ၉၅၇၇၃၆ ဦး (၁.၉၀%) နှင့် ဉာဏ်ရည် မသန်စွမ်းသူ ၈၃၅၅၉၈ ဦး (၁.၆၆%) အသီးသီးရှိကြောင်း ဖော်ပြထားသည်။ ဧရာဝတီတိုင်းတွင် မသန်စွမ်းသူဦးရေ၏ ၂၀.၄%၊ ရန်ကုန်တိုင်းတွင် ၁၀.၈% နှင့်

ရှမ်းပြည်နယ် တွင် ၉.၉% တို့ဖြင့် အများဆုံးရှိပြီး မသန်စွမ်းသူဦးရေအများဆုံးရှိသည့် တိုင်းဒေသကြီးနှင့် ပြည်နယ် ဆယ်ခုတို့ကို အစဉ်လိုက် စစ်တမ်း ကောက်ယူရန် ရွေးချယ်ခဲ့သည်။

မသန်စွမ်းသူများမှာ ၎င်းတို့၏ လက်လှမ်းမီရယူနိုင်မှု အခက်အခဲများအရ လည်းကောင်း၊ အကန့်အသတ် ရှိနေသည့် ဝန်ဆောင်မှုများကြောင့် လည်းကောင်း၊ ခွဲခြားဆက်ဆံရာရောက်သည့် အချို့သောမူဝါဒများကြောင့်လည်းကောင်း၊ ပညာရေး တွင် အများနည်းတူ တက်ရောက်သင်ကြားရန် အခက်အခဲ၊ အတားအဆီးများ ကြုံတွေ့နေရသည်။ အဆိုပါ အကျိုးဆက်ကြောင့် မသန်စွမ်းသူများ၏ ပညာအရည်အချင်းအပေါ် သက်ရောက်မှုရှိစေခဲ့ပြီး လူမှုရေး၊ စီးပွားရေးနှင့် အလုပ်အကိုင် အခန်းကဏ္ဍ တို့တွင် နောက်ကျ ကျန်ရစ်နေခဲ့သည်။ ကျေးလက်အိမ်ထောင်စုစာရင်းအချက်အလက်တွင် မသန်စွမ်းသူများ အလုပ်အကိုင်ရရှိမှုသည် မသန်စွမ်းသူများရှိသည့် အိမ်ထောင်စုများအကြား ဆင်းရဲမွဲတေမှုနှင့် အန္တရယ်ကျရောက်နိုင်မှု လျော့ချရာတွင် လွှမ်းမိုးမှုအရှိဆုံး အချက်ဖြစ်ကြောင်း ဖော်ပြထားသည်။ ပညာရေးမှာ အရေးကြီးသည့် အခန်းကဏ္ဍဖြစ်သော်လည်း လတ်တလော အခြေအနေတွင် အလုပ်လုပ်နိုင်သော အသက်အရွယ်ရှိသည့် မသန်စွမ်းသူများအတွက် အလုပ်အကိုင် အခွင့်အလမ်းများ ဖော်ဆောင်နိုင်ရေး ကို ဦးစားပေးဆောင်ရွက်သွားရန် လိုအပ်နေပါသည်။

[7] မြန်မာနိုင်ငံရှိ မသန်စွမ်းမှုအကြောင်း ခေတ်ပြိုင်သုတေသန အကျဉ်းချုပ်

# ၄။ သုတေသနမှ တွေ့ရှိချက်များ

## ၄-၁။ မသန်စွမ်းသူများ၏ ဖြေဆိုမှုမှ လေ့လာတွေ့ရှိချက်များ

### ၄-၁-၁။ မသန်စွမ်းသူများ၏ ကိုယ်ရေးအချက်အလက်များ

မသန်စွမ်းသူများ၏ ကိုယ်ရေးအချက်အလက်များကို လေ့လာရာတွင် တွေ့ရှိချက်များဖြစ်သည့် ၎င်းတို့၏ အသက်အုပ်စုကို အောက်ပါ ဇယား (၄.၁) နှင့် ပုံ (၄.၁) တွင်ဖော်ပြထားပါသည်။


ဇယား (၄.၁) အသက်အရွယ်အုပ်စု

| အသက်အရွယ် (နှစ်) | စုစုပေါင်း | ရာခိုင်နှုန်း |
|---|---|---|
| ၁၈ မှ ၂၈ ထိ | ၇၇၃ | ၃၂ |
| ၂၉ မှ ၃၉ ထိ | ၆၆၄ | ၂၈ |
| ၄၀ မှ ၅၀ ထိ | ၅၇၃ | ၂၄ |
| ၅၁ မှ ၆၀ ထိ | ၃၉၀ | ၁၆ |
| စုစုပေါင်း | ၂၄၀၀ | ၁၀၀ |

ရင်းမြစ် : စစ်တမ်းမှ အချက်အလက်များ

စစ်တမ်းအရ အသက်အရွယ်အပိုင်းအခြား အလိုက် ၁၈-၂၈ နှစ်အကြား ၇၇၃ ဦး (၃၂%)၊ ၂၉-၃၉ နှစ် အကြား ၆၆၄ ဦး (၂၈%)၊ ၄၀-၅၀ နှစ်အကြား ၅၇၃ ဦး (၂၄%) နှင့် ၅၁ - ၆၀ နှစ်အကြား ၃၉၀ ဦး (၁၆%) ရှိသည်ကို တွေ့ရှိရပါသည်။

ပုံ (၄.၁) အသက်အရွယ်အုပ်စု




ရင်းမြစ် : စစ်တမ်းမှ အချက်အလက်များ

မသန်စွမ်းသူများကို ကျားမ ခွဲခြား၍ လေ့လာမှုကို အောက်ပါဇယား (၄.၂) နှင့် ပုံ (၄.၂) တို့တွင် ဖော်ပြထားပါသည်။


ဇယား (၄.၂) ကျား မ အမျိုးအစား

| ကျား၊ မ | စုစုပေါင်း | ရာခိုင်နှုန်း |
|---|---|---|
| ကျား | ၁၄၄၇ | ၆၀.၃ |
| မ | ၉၄၈ | ၄၀.၅ |
| အခြား | ၅ | ၀.၂ |
| **စုစုပေါင်း** | **၂၄၀၀** | **၁၀၀** |

ရင်းမြစ် : စစ်တမ်းမှ အချက်အလက်များ

ကောက်ယူခဲ့သည့် မသန်စွမ်းသူများ၏ ကျားမ အမျိုးအစားမှာ မ ၉၄၈ ဦး (၃၉.၅%) နှင့် ကျား - ၁၄၄၇ ဦး (၆၀.၃%) နှင့် ကျားမ လိင်ကွဲပြားမှု မရှိသူ - ၅ ဦး (၀.၂၀%) ဖြစ်သည်။

ပုံ (၄.၂) ကျား၊ မ အမျိုးအစား




ရင်းမြစ် : စစ်တမ်းမှ အချက်အလက်များ

မသန်စွမ်းသူများ၏ အိမ်ထောင်ရေးအခြေအနေ လေ့လာမှုကို အောက်ပါ ဇယား(၄.၃)နှင့် ပုံ(၄.၃) တွင် ဖော်ပြ ထားပါသည်။


ဇယား (၄.၃) အိမ်ထောင်ရေး အခြေအနေ

| အိမ်ထောင်ရေးအခြေအနေ | စုစုပေါင်း | ရာခိုင်နှုန်း |
|---|---|---|
| တစ်ခုလပ် | ၄၆ | ၂ |
| အိမ်ထောင်ရှိ | ၈၀၅ | ၃၄ |
| အပျို၊ လူပျို | ၁၄၇၉ | ၆၂ |
| မုဆိုးဖို/ မုဆိုးမ | ၇၀ | ၃ |
| **စုစုပေါင်း** | **၂၄၀၀** | **၁၀၀** |

ရင်းမြစ် : စစ်တမ်းမှ အချက်အလက်များ

အထက်ပါ ဇယားအရ မသန်စွမ်းသူများ၏ ၄၆ ဦး (၂%) မှာ ကွာရှင်းပြတ်စဲခဲ့သူများ ဖြစ်ပြီး ၈၀၅ ဦး (၃၄%) မှာ အိမ်ထောင်သည်များ ဖြစ်သည်။ အပျို လူပျိုများမှာ ၁၄၇၉ ဦး (၆၂%) နှင့် မုဆိုးဖို/ မ များမှာ ၇၀ ဦး (၃%) ရှိကြောင်း တွေ့ရသည်။ မသန်စွမ်းမှုနှင့် အလုပ်အကိုင်မရှိမှုတို့ကြောင့် အိမ်ထောင်မပြုနိုင်သည့် ရာခိုင်နှုန်း များပြားခြင်းဖြစ်မည်ဟု သိရပါသည်။

ပုံ (၄.၃) အိမ်ထောင်ရေး အခြေအနေ




ရင်းမြစ် : စစ်တမ်းမှ အချက်အလက်များ

ဖြေဆိုသူများ၏ မသန်စွမ်းမှုအမျိုးအစားကို လေ့လာတွေ့ရှိချက်များအား အောက်ပါဇယား (၄.၄) တို့တွင် ဖော်ပြထားပါသည်။


ဇယား (၄.၄) မသန်စွမ်းမှု အမျိုးအစား

| မသန်စွမ်းအမျိုးအစား | စုစုပေါင်း | ရာခိုင်နှုန်း |
|---|---|---|
| ကိုယ်အင်္ဂါမသန်စွမ်း | ၁၅၁၅ | ၆၃ |
| အမြင်အာရုံမသန်စွမ်း | ၁၉၇ | ၈ |
| နားမကြား | ၂၅၃ | ၁၁ |
| ဉာဏ်ရည်မသန်စွမ်း | ၂၄၂ | ၁၀ |
| မသန်စွမ်းမှုတစ်မျိုးထက်ပိုသူ | ၁၆၂ | ၇ |
| အခြား | ၃၁ | ၁ |
| **စုစုပေါင်း** | **၂၄၀၀** | **၁၀၀** |

ရင်းမြစ် : စစ်တမ်းမှ အချက်အလက်များ

မသန်စွမ်းမှု အမျိုးအစားမှာ အကြားအာရုံမသန်စွမ်းသူ ၂၅၃ ဦး (၁၁%)၊ ဉာဏ်ရည်မသန်စွမ်းသူ ၂၄၂ ဦး (၁၀%)၊ မသန်စွမ်းမှု တစ်မျိုးထက်ပိုသူ ၁၆၂ ဦး (၇%)၊ မသန်စွမ်းမှု မကွဲပြားသူ ၃၁ ဦး (၁%)၊ ကိုယ်အင်္ဂါ မသန်စွမ်းသူ ၁၅၁၅ ဦး (၆၃%)နှင့် အမြင်အာရုံမသန်စွမ်းသူ ၁၉၇ ဦး (၈%) အသီးသီး ရှိကြောင်းတွေ့ရှိရပါသည်။ ကွင်းဆင်းသုတေသနအဖွဲ့ အနေဖြင့် မသန်စွမ်းမှုအမျိုးအစားအလိုက် သတ်မှတ်အချိုးအစားနှင့်အညီ ကောက်ယူနိုင်ရေး ကြိုးပမ်းခဲ့သော်လည်း တိုင်းဒေသကြီးနှင့် ပြည်နယ် လူမှုဝန်ထမ်းဦးစီးဌာနမှ ရရှိခဲ့သည့် မသန်စွမ်းသူများစာရင်းတွင် ကိုယ်အင်္ဂါမသန်စွမ်းသူ အများဆုံး ပါရှိနေခြင်းက ယခုကဲ့သို့ အချိုးအစား မညီမျှခြင်းကို ဖြစ်ပေါ် စေခဲ့ပါသည်။

ပုံ (၄.၄) မသန်စွမ်းအမျိုးအစားများ




ရင်းမြစ် : စစ်တမ်းမှ အချက်အလက်များ


ဖြေဆိုသူများ၏ မသန်စွမ်းမှုအခြေအနေများကို အမျိုးအစားများခွဲခြား၍ အောက်ပါ ဇယား (၄.၅)၊ ပုံ (၄.၅) တို့တွင် ဖော်ပြထားပါသည်။

ဇယား (၄.၅) မသန်စွမ်းမှု အခြေအနေ

| မသန်စွမ်းမှုအခြေအနေ | စုစုပေါင်း | ရာခိုင်နှုန်း |
|---|---|---|
| မသန်စွမ်းမှု နည်း | ၅၃၀ | ၂၂ |
| အသင့်အတင့် | ၁၃၅၁ | ၅၆ |
| မသန်စွမ်းမှု များ | ၅၁၉ | ၂၂ |
| စုစုပေါင်း | ၂၄၀၀ | ၁၀၀ |

ရင်းမြစ်: စစ်တမ်းမှ အချက်အလက်များ

ပုံ (၄.၅) မသန်စွမ်းမှု အခြေအနေ




ရင်းမြစ်: စစ်တမ်းမှ အချက်အလက်များ

တိကျသည့် မသန်စွမ်းမှု အဆင့်သတ်မှတ်ချက် လုပ်ငန်းစဉ် မထွက်ပေါ်လာသေးခြင်းကြောင့် စစ်တမ်း ကောက်ယူရာတွင် မျက်မြင်တွေ့ရှိရသည့်အတိုင်း မသန်စွမ်းသူ၏ အခြေအနေကို မသန်စွမ်းမှု နည်း၊ အသင့်အတင့်၊ မသန်စွမ်းမှုများသော အဆင့်ဟူ၍ ၃ ဆင့်ခွဲခြား မှတ်တမ်း တင်ခဲ့သည်။ မသန်စွမ်းမှု နည်းသူမှာ ၅၃၀ ဦး (၂၂%)၊ မသန်စွမ်းမှု အသင့်အတင့် ၁၃၅၁ ဦး (၅၆%) နှင့် မသန်စွမ်းမှု များသူ ၅၁၉ ဦး (၂၂%) ရှိကြောင်းတွေ့ရှိရပါသည်။

## ၄-၁-၂။ ပညာရေးဆိုင်ရာ အချက်အလက်များ

မသန်စွမ်းသူများ၏ ပညာရေးအခြေအနေများကို လေ့လာရာ တွေ့ ရှိချက်များမှ မသန်စွမ်းသူများ၏ ကျောင်းတက်ရောက်နိုင်မှု အခြေအနေကို အောက်ပါ ဇယား(၄.၆)နှင့် ပုံ (၄.၆) ဖော်ပြထားပါသည်။


ဇယား (၄.၆) ကျောင်းတက်ရောက်နိုင်မှု အခြေအနေ

| ကျောင်းတက်ရောက်နိုင်မှု | စုစုပေါင်း | ရာခိုင်နှုန်း |
|---|---|---|
| မတက်ရောက်နိုင် | ၇၈၃ | ၃၃ |
| ကျောင်းတက်ရောက်ဖူးသည် | ၁၆၁၇ | ၆၇ |
| **စုစုပေါင်း** | ၂၄၀၀ | ၁၀၀ |

ရင်းမြစ် : စစ်တမ်းမှ အချက်အလက်များ

စစ်တမ်းတွင် မသန်စွမ်းသူများ၏ ကျောင်းတက်ရောက်နိုင်မှု အခြေအနေကို မေးမြန်းခဲ့ရာ ၇၈၃ ဦး (၃၃%) က ကျောင်းမတက်ခဲ့ကြောင်း ဖြေဆိုခဲ့ပြီး ၁၆၁၇ ဦး (၆၇%) က ကျောင်းတက်ခဲ့ကြောင်း သိရသည်။ ယင်းမှာ အမျိုးသားမသန်စွမ်း စစ်တမ်းတွင် ဖော်ပြခဲ့သည့် ကျောင်းမတက်ရောက်နိုင်သည့် မသန်စွမ်းသူ (၅၃%)၊ APCD အသေးစား စစ်တမ်း တွင် ဖော်ပြခဲ့သည့် ကျောင်းမတက်ရောက်နိုင်သည့် မသန်စွမ်းသူ (၂၄%)၊ IRIA အသေးစားစစ်တမ်း တွင် ဖော်ပြခဲ့သည့် ကျောင်းမတက်ရောက်နိုင်သည့် မသန်စွမ်းသူ (၃၅%) နှင့် ကျေးလက်နေ အိမ်ထောင်စုဝင်များ အသေးစားစစ်တမ်း တွင် ဖော်ပြခဲ့သည့် ကျောင်းမတက်ရောက်နိုင်သည့် မသန်စွမ်းသူ (၃၀%) တို့နှင့် နှိုင်းယှဉ်လျှင် နီးစပ်မှုရှိကြောင်း တွေ့ရသည်။[8]

ပုံ (၄.၆) မသန်စွမ်းသူများ ကျောင်းတက်ရောက်နိုင်မှု အခြေအနေ




ရင်းမြစ် : စစ်တမ်းမှ အချက်အလက်များ

[8] မြန်မာနိုင်ငံရှိ မသန်စွမ်းမှုအကြောင်း ခေတ်ပြိုင်သုတေသန အကျဉ်းချုပ် ၂၀၁၆ (Lodestar, SPPRG) P-33

ဖြေဆိုသူမသန်စွမ်းသူများ၏ ပညာရေးအခြေအနေကို လေ့လာတွေ့ရှိမှုများအား အောက်ပါဇယား (၄.၇) နှင့် ပုံ (၄.၇) တွင် ဖော်ပြထားပါသည်။


ဇယား (၄.၇) မသန်စွမ်းသူများ၏ ပညာရေး အခြေအနေ

| ပညာရေးအခြေအနေ | စုစုပေါင်း | ရာခိုင်နှုန်း |
|---|---|---|
| မူလတန်း | ၈၂၅ | ၃၄ |
| အလယ်တန်း | ၄၅၂ | ၁၉ |
| အထက်တန်း | ၂၀၈ | ၉ |
| တက္ကသိုလ်ဝင်တန်းအောင် | ၁၃ | ၁ |
| တက္ကသိုလ်ကျောင်းသူ/သား | ၃၄ | ၁ |
| ဘွဲ့ရ | ၆၄ | ၃ |
| အခြား | ၂၁ | ၁ |
| ကျောင်းမတက်ဖူးသူ | ၇၈၃ | ၃၃ |
| စုစုပေါင်း | ၂၄၀၀ | ၁၀၀ |

ရင်းမြစ် : စစ်တမ်းမှ အချက်အလက်များ

စစ်တမ်းအရ မသန်စွမ်းသူ ၂၄၀၀ ဦးထဲမှ ၇၈၃ ဦး (၃၃%) မှာ ကျောင်းမနေနိုင်ကြဘဲ ကျောင်းနေသည့် မသန်စွမ်းသူ ၈၂၅ ဦး (၃၄%) မှာ မူလတန်း အဆင့်၊ ၄၅၂ ဦး (၁၉%) မှာ အလယ်တန်းအဆင့်၊ ၂၀၈ ဦး (၉%) မှာ အထက်တန်းအဆင့်၊ အခြေခံပညာအထက်တန်းအောင်မြင်ခဲ့သူ ၁၃ ဦး (၁%)၊ တက္ကသိုလ်ဝင်တန်း အဆင့်တွင် ၃၄ ဦး (၁%) နှင့် ဘွဲ့ရ ၆၄ ဦး (၃%) အသီးသီး ရှိကြောင်း တွေ့ ရသည်။ ဘုန်းတော်ကြီးကျောင်းအပါအဝင် ပြင်ပပ ညာရေးတွင် သင်ယူခဲ့သူများမှာ ၂၁ ဦး (၁%) ရှိသည်ကို တွေ့ရှိရပါသည်။ တွေ့ရှိချက်အရ မသန်စွမ်းသူများ၏ သုံးပုံတစ်ပုံခန့်သည် မူလတန်းအဆင့်ပညာရေးသာ ပြီးဆုံးခဲ့ကြောင်း သိရပါသည်။ ယင်းမှာ ပညာရေးတွင် မသန်စွမ်းသူများ ပါဝင်မှု ပိုမိုမြင့်မားလာစေရန် မူဝါဒနှင့် ညွှန်ကြားချက်များ၊ ပံ့ပိုးကူညီမှုများ လိုအပ်နေကြောင်း ဖော်ပြနေပါသည်။

ပုံ (၄.၇) မသန်စွမ်းသူများ၏ ပညာရေး အခြေအနေ




ရင်းမြစ် : စစ်တမ်းမှ အချက်အလက်များ

ဖြေဆိုသူ မသန်စွမ်းသူများ၏ သက်မွေးသင်တန်းများ တက်ရောက်နိုင်မှုအား လေ့လာရာတွင် တွေ့ရှိချက်များကို ဇယား (၄.၈) နှင့် ပုံ (၄.၈) တွင် ဖော်ပြထားပါသည်။


ဇယား (၄.၈) သက်မွေးသင်တန်းများကို လက်လှမ်းမီမှု

| သက်မွေးသင်တန်းများသို့ တက်ရောက်နိုင်မှု | စုစုပေါင်း | ရာခိုင်နှုန်း |
|---|---|---|
| မတက်ရောက်နိုင်ပါ | ၂၀၇၂ | ၈၆ |
| တက်ရောက်ဖူးသည် | ၃၂၈ | ၁၄ |
| **စုစုပေါင်း** | ၂၄၀၀ | ၁၀၀ |

ရင်းမြစ် : စစ်တမ်းမှ အချက်အလက်များ

မသန်စွမ်းသူ ၂၄၀၀ ဦးထဲမှ ၃၂၈ ဦး (၁၄%) ခန့်သာ သက်မွေးသင်တန်းများကို လက်လှမ်းမီမှု ရှိပြီး ကျန် ၂၀၇၂ ဦး (၈၆%) မှာ မည်သည့် သက်မွေးသင်တန်းကိုမျှ တက်ရောက်ဖူးခြင်း မရှိကြောင်းတွေ့ရသည်။ ယင်းမှာ မသန်စွမ်းသူများ၏ အလုပ်အကိုင် အခွင့်အလမ်း လက်လှမ်းမီ ရရှိရေးအတွက် သက်မွေးသင်တန်းများကို နိုင်ငံအနှံ့ ကျယ်ကျယ်ပြန့်ပြန့် ဖွင့်လှစ်ပို့ချပေးရန် လိုအပ်နေကြောင်း ဖော်ပြနေသည်။

ပုံ (၄.၈) သက်မွေးသင်တန်းများသို့ တက်ရောက်နိုင်မှု




## ၄-၁-၃။ နိုင်ငံသား စိစစ်ရေးကဒ်ပိုင်ဆိုင်မှု နှင့် အလုပ်သမားဖြစ်မှု ဆိုင်ရာ အချက်အလက်များ

မသန်စွမ်းသူများ၏ နိုင်ငံသားစိစစ်ရေးကဒ်ပိုင်ဆိုင်မှုနှင့် အလုပ်သမားဖြစ်မှု ဆိုင်ရာအချက်အလက်များကို လေ့လာရာတွင် နိုင်ငံသားစိစစ်ရေးကဒ်ပိုင်ဆိုင်မှုနှင့် အလုပ်သမားဖြစ်မှုဆိုင်ရာအချက်အလက်များကို အောက်ပါဇယား (၄.၉) နှင့် ပုံ (၄.၉) တွင် ဖော်ပြထားပါသည်။


ဇယား (၄.၉) မသန်စွမ်းသူများ၏ နိုင်ငံသားစိစစ်ရေးကဒ်ပိုင်ဆိုင်မှုနှင့် အလုပ်သမားဖြစ်မှု ဆိုင်ရာအချက်အလက်များ

| စိစစ်ရေးကဒ်အမျိုးအစားများ | ရှိ | မရှိ | စုစုပေါင်း | ရှိသူစုစုပေါင်း ရာခိုင်နှုန်း |
|---|---|---|---|---|
| နိုင်ငံသားစိစစ်ရေးကဒ် | ၁၆၂၂ | ၇၇၈ | ၂၄၀၀ | ၆၈ |
| အလုပ်သမားကဒ် | ၅၀ | ၂၃၅၀ | ၂၄၀၀ | ၂ |
| လူမှုဖူလုံရေးကဒ် | ၂၃ | ၂၃၇၇ | ၂၄၀၀ | ၁ |

ရင်းမြစ် : စစ်တမ်းမှ အချက်အလက်များ

စစ်တမ်းကောက်ယူခဲ့သည့် မသန်စွမ်းသူများ၏ ၆၈% မှာ နိုင်ငံသားစိစစ်ရေးကဒ် လက်ဝယ်ရှိပြီး ၃၂% မှာ အကြောင်းအမျိုးမျိုးကြောင့် ပြုလုပ်နိုင်ခြင်း မရှိသေးပေ။ အလုပ်သမား မှတ်ပုံတင်ကဒ်မှာ အလုပ်အကိုင်ရရှိမှုနှင့် ချိတ်ဆက်နေပြီး လက်ဝယ်ရှိသူ ၅၀ ဦး (၂%) ခန့်သာ ရှိပြီး ကျန် ၉၈% မှာ လုပ်ဆောင်ထားမှု မရှိပါ။ လူမှုဖူလုံရေးကဒ်မှာလည်း အလုပ်အကိုင်ရှိသူအချို့တွင်သာ ရှိပြီး ၂၃ ဦး (၁%) ခန့်သာ ရှိသည်ကို တွေ့ရသည်။

ပုံ (၄.၉) စိစစ်ရေးကဒ်များ လက်ဂယ်ရှိမှု အခြေအနေ




ရင်းမြစ် : စစ်တမ်းမှ အချက်အလက်များ

## ၄-၁-၄။ အလုပ်အကိုင် အခွင့်အလမ်းဆိုင်ရာ အချက်အလက်များ

မသန်စွမ်းသူများ၏ အလုပ်အကိုင်အခွင့်အလမ်းဆိုင်ရာအချက်အလက်များကို လေ့လာရာတွင် အောက်ပါဇယား (၄.၁၀) နှင့် ပုံ (၄.၁၀) တွင် အလုပ်အကိုင်အခွင့်လမ်းနှင့် ပတ်သက်သည့် အချက်အလက်များ သိရှိမှုကို ဖော်ပြထားပါသည်။

ဇယား (၄.၁၀) အလုပ်အကိုင်အခွင့်လမ်းနှင့် ပတ်သက်သည့် အချက်အလက်များ သိရှိမှု


| ကြားခံမီဒီယာအမျိုးအစားများ | မရရှိ | | ရရှိ | | ဖြေဆိုသူ စုစုပေါင်း |
|---|---|---|---|---|---|
| | ဖြေဆိုသူဦးရေ | ရာခိုင်နှုန်း | ဖြေဆိုသူဦးရေ | ရာခိုင်နှုန်း | |
| သတင်းစာ | ၂၂၇၃ | ၉၅ | ၁၂၇ | ၅ | ၂၄၀၀ |
| ရေဒီယိုနှင့်ရုပ်မြင်သံကြား | ၁၇၅၀ | ၇၃ | ၆၅၀ | ၂၇ | ၂၄၀၀ |
| ပန်းဖလက် | ၂၃၄၁ | ၉၈ | ၅၉ | ၂ | ၂၄၀၀ |
| Facebook & Viber | ၂၁၉၉ | ၉၂ | ၂၀၁ | ၈ | ၂၄၀၀ |
| မိတ်ဆွေသူငယ်ချင်းများ | ၂၀၅၂ | ၈၅ | ၃၄၈ | ၁၅ | ၂၄၀၀ |
| ဆရာ/မများ | ၂၂၁၈ | ၉၂ | ၁၈၂ | ၈ | ၂၄၀၀ |
| အဖွဲ့အစည်းများ | ၁၉၈၁ | ၈၃ | ၄၁၉ | ၁၇ | ၂၄၀၀ |

ရင်းမြစ် : စစ်တမ်းမှ အချက်အလက်များ၈

အလုပ်အကိုင်အခွင့်အလမ်းများနှင့် ပတ်သက်၍ သတင်းအချက်အလက်များ ရရှိမှုကို ဆန်းစစ်ရာတွင် သတင်းစာများမှ သတင်း ရရှိမှု ၅%၊ ရေဒီယိုနှင့် ရုပ်မြင်သံကြားတို့မှ ရရှိမှု ၂၇%၊ လက်ကမ်းစာစောင်များမှ သတင်း အချက်အလက်များ ရရှိမှု ၂%၊ ဖေ့ဘွတ်နှင့် ဗိုင်ဗာ တို့မှ သတင်းအချက်အလက် ရရှိမှု ၈%၊ မိတ်ဆွေသူငယ်ချင်းများထံမှ ရရှိမှု ၁၅%၊ ဆရာ/မများမှ တဆင့် ရရှိမှု ၈% နှင့် အဖွဲ့အစည်းများမှ တဆင့် သတင်းအချက်အလက်ရရှိမှု ၁၇% အသီးသီးရှိကြောင်းတွေ့ရသည်။

ထို့ကြောင့် ရေဒီယိုနှင့် ရုပ်မြင်သံကြားတို့မှတဆင့် အလုပ်အကိုင် အခွင့်အလမ်းဆိုင်ရာ သတင်းအချက်အလက်ရရှိမှုမှာ အများဆုံးဖြစ်ကြောင်း တွေ့ရသည်။

ပုံ (၄.၁၀) အလုပ်အကိုင်အခွင့်အလမ်းနှင့် ပတ်သက်၍ သိရှိမှု




ရင်းမြစ် : စစ်တမ်းမှ အချက်အလက်များ

ဖြေဆိုသူ မသန်စွမ်းသူများ၏ အလုပ်အကိုင်ရရှိမှုအခြေအနေကို လေ့လာရာတွေ့ရှိချက်များကို ဇယား(၄.၁၁) တွင် ဖော်ပြထားပါသည်။

ဇယား (၄.၁၁) အလုပ်အကိုင် ရရှိမှုအခြေအနေ

| အလုပ်အကိုင်ရရှိမှုအခြေအနေ | ဖြေဆိုသူပေါင်း | ရာခိုင်နှုန်း |
|---|---|---|
| အလုပ်ရှိ | ၈၆၃ | ၃၆ |
| အလုပ် မရှိ | ၁၅၃၇ | ၆၄ |
| စုစုပေါင်း | ၂၄၀၀ | ၁၀၀ |

ရင်းမြစ် : စစ်တမ်းမှ အချက်အလက်များ

မသန်စွမ်းသူများ၏ အလုပ်အကိုင် ရရှိမှုအခြေအနေကို ဆန်းစစ်ရာတွင် လေ့လာတွေ့ရှိချက်မှာ ဖြေဆိုသူ မသန်စွမ်းများ အနက် ၁၅၃၇ ဦး (၆၄%) မှာ အလုပ်အကိုင်မရှိသည်ကို တွေ့ရှိရပြီး ဖြေဆိုသူ ၈၆၃ဦး (၃၆%) အလုပ်အကိုင်ရှိကြောင်း တွေ့ရသည်။ လက်ရှိအလုပ်အကိုင်ရှိသည်ဟုဖြေဆိုသူများတွင် ကိုယ်ပိုင်လုပ်ငန်း၊ ဂန်ထမ်း နှင့် ကျပန်းလုပ်သားများ ပါဂင်ပါ သည်။ အောက်ပါ ဇယား (၄.၁၂)တွင်အလုပ်အကိုင်ရှိသည်ဟုဖြေဆိုသည့် မသန်စွမ်းသူများ၏ လုပ်ငန်းအမျိုးအစား များနှင့် ဇယား (၄.၁၃) တွင် အလုပ်အကိုင်ရှိသော မသန်စွမ်းသူများ၏ လစဉ်ဂင်ငွေ အခြေအနေ ကို ဖော်ပြထားပါသည်။ အောက်ပါ ဇယား (၄.၁၄)တွင် မသန်စွမ်းလုပ်ငန်းများ၏ လုပ်သက်များကို ဖော်ပြထားပါသည်။

ဆက်လက်၍ အလုပ်အကိုင်လုပ်ကိုင်နေသော မသန်စွမ်းသူများလုပ်ကိုင်နေသော အလုပ်ကို အမျိုးအစားခွဲ၍ လေ့လာရာ တွေ့ရှိချက်များကို အောက်ပါဇယား(၄.၁၂)တွင် ဖော်ပြထားပါသည်။


ဇယား (၄.၁၂) အလုပ်အကိုင်ရှိသည့် မသန်စွမ်းသူများ၏ လုပ်ငန်းအမျိုးအစားများ

| အလုပ်အကိုင်ရှိသည့်မသန်စွမ်းသူများ၏ လုပ်ငန်းအမျိုးအစားများ | ဖြေဆိုသူပေါင်း | ရာခိုင်နှုန်း |
|---|---|---|
| ကိုယ်ပိုင်လုပ်ငန်း | ၂၇၁ | ၃၁ |
| ကျပန်း | ၄၃၇ | ၅၁ |
| ဝန်ထမ်း | ၁၅၅ | ၁၈ |
| **စုစုပေါင်း** | ၈၆၃ | ၁၀၀ |

ရင်းမြစ် : စစ်တမ်းမှ အချက်အလက်များ

အလုပ်အကိုင်ရှိသည်ဟုဖြေဆိုသူမသန်စွမ်းသူများ၏ လုပ်ငန်းအမျိုးအစားများကို လေ့လာရာတွင် ကိုယ်ပိုင် စီးပွားရေး လုပ်ငန်း လုပ်ကိုင်နေသူ ၃၁%၊ ကျပန်းလုပ်ငန်း ၅၁%၊ ဝန်ထမ်းအလုပ်မှာ ၁၈% နှင့် ရှိကြောင်း တွေ့ ရှိရပါသည်။ ထို့ကြောင့် မသန်စွမ်းသူများ လုပ်ကိုင်မှုများသည့် လုပ်ငန်းမှာ လုပ်ခနည်းပါးပြီး ပုံမှန်ဝင်ငွေမရှိသည့် ကျပန်းလုပ်ငန်းများသာ ဖြစ်ကြောင်း တွေ့ရသည်။

ပုံ (၄.၁၁) မသန်စွမ်းသူများ၏ လုပ်ငန်းအမျိုးအစားများ




ရင်းမြစ် : စစ်တမ်းမှ အချက်အလက်များ

ဖြေဆိုသူများမှ အလုပ်အကိုင်ရှိသူများ၏ လစဉ်ဝင်ငွေ အခြေအနေတွေ့ရှိချက်များကို အောက်ပါဇယား (၄.၁၂) တွင် ဖော်ပြထားပါသည်။

ဇယား (၄.၁၂) အလုပ်အကိုင်ရှိသူများ၏ လစဉ်ဝင်ငွေ အခြေအနေ

| အလုပ်အကိုင်ရှိသူများ၏ လစဉ်ဝင်ငွေအခြေအနေ | စုစုပေါင်း | ရာခိုင်နှုန်း |
|---|---|---|
| <၁၀၀၀၀၀ | ၅၅၃ | ၆၄.၁ |
| ၁၀၀၀၀၀- ၂၀၀၀၀၀ | ၂၁၁ | ၂၄.၄ |
| ၂၀၀၀၀၀ - ၃၀၀၀၀၀ | ၆၈ | ၇.၉ |
| ၃၀၀၀၀၀ - ၅၀၀၀၀၀ | ၂၅ | ၂.၉ |
| ၅၀၀၀၀၀ - ၇၀၀၀၀၀ | ၃ | ၀.၃ |
| ၁၀၀၀၀၀၀ - ၁၂၀၀၀၀၀ | ၂ | ၀.၂ |
| >၁၂၀၀၀၀၀ | ၁ | ၀.၁ |
| **စုစုပေါင်း** | ၈၆၃ | ၁၀၀ |

ရင်းမြစ် : စစ်တမ်းမှ အချက်အလက်များ

အလုပ်အကိုင်ရှိသည့် မသန်စွမ်းသူများ၏ လစဉ်ဝင်ငွေကို လေ့လာရာတွင် လစဉ်ခန့်မှန်းဝင်ငွေ အနည်းဆုံး ၁၀၀,၀၀၀ ကျပ် အောက်ရှိသူနှင့် အများဆုံး ၁,၂၀၀,၀၀၀ ကျပ်အထက်ရှိသူဟူ၍ ဝင်ငွေပမာဏ သတ်မှတ်ကာ လေ့လာခဲ့ပါသည်။ လစဉ်ဝင်ငွေ ရရှိမှုအခြေအနေကို လစဉ်ဝင်ငွေ အနည်းဆုံး ကျပ် ၁၀၀,၀၀၀ အောက်ရရှိသူများမှာ ၅၅၃ ဦး (၆၄.၁%)ခန့်ဖြစ်ပြီး၊ ကျပ် ၁၀၀,၀၀၀ နှင့် ၂၀၀,၀၀၀ ကြား ရရှိသူ ၂၁၁ ဦး (၂၄.၄%)၊ ကျပ် ၂၀၀,၀၀၀ နှင့် ၃၀၀,၀၀၀ ကြား ရရှိသူ ၆၈ ဦး (၇.၉%)၊ ကျပ် ၃၀၀,၀၀၀ နှင့် ၅၀၀,၀၀၀ ကြားရရှိသူ ၂၅ ဦး (၂.၉%)၊ ကျပ် ၅၀၀,၀၀၀ နှင့် ၇၀၀,၀၀၀ ကြားရရှိသူ ၃ ဦး (၀.၃%) ရှိကြောင်း တွေ့ရပါသည်။ အများဆုံးရရှိသည့် မသန်စွမ်းသူ၏ ဝင်ငွေမှာ ကျပ် ၁,၀၀၀,၀၀၀ နှင့် ၁,၂၀၀,၀၀၀ ကြားရရှိသူ ၂ ဦး နှင့် ကျပ် ၁,၂၀၀,၀၀၀ အထက်ရရှိသူ မသန်စွမ်းသူ ၁ ဦး ရှိကြောင်း တွေ့ရပါသည်။ လေ့လာမှုအရ လက်ရှိ လစဉ်ဝင်ငွေ ကျပ် ၂၀၀,၀၀၀ အထက်ရှိသူသည် ၁၂% ခန့်သာရှိပြီး ဝင်ငွေအနည်းဆုံးအုပ်စုဖြစ်သည့် လစဉ်ဝင်ငွေ ကျပ် ၁၀၀,၀၀၀ အောက်တွင် ဖြေဆိုသူ ၆၄.၁% ထိရှိပြီး အများဆုံးဖြစ်နေသောကြောင့် မသန်စွမ်းသူအများစုသည့် လစဉ်ဝင်ငွေ နည်းပါး နေသည်ကို တွေ့ရှိရပါသည်။

ဖြေဆိုသူ အလုပ်အကိုင်ရှိသည့် မသန်စွမ်းသူများ၏ လုပ်သက်များအားလေ့လာရာ တွေ့ရှိချက်ကို အောက်ပါ ဇယား (၄.၁၃) တွင် ဖော်ပြထားပါသည်။

ဇယား (၄.၁၃) အလုပ်အကိုင်ရှိသည့် မသန်စွမ်းသူများ၏ လုပ်သက်များ

| လုပ်သက်များ (နှစ်) | စုစုပေါင်း | ရာခိုင်နှုန်း |
|---|---|---|
| <.၅၀ | ၈၃ | ၁၀ |
| .၅၀ - ၁ | ၉၂ | ၁၁ |
| ၁ - ၃ | ၃၆၅ | ၄၂ |
| ၃ - ၅ | ၉၇ | ၁၁ |
| ၅ - ၁၀ | ၈၃ | ၁၀ |
| > ၁၀ | ၁၄၃ | ၁၇ |
| **စုစုပေါင်း** | ၈၆၃ | ၁၀၀ |

ရင်းမြစ် : စစ်တမ်းမှ အချက်အလက်များ

လေ့လာမှုအရ အလုပ်လုပ်ကိုင်နေသည့် မသန်စွမ်းသူများ၏ ၁၀% မှာ လုပ်သက် (၆) လအောက်၊ ၆ လနှင့် တစ်နှစ်ကြား လုပ်သက်ရှိသူ ၁၁%၊ တစ်နှစ်နှင့် သုံးနှစ်ကြားမှာ ၄၂%၊ ၃ နှစ် နှင့် ၅ နှစ် ကြားမှာ ၁၁%၊ ၅ နှစ်နှင့် ဆယ်နှစ်ကြား လုပ်သက်ရှိသူ ၁၀%၊ ဆယ်နှစ်အထက် ၁၇% အသီးသီး ရှိကြောင်း တွေ့ရသည်။ လုပ်သက် တစ်နှစ်နှင့် သုံးနှစ်ကြားမှာ ၄၂% ရှိပြီး အများဆုံးဖြစ်သည်ကိုတွေ့ရှိရပါသည်။

## ၄-၁-၅။ မသန်စွမ်းသူများ၏ လူနေမှုအခြေအနေ ဆန်းစစ်ချက်များ

မသန်စွမ်းသူများ၏ လူနေမှု အခြေအနေကို လေ့လာရာတွင် မသန်စွမ်းမိသားစုများ၏ မိသားစုဝင်ဦးရေ အခြေအနေကို အောက်ပါ ဇယား (၄.၁၄) တွင်ဖော်ပြထားပါသည်။


ဇယား (၄.၁၄) မသန်စွမ်းသူများ၏ မိသားစုဝင်ဦးရေ

| မိသားစုဝင်ဦးရေ | စုစုပေါင်း | ရာခိုင်နှုန်း |
|---|---|---|
| ၁ - ၅ | ၁၆၄၀ | ၆၈ |
| ၆ - ၁၀ | ၆၅၇ | ၂၇ |
| ၁၁ - ၁၅ | ၂၀ | ၁ |
| ၁၆ - ၂၀ | ၈၃ | ၃ |
| စုစုပေါင်း | ၂၄၀၀ | ၁၀၀ |

ရင်းမြစ် : စစ်တမ်းမှ အချက်အလက်များ

မသန်စွမ်းသူများ၏ မိသားစုဝင်များမှာ ၁-၅ ဦးကြား ၆၈%၊ ၆-၁၀ ဦးကြားတွင် ၂၇%၊ ၁၁-၁၅ ဦး ကြားတွင် ၁% နှင့် ၁၆-၂၀ ဦးကြား တွင် ၃% ရှိကြောင်း တွေ့ရပြီး မိသားစုဝင် ၁-၅ ဦး ကြားရှိသည့် အိမ်ထောင်စုမှာ အများဆုံးဖြစ်သည်။

ပုံ (၄.၁၂) မသန်စွမ်း မိသားစုဦးရေ




ရင်းမြစ် : စစ်တမ်းမှ အချက်အလက်များ

ဖြေဆိုသူ မသန်စွမ်းသူများ၏ လူနေမှုအခြေအနေကို သိရှိနိုင်ရေးအတွက် အိမ်ပိုင်ဆိုင်မှုအခြေအနေအား မေးမြန်းခဲ့ရာ လေ့လာ တွေ့ရှိချက်များ ကို အောက်ပါ ဇယား (၄.၁၅) တွင် ဖော်ပြထားပါသည်။

ဇယား (၄.၁၅) အိမ်ပိုင်ဆိုင်မှုအခြေအနေ

| အိမ်ပိုင်ဆိုင်မှုအမျိုးအစား | စုစုပေါင်း | ရာခိုင်နှုန်း |
|---|---|---|
| ကိုယ်ပိုင်အိမ် | ၁၉၅၄ | ၈၁ |
| အိမ်ငှား | ၃၇၉ | ၁၆ |
| ကျူးကျော်အိမ်ရာ | ၃၂ | ၁ |
| ဝန်ထမ်းအိမ်ယာ | ၃၀ | ၁ |
| အခြား | ၁၄ | ၁ |
| စုစုပေါင်း | ၂၄၀၀ | ၁၀၀ |

ရင်းမြစ် : စစ်တမ်းမှ အချက်အလက်များ

မသန်စွမ်းသူများ၏ အိမ်အခြေအနေမှာ ကိုယ်ပိုင်အိမ်ဖြင့် နေထိုင်သူ ၈၁%၊ ငှားရမ်းနေထိုင်သူ ၁၆%၊ ကျူးကျော် အိမ်များတွင် နေထိုင်သူ ၁%၊ ဝန်ထမ်းအိမ်ရာတွင် နေထိုင်သူ ၁%၊ အခြား အိမ်အခြေအနေမှာ ၁ % ဖြစ်ပါသည်။ အခြား အိမ်အခြေအနေတွင် မျက်မမြင် အနိုပ်ဌာန၊ ခရစ်ယာန်ဘုရားကျောင်း၊ မိဘမဲ့ ဂေဟာ၊ မျက်မမြင်ကျောင်းနှင့် ဘုန်းကြီးကျောင်း တို့ ပါဝင်သည်။ ရန်ကုန်တိုင်းဒေသကြီးတွင် အိမ်ရာ ငှားရမ်းနေထိုင်သူ နှင့် ကျူးကျော်အိမ်ရာတွင် နေထိုင်သူ ရာခိုင်နှုန်း အများဆုံးဖြစ်ကြောင်းတွေ့ရှိရပါသည်။

## ၄-၁-၆ မသန်စွမ်းမှုဆိုင်ရာ ဥပဒေမူဘောင်များကို သိရှိနားလည်မှု အခြေအနေ

မသန်စွမ်းသူများသည်၎င်းတို့၏ အခွင့်အရေးများကိုနှင့်သက်ဆိုင်သော ဥပဒေမူဘောင်များကို သိရှိနားလည်မှု အခြေအနေကို လေ့လာမှုတွင်တွေ့ချက်များကို အောက်ပါ ဇယား(၄.၁၆) နှင့် ပုံ(၄.၁၃) တွင် ဖော်ပြထားပါသည်။


ဇယား (၄.၁၆) UNCRPD, မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေ၊ မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာ နည်းဥပဒေများ ကို သိရှိမှု

| ဥပဒေမူဘောင်များ | မသိပါ | | သိသည် | | စုစုပေါင်း |
|---|---|---|---|---|---|
| | ဖြေဆိုသူပေါင်း | ရာခိုင်နှုန်း | ဖြေဆိုသူပေါင်း | ရာခိုင်နှုန်း | |
| UNCRPD | ၂၀၆၇ | ၈၆ | ၃၃၃ | ၁၄ | ၂၄၀၀ |
| မသန်စွမ်းအခွင့်အရေးဥပဒေ | ၁၈၈၇ | ၇၉ | ၅၁၃ | ၂၁ | ၂၄၀၀ |
| မသန်စွမ်း အခွင့်အရေးနည်းဥပဒေများ | ၁၉၇၅ | ၈၂ | ၄၂၅ | ၁၈ | ၂၄၀၀ |

ရင်းမြစ် : စစ်တမ်းမှ အချက်အလက်များ

လေ့လာမှုတွင် မသန်စွမ်းဆိုင်ရာ ဥပဒေမူဘောင်များကို သိရှိနားလည်မှုအား ၎င်းတို့၏ အခွင့်အရေးများနှင့် ရပိုင်ခွင့်ဆိုင်ရာ ကိစ္စများအပေါ် မည်မျှသိရှိသည်ကို အကဲဖြတ်ဆန်းစစ်လိုသည့် ရည်ရွယ်ချက်ဖြင့် ထည့်သွင်းမေးမြန်းခဲ့သည်။ ဖြေဆိုသူများတွင် UNCRP ကို သိရှိသည်ဟုဖြေဆိုသူ ၁၄%၊ မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေကို သိရှိသည်ဟုဖြေဆိုသူ ၂၁% နှင့် မသန်စွမ်းသူများ၏ အခွင့်အရေးနည်းဥပဒေများကို သိရှိသည်ဟုဖြေဆိုသူ ၁၈% အသီးသီး ရှိကြောင်း ဖော်ထုတ် နိုင်ခဲ့ပြီး ဖြေဆိုမှုများတွင် UNCRPD မှာ သိရှိမှု အနည်းဆုံးဖြစ်သည်ကို လေ့လာတွေ့ရပါသည်။

ပုံ (၄.၁၃) မသန်စွမ်းမှုဆိုင်ရာ ဥပဒေမူဘောင်များကို သိရှိနားလည်မှု




ရင်းမြစ် : စစ်တမ်းမှ အချက်အလက်များ

## ၄-၁-၇ အသင်းအဖွဲ့များကိုသိရှိမှုနှင့် ချိတ်ဆက်ဆောင်ရွက်မှု အခြေအနေ

မသန်စွမ်းသူအနေဖြင့် အသင်းအဖွဲ့များကို သိရှိမှုနှင့် ချိတ်ဆက်ဆောင်ရွက်မှု အခြေအနေတွေ့ရှိချက်များ လေ့လာရာတွင် အသင်းအဖွဲ့များနှင့် ချိတ်ဆက်ဆောင်ရွက်မှုကို အောက်ပါ ဇယား (၄.၁၇) နှင့် ပုံ (၄.၁၄)တွင် ဖော်ပြထားပါသည်။


**ဇယား (၄.၁၇) မသန်စွမ်းအဖွဲ့အစည်းများနှင့် ရပ်ရွာလူမှုအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်မှု အခြေအနေ**

| အဖွဲ့အစည်းအမျိုးအစား | ချိတ်ဆက်မှု ရှိ | | ချိတ်ဆက်မှု မရှိ | | စုစုပေါင်း |
|---|---|---|---|---|---|
| | ဖြေဆိုသူပေါင်း | ရာခိုင်နှုန်း | ဖြေဆိုသူပေါင်း | ရာခိုင်နှုန်း | |
| မသန်စွမ်းအဖွဲ့အစည်းများနှင့် ချိတ်ဆက်မှု | ၆၇၀ | ၂၈ | ၁၇၃၀ | ၇၂ | ၂၄၀၀ |
| ရပ်ရွာလူမှုအဖွဲ့အစည်းများနှင့် ချိတ်ဆက်မှု | ၃၈၂ | ၁၆ | ၂၀၁၈ | ၈၄ | ၂၄၀၀ |

ရင်းမြစ် : စစ်တမ်းမှ အချက်အလက်များ

မသန်စွမ်းသူများကို မိမိတို့ရပ်ရွာဒေသအတွင်း အကျုံးဝင်ပါဝင်မှု နှင့် ပတ်သက်၍ ဆန်းစစ်ရန် မသန်စွမ်းအဖွဲ့အစည်းများ၊ လူမှုရေး အဖွဲ့အစည်းများနှင့် ချိတ်ဆက်မှု ရှိမရှိ မေးမြန်းဖော်ထုတ်ခဲ့သည်။ တွေ့ရှိချက်အရ မသန်စွမ်းသူများ၏ ၂၈% မှာ မသန်စွမ်း အဖွဲ့အစည်းများနှင့် ပါဝင် ချိတ်ဆက်မှု ရှိပြီး ၁၆% မှာ ရပ်ရွာလူမှုရေးအဖွဲ့အစည်းများတွင် ပါဝင်မှုရှိကြောင်း သိရသည်။ တနည်းအားဖြင့် မသန်စွမ်းသူများ၏ ရပ်ရွာ လူ့ အဖွဲ့အစည်းတွင်း ပါဝင်မှုမှာ ၁၆% ခန့်သာ ရှိကြောင်း တွေ့ရှိရပါသည်။

ပုံ (၄.၁၄) မသန်စွမ်းအဖွဲ့၊ ရပ်ရွာအခြေပြုအဖွဲ့အစည်းများနှင့် ချိတ်ဆက်မှု




ရင်းမြစ် : စစ်တမ်းမှ အချက်အလက်များ

မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာ အမျိုးသားကော်မတီနှင့် မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ်ကို သိရှိမှုကို အောက်ပါ ဇယား (၄.၁၈) နှင့် ပုံ (၄.၁၅) တွင်ဖော်ပြထားပါသည်။


ဇယား (၄.၁၈) မသန်စွမ်းသူများ၏အခွင့်အရေးဆိုင်ရာ အမျိုးသားကော်မတီ နှင့် မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ်ကို သိရှိမှု

| အသင်းအဖွဲ့အမျိုးအစား | သိသည် | | မသိပါ | | စုစုပေါင်း |
|---|---|---|---|---|---|
| | ဖြေဆိုသူပေါင်း | ရာခိုင်နှုန်း | ဖြေဆိုသူပေါင်း | ရာခိုင်နှုန်း | |
| အမျိုးသားကော်မတီ | ၄၀၉ | ၁၇ | ၁၉၉၁ | ၈၃ | ၂၄၀၀ |
| မသန်စွမ်းအသင်းချုပ် | ၅၂၈ | ၂၂ | ၁၈၇၂ | ၇၈ | ၂၄၀၀ |

ရင်းမြစ် : စစ်တမ်းမှ အချက်အလက်များ

မသန်စွမ်းသူများအနေဖြင့် မသန်စွမ်းသူများ၏အခွင့်အရေးဥပဒေအရ ဖွဲ့စည်းထားသော မသန်စွမ်းသူများ၏ အခွင့်အရေး ဆိုင်ရာ အမျိုးသားကော်မတီကို သိရှိမှုအား လေ့လာရာ ဖြေဆိုသူ ၁၇% သည် သိရှိကြောင်းဖြေဆိုခဲ့ပြီး ၈၃% သည် မသိရှိကြောင်းဖြေဆိုခဲ့ပါသည်။ မြန်မာနိုင်ငံ မသန်စွမ်းသူများ အသင်းချုပ်ကို သိရှိမှုအား လေ့လာရာတွင်လည်း ဖြေဆိုသူ ၂၂% က သိရှိကြောင်းလေ့လာတွေ့ရသည့်အတွက် မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာအမျိုးသားကော်မတီထက် အနည်းငယ် ပိုသိသည်ကို တွေ့ရှိရသော်လည်း ၇၈% က မသိရှိကြောင်းဖြေဆိုခဲ့သည့်အတွက် မသိရှိသူများနေသေးကြောင်း လေ့လာ တွေ့ရှိရပါသည်။

ပုံ (၄.၁၅) မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာအမျိုးသားကော်မတီနှင့် မသန်စွမ်းသူများ အသင်းချုပ်ကို သိရှိမှု




ရင်းမြစ် : စစ်တမ်းမှ အချက်အလက်များ

### ၄-၁-၈။ အလုပ်အကိုင်ရှိသည့် မသန်စွမ်းသူများ၏ ခံစားချက်၊ အတွေ့အကြုံနှင့်ထင်မြင်ချက်များအား လေ့လာဆန်းစစ်ခြင်း

လက်ရှိလုပ်ငန်းခွင်တွင်ဝင်ရောက်လုပ်ကိုင်နေသော မသန်စွမ်းသူများကို ၎င်းတို့တစ်ဦးချင်းစီ၏ လက်ရှိအလုပ်အပေါ် ခံစားချက်၊ အမြင်များကို လေ့လာခဲ့ရာ တွေ့ရှိချက်များကို အောက်ပါ ဇယား (၄.၁၉) တွင် ဖော်ပြထားပါသည်။

ဇယား (၄.၁၉) မသန်စွမ်းသူများကို ၎င်းတို့၏လက်ရှိအလုပ်အပေါ် ခံစားချက်၊ အတွေ့အကြုံနှင့် ထင်မြင်ချက်များ

| အကြောင်းအရာ | အလွန်အားရသည် (၅) | အားရသည် (၄) | အသင့်တင့်အား ရသည် (၃) | အားမရပါ (၂) | လုံးဝအားမရပါ (၁) | ပျမ်းမျှခြင်း |
|---|---|---|---|---|---|---|
| ၁) လုပ်ငန်းခွင်တွင် သင်၏ လုပ်ရည်ကိုင်ရည်/ကျွမ်းကျင်မှု | ၁ (၁%) | ၄ (၄%) | ၃၃ (၃၃%) | ၄၇ (၄၇%) | ၁၅ (၁၅%) | ၃.၇ |
| ၂) လုပ်ငန်းခွင်အတွေ့အကြုံများသည် သင့်ဘဝ တိုးတက်ရေး အတွက် အထောက်အကူဖြစ်မှု | ၁ (၁%) | ၁၀ (၁၀%) | ၃၅ (၃၅%) | ၄၁ (၄၁%) | ၁၃ (၁၃%) | ၃.၆ |
| ၃) လုပ်ငန်းခွင် ပျော်ရွှင်မှု | ၀ (၀%) | ၂ (၂%) | ၃၆ (၃၆%) | ၄၈ (၄၈%) | ၁၄ (၁၄%) | ၃.၇ |
| ၄) လုပ်ငန်းခွင်တွင်း ဝန်ထမ်းများနှင့် ဆက်ဆံရေး | ၀ (၀%) | ၁ (၁%) | ၃၀ (၃၀%) | ၅၁ (၅၁%) | ၁၈ (၁၈%) | ၃.၉ |
| ၅) လုပ်ငန်းခွင်တွင် မသန်စွမ်း သူများ အတွက် စီစဉ် ဆောင်ရွက်ပေးမှုအခြေအနေ | ၁၄ (၁၄%) | ၆ (၆%) | ၃၆ (၃၆%) | ၃၃ (၃၃%) | ၁၁ (၁၁%) | ၃.၂ |
| ၆) လုပ်ခ လစာ | ၃ (၃%) | ၁၅ (၁၅%) | ၄၇ (၄၇%) | ၃၂ (၃၂%) | ၃ (၃%) | ၃.၂ |
| ၇) အလုပ်ချိန် | ၃% | ၅% | ၄၁% | ၄၄% | ၇% | ၃.၅ |
| ၈) တည်ဆဲ အလုပ်စည်းမျဉ်း၊ စည်းကမ်းများကို လိုက်နာလွယ်မှု | ၀ (၀%) | ၂ (၂%) | ၃၇ (၃၇%) | ၄၉ (၄၉%) | ၁၂ (၁၂%) | ၃.၇ |
| ၉) သင့်ကျွမ်းကျင်မှုနှင့် ကိုက်ညီမှု | ၅ (၅%) | ၃ (၃%) | ၃၇ (၃၇%) | ၃၅ (၃၅%) | ၂၀ (၂၀%) | ၃.၆ |
| ၁၀) သင့်မိသားစုအပေါ် ထောက်ပံ့နိုင်မှု | ၇ (၇%) | ၂၀ (၂၀%) | ၄၄ (၄၄%) | ၂၃ (၂၃%) | ၆ (၆%) | ၃.၀ |
| ၁၁) လုပ်ငန်းခွင်သို့ သွားလာလွယ်မှု | ၇ (၇%) | ၇ (၇%) | ၃၇ (၃၇%) | ၃၀ (၃၀%) | ၁၉ (၁၉%) | ၃.၅ |

ရင်းမြစ် : စစ်တမ်းမှ အချက်အလက်များ

စစ်တမ်းမေးခွန်းဖြေဆိုသူ မသန်စွမ်းသူများမှ လက်ရှိလုပ်ငန်းခွင်ဝင်ရောက်သူများ (၁၀၀) ဦးကို ၎င်းတို့တစ်ဦးချင်းစီ၏ လုပ်ငန်းခွင်အပေါ် စိတ်ကျေနပ်မှု အခြေအနေကို မေးခွန်း(၁၁)ခုဖြင့် ၎င်းတို့၏ ကျေနပ်အားရမှုပေါ်မူတည်ကာ ရမှတ်အနည်းဆုံး (၁) မှ အများဆုံး (၅)ထိ ရွေးချယ်စေခဲ့သည်။ ဖြေဆိုချက်များအရ လုပ်ငန်းခွင်အတွင်း လုပ်ရည်ကိုင်ရည်ကျွမ်းကျင်မှုအပေါ် ကျေနပ်အားရမှု ပျမ်းမျှ ၃.၇၊ လုပ်ငန်းခွင်အတွေ့အကြုံများသည် ဘဝတိုးတက်ရေးအတွက် အထောက်အကူပြုမှုတွင် ပျမ်းမျှ ၃.၆၊ လုပ်ငန်းခွင် ပျော်ရွှင်မှုတွင် ၃.၇၊ လုပ်ငန်းခွင်အတွင်း ဝန်ထမ်းများနှင့် ဆက်ဆံရေးတွင် အားရကျေနပ်မှု ၃.၉၊ လုပ်ငန်းခွင်တွင် မသန်စွမ်းသူများအတွက် စီစဉ်ဆောင်ရွက်ပေးမှုများအပေါ်အားရကျေနပ်မှု ၃.၂၊ လုပ်ခလစာအပေါ် ကျေနပ်မှု

၃.၂%၊ အလုပ်ချိန်နှင့် ပတ်သက်၍ ၃.၅၊ တည်ဆဲလုပ်ငန်းခွင် စည်းမျဉ်းစည်းကမ်းများကို လိုက်နာလွယ်မှုတွင် ၃.၇၊ မိမိကျွမ်းကျင်မှုနှင့် ကိုက်ညီမှု ၃.၆%၊ မိသားစု အပေါ် ထောက်ပံ့နိုင်မှုတွင် ၃.၀၊ လုပ်ငန်းခွင်သို့ သွားလာလွယ်မှုတွင် ၃.၅ အသီးသီး ရှိကြောင်း ဖြေဆိုခဲ့ကြသည်။

၎င်းတို့၏ လုပ်ငန်းခွင်တွင် စိတ်ကျေနပ်မှု အခြေအနေကို ဖြေဆိုရာတွင် ပျမ်းမျှ ရမှတ် (၃.၀) နှင့် အထက်ရှိသည်ကို တွေ့ရသည်။ ထို့ကြောင့် အလုပ်အကိုင်ရှိသည့် မသန်စွမ်း သူများ၏ လုပ်ငန်းခွင် ဝင်ရောက်မှုတွင် စိတ်ကျေနပ်အားရမှုရှိသည်ကို တွေ့ရှိရပါသည်။ မိသားစုပေါ်ထောက်ပံ့နိုင်မှုသည် ပျမ်းမျှ (၃.၀) ဖြစ်ပြီး ကျေနပ်မှု အနည်းဆုံးဖြစ်ပါသည်။

## ၄-၁-၉။ လက်ရှိအလုပ်အကိုင်မရှိသည့် မသန်စွမ်းသူများမှ အလုပ်လုပ်လိုသော ဆန္ဒအား လေ့လာဆန်းစစ်ခြင်း

လက်ရှိလုပ်ငန်းခွင်သို့မဝင်ရောက်နိုင်သေးသည့် မသန်စွမ်းသူများအား ၎င်းတို့တစ်ဦးချင်းစီ၏ အလုပ်လုပ်လိုသော စိတ်န္ဒထက်သန်မှုအခြေအနေကို လေ့လာရာတွင် တွေ့ရှိချက်များကို အောက်ပါ ဇယား (၄.၂၀) တွင် ဖော်ပြထားပါသည်။

ဇယား (၄.၂၀) လက်ရှိအလုပ်အကိုင်မရှိသည့် မသန်စွမ်းသူများ၏ အလုပ်လုပ်လိုသော စိတ်ဆန္ဒရှိမှု အခြေအနေ

| အကြောင်းအရာ | အလွန်များ ၅ | များ ၄ | သင့်တင့် ၃ | အနည်းငယ် ၂ | လုံးဝမရှိ ၁ | ပျမ်းမျှခြင်း |
|---|---|---|---|---|---|---|
| အလုပ်လုပ်လိုဆန္ဒ | ၃၈၄ (၂၅%) | ၄၀၀ (၂၆%) | ၃၀၇ (၂၀%) | ၁၃၉ (၉%) | ၃၀၇ (၂၀%) | ၃.၃ |
| အလုပ်အကိုင်ရရှိရေးသည် သင့်ဘဝအတွက် အရေးပါမှု | ၃၆၉ (၂၄%) | ၄၄၆ (၂၉%) | ၃၂၃ (၂၁%) | ၁၂၃ (၈%) | ၂၇၇ (၁၈%) | ၃.၃ |
| လုပ်ငန်းခွင်ဝင်ရန် အဆင်သင့် ဖြစ်နေပြီဟု မိမိကိုယ်ကို ယုံကြည်မှုရှိခြင်း | ၂၆၁ (၁၇%) | ၃၆၉ (၂၄%) | ၃၅၄ (၂၃%) | ၂၁၅ (၁၄%) | ၃၃၈ (၂၂%) | ၃.၀ |
| အခြားမြို့ရွာတွင် သွားရောက် လုပ်ကိုင်ရန် ဆန္ဒ | ၁၃၈ (၉%) | ၂၀၀ (၁၃%) | ၁၆၉ (၁၁%) | ၁၆၉ (၁၁%) | ၈၆၁ (၅၆%) | ၂.၁ |
| အလုပ်ရရှိရေးအတွက် လိုအပ်သော အသက်မွေးဝမ်းကျောင်း သင်တန်းများ တက်ရောက်လိုသော | ၂၁၅ (၁၄%) | ၃၃၈ (၂၂%) | ၂၆၁ (၁၇%) | ၁၈၄ (၁၂%) | ၅၃၈ (၃၅%) | ၂.၇ |

ရင်းမြစ် : စစ်တမ်းမှ အချက်အလက်များ

လက်ရှိ လုပ်ငန်းခွင် မဝင်ရောက်သေးသော မသန်စွမ်းသူ ၁၅၃၇ ဦးအား လုပ်ငန်းခွင် ဝင်ရောက်လိုသည့် ဆန္ဒများနှင့် ပတ်သက်၍ အမြင့်ဆုံး ရမှတ် (၅) မှ အနိမ့်ဆုံး ရမှတ် (၁) အထိသတ်မှတ်လျက် မေးမြန်းခဲ့ပါသည်။ ဖြေဆိုသူများ၏ အလုပ်လုပ်ရန် ဆန္ဒရှိမှုမှာ ပျမ်းမျှရမှတ် (၃.၃) ၊ အလုပ်အကိုင်ရရှိရေးသည် ဘဝအတွက် အရေးပါမှု မေးခွန်းအား ပျမ်းမျှရမှတ် (၃.၃) ၊ လုပ်ငန်းခွင်ဝင်ရန် အဆင်သင့်ဖြစ်နေပြီဟု မေးခွန်းအား ပျမ်းမျှရမှတ် (၃.၀) ၊ အခြားမြို့ရွာများတွင် အလုပ်လုပ်ကိုင်ရန် ဆန္ဒရှိသူ မေးခွန်း၌ ပျမ်းမျှ ရမှတ် (၂.၁)၊ အလုပ်ရရှိရေးအတွက် လိုအပ်သော သင်တန်းများသို့ တက်ရောက်ရန် ဆန္ဒရှိသူ မေးခွန်း၌ ပျမ်းမျှ ရမှတ် (၂.၇) အသီးသီး ဖြေဆို ကြသည်ကို တွေ့ရှိရပါသည်။

ထို့ကြောင့် မသန်စွမ်းသူများအနေဖြင့် အခြားမြို့ရွာများတွင် သွားရောက် အလုပ်လုပ်ကိုင်လိုသည့် ဆန္ဒမှာ ရမှတ် အနည်းဆုံး ဖြစ်ပြီး အလုပ်ရရှိရေးအတွက် သင်တန်းများ မတက်ရောက်လိုသည့် မသန်စွမ်းသူများမှာလည်း အနိမ့်ဆုံး ရမှတ်ရှိသည်ကို တွေ့ရှိရပါသည်။

## ၄-၁-၁၀။ ရွေးချယ်လုပ်ကိုင်လိုသော အလုပ်အကိုင်ကို လေ့လာဆန်းစစ်ခြင်း

မသန်စွမ်းသူများကို ၎င်းတို့အနေဖြင့် ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းနှင့် ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုမှုအခြေအနေအား လေ့လာရာတွင် တွေ့ရှိချက်ကို အောက်ပါ ဇယား (၄.၂၁) တွင်ဖော်ပြထားပါသည်။


ဇယား (၄.၂၁) ရွေးချယ်လုပ်ကိုင်လိုသော အလုပ်အကိုင်

| ကိုယ်ပိုင်စီးပွားရေး သို့ ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုမှု | စုစုပေါင်း | ရာခိုင်နှုန်း |
|---|---|---|
| ကိုယ်ပိုင်စီးပွားရေးလုပ်ငန်း | ၁၄၅၈ | ၆၁ |
| ဝန်ထမ်း | ၁၂၂ | ၅ |
| ကိုယ်ပိုင်စီးပွားရေးနှင့် ဂန်ထမ်း နှစ်မျိုးစလုံး | ၂၂၆ | ၉ |
| အလုပ် မလုပ်လိုသူ | ၅၉၄ | ၂၅ |
| စုစုပေါင်း | ၂၄၀၀ | ၁၀၀ |

ရင်းမြစ် : စစ်တမ်းမှ အချက်အလက်များ

စစ်တမ်းတွင် မသန်စွမ်းသူများကို ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းနှင့် ဝန်ထမ်း မည်သည်ကို ပိုမိုအားသန်ကြောင်း ထည့်သွင်းမေးမြန်းခဲ့ရာ ဖြေဆိုသူ ၅% က ဝန်ထမ်းအလုပ်ကိုလည်းကောင်း၊ ၆၁% က ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းကိုလည်းကောင်း၊ ၉% က (၂) မျိုးစလုံး လုပ်ကိုင်လိုကြောင်း အသီးသီးဖြေဆိုခဲ့သည်။ မည်သည့်လုပ်ငန်းကိုမျှ မလုပ်ကိုင်လိုသူမှာ ၂၅% ရှိကြောင်း တွေ့ရသည်။ ယင်းမှာ မသန်စွမ်းမှု ပြင်းထန်ခြင်းကြောင့် လည်းကောင်း၊ မိသားစုနှင့် ပတ်ဝန်းကျင်၏ အားပေးမှု မရှိခြင်းကြောင့် လည်းကောင်း၊ မိမိကိုယ်ကို ယုံကြည်မှု မရှိခြင်းကြောင့်လည်းကောင်း၊ ယခုကဲ့သို့ ဖြေဆိုခြင်းဖြစ်သည်ဟု သုံးသပ်ပါသည်။

ပုံ (၄.၁၆) ကိုယ်ပိုင် စီးပွားရေးလုပ်ငန်းနှင့် ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုမှု




ရင်းမြစ် : စစ်တမ်းမှ အချက်အလက်များ

**၄-၁-၁၁။ အများပြည်သူသုံး သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ပတ်သက်၍ စီးနင်းနိုင်မှု အခြေအနေအား လေ့လာ ခြင်း**

မသန်စွမ်းသူများ လုပ်ငန်းခွင်ဝင်ရောက်ရာတွင် အများပြည်သူအတွက် စီစဉ်ထားသည့် သယ်ယူပို့ဆောင်ရေးကို လက်လှမ်းမီမှုအခြေအနေကို လေ့လာတွေ့ရှိချက်များကို အောက်ပါ ဇယား (၄.၂၂) တွင် ဖော်ပြထားပါသည်။

ဇယား (၄.၂၂) မသန်စွမ်းသူများ အများပြည်သူ သယ်ယူပို့ဆောင်ရေးကို လက်လှမ်းမီမှု

| အများပြည်သူ သယ်ယူပို့ဆောင်ရေး ကို လက်လှမ်းမီမှု | စုစုပေါင်း | ရာခိုင်နှုန်း |
|---|---|---|
| မသုံးနိုင်ပါ | ၁၅၆၃ | ၆၅ |
| သုံးနိုင်သည် | ၈၃၇ | ၃၅ |
| **စုစုပေါင်း** | ၂၄၀၀ | ၁၀၀ |

ရင်းမြစ် : စစ်တမ်းမှ အချက်အလက်များ

အများပြည်သူသုံး သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ပတ်သက်၍ စီးနင်းနိုင်မှု အခြေအနေအား အခြေအနေအား ဆန်းစစ်ခဲ့ရာတွင် ၃၅% က သာ လက်လှမ်းမီပြီး ကျန် ၆၅% မှာ စီးနင်းရန်အခက်အခဲ ရှိကြောင်း သိရသည်။

## ၄-၂။ မသန်စွမ်းသူများ၏ မိဘ/အုပ်ထိန်းသူများ၏ ဖြေဆိုမှုများမှ လေ့လာတွေ့ရှိချက်များ

### ၄-၂-၁။ မသန်စွမ်းသူများ၏ မိဘ/အုပ်ထိန်းသူနှင့် သက်ဆိုင်သော အချက်အလက်များ

မသန်စွမ်းသူများ၏မိဘ/အုပ်ထိန်းသူများကို ပြည်နယ်(၄)ခုနှင့် တိုင်းဒေသကြီး(၆)ခုတွင် စစ်တမ်း ကောက်ယူခဲ့ပြီး အောက်ပါဇယား (၄.၂၃) နှင့် ပုံ (၄.၁၇) တွင် ဒေသအလိုက် မေးမြန်းခဲ့သည့် မိဘ/အုပ်ထိန်းသူ အချိုးအစားကို ဖော်ပြထားပါသည်။


ဇယား (၄.၂၃) ဒေသအလိုက် မေးမြန်းခဲ့သည့် မိဘ/ အုပ်ထိန်းသူ အချိုးအစား

| ပြည်နယ်နှင့် တိုင်းဒေသကြီး | ဖြေဆိုသူအရေအတွက် | ရာခိုင်နှုန်း |
|---|---|---|
| မွန်ပြည်နယ် | ၂၈ | ၆ |
| ဧရာဝတီတိုင်းဒေသကြီး | ၁၃၁ | ၂၆ |
| ပဲခူးတိုင်းဒေသကြီး | ၃၅ | ၇ |
| ကရင်ပြည်နယ် | ၃၁ | ၆ |
| မကွေးတိုင်း ဒေသကြီး | ၆၄ | ၁၃ |
| မန္တလေးတိုင်းဒေသကြီး | ၅၄ | ၁၁ |
| ရခိုင်ပြည်နယ် | ၃၁ | ၆ |
| ရှမ်းပြည်နယ် | ၅၂ | ၁၀ |
| ရန်ကုန်တိုင်းဒေသကြီး | ၇၄ | ၁၅ |
| စုစုပေါင်း | ၅၀၀ | ၁၀၀ |

ရင်းမြစ် : စစ်တမ်းမှ အချက်အလက်များ

မသန်စွမ်းသူများ၏ မိဘ/အုပ်ထိန်းသူများကို ဒေသအလိုက် မေးမြန်းခဲ့ရာ ဧရာဝတီတိုင်းတွင် ၂၆%၊ ရန်ကုန်တွင် ၁၅%၊ မကွေးတိုင်း ဒေသကြီးတွင် ၁၃% တို့ဖြင့် မေးမြန်းကောက်ယူခဲ့ရာ ဧရာဝတီတိုင်းမှ ဖြေဆိုသူ အများဆုံးဖြစ်သည်။

ပုံ (၄.၁၇) ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် ဖြေဆိုသူ အရေအတွက်




ရင်းမြစ် : စစ်တမ်းမှ အချက်အလက်များ


ဇယား (၄.၂၄) မိဘ/ အုပ်ထိန်းသူ ကျား၊ မ အမျိုးအစား

| ကျားမ | ဖြေဆိုသူ | ရာခိုင်နှုန်း |
|---|---|---|
| မ | ၃၂၈ | ၆၆ |
| ကျား | ၁၇၂ | ၃၄ |
| စုစုပေါင်း | ၅၀၀ | ၁၀၀ |

ရင်းမြစ် : စစ်တမ်းမှ အချက်အလက်များ

တိုင်းဒေသကြီးနှင့် ပြည်နယ်ဆယ်ခုတို့တွင် ကောက်ယူခဲ့သည့် မသန်စွမ်းသူများ၏ မိဘ/ အုပ်ထိန်းသူများကို ကျား၊ မ အမျိုးအစား ခွဲခြားရာတွင် ကျား ၃၄% နှင့် မ ၆၆% အမျိုးအစား ရှိကြောင်းတွေ့ရသည်။

ပုံ (၄.၁၈) မိဘ/အုပ်ထိန်းသူ ကျားမ အမျိုးအစား




ရင်းမြစ် : စစ်တမ်းမှ အချက်အလက်များ

## ၄-၂-၂။ လူမှုအသိုက်အဝန်းအတွင်း ပါဝင်မှုအခြေအနေ

မသန်စွမ်းသူများမိဘ/အုပ်ထိန်းသူများကို မိသားစုဝင် မသန်စွမ်းသူ၏ လူမှုအသိုက်အဂန်းအတွင်းပါဂင်မှု အခြေအနေကို လေ့လာတွေ့ရှိချက်များကို ဇယား (၄.၂၅) နှင့် ပုံ (၄.၁၉) တွင်ဖော်ပြထားပါသည်။


ဇယား (၄.၂၅) မသန်စွမ်းအဖွဲ့များနှင့် လူမှုရေးအဖွဲ့များတွင် ပါဂင်မှု အခြေအနေ

| အသင်းအဖွဲ့ အမျိုးအစား | ပါဝင်သည် | | မပါဝင်ပါ | | စုစုပေါင်း |
|---|---|---|---|---|---|
| | ဖြေဆိုသူ ဦးရေ | ရာခိုင်နှုန်း | ဖြေဆိုသူဦးရေ | ရာခိုင်နှုန်း | |
| မသန်စွမ်းအဖွဲ့အစည်းများ | ၁၃၁ | ၂၆ | ၃၆၉ | ၇၄ | ၅၀၀ |
| လူမှုရေးအဖွဲ့အစည်းများ | ၇၇ | ၁၅ | ၄၂၃ | ၈၅ | ၅၀၀ |

ရင်းမြစ် : စစ်တမ်းမှ အချက်အလက်များ

မသန်စွမ်းသူများ၏ မိဘ/အုပ်ထိန်းသူများကို ၎င်းတို့၏ မသန်စွမ်းမှုအပေါ် အခြေခံလျက် လူမှုအသိုက်အဝန်းအတွင်း ပါဝင်နိုင်မှု အခြေအနေအား မသန်စွမ်းအဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများတွင် ပါဝင်လှုပ်ရှားမှု မည်ကဲ့သို့ ရှိသည်ကို မေးခွန်းများ မေးမြန်းခဲ့သည်။ မေးမြန်းချက်အရ ၎င်းတို့အုပ်ထိန်းမှုအောက်ရှိ မသန်စွမ်းသူများ၏ ၂၆% မှာ မသန်စွမ်းအဖွဲ့အစည်းများတွင်လည်းကောင်း၊ ၁၅% မှာ လူမှုရေးအဖွဲ့အစည်းများတွင် လည်းကောင်း၊ ပါဝင်မှုရှိကြောင်း တွေ့ရသည်။

ပုံ (၄.၁၉) မသန်စွမ်းအဖွဲ့များနှင့် လူမှုရေးအဖွဲ့များတွင် ပါဝင်ချိတ်ဆက်မှု အခြေအနေ




ရင်းမြစ် : စစ်တမ်းမှ အချက်အလက်များ

## ၄-၂-၃။ မသန်စွမ်းသူများ၏ လုပ်ငန်းခွင်ဝင်ရောက်နိုင်မှု အပေါ် မိသားစုနှင့် ပတ်ဝန်းကျင်၏ သဘောထားအမြင်

မသန်စွမ်းမိဘ/အုပ်ထိန်းသူများကို ၎င်းတို့၏မိသားစုဝင် မသန်စွမ်းသူ လုပ်ငန်းခွင်ဝင်ရောက်မှုအပေါ် မည်သို့ သဘောထား ရှိကြောင်း လေ့လာရာတွင် တွေ့ရှိချက်များကို အောက်ပါ ဇယား (၄.၂၆) နှင့် ပုံ (၄.၂၀) တွင် ဖော်ပြထားပါသည်။


ဇယား (၄.၂၆) မသန်စွမ်းသူ လုပ်ငန်းခွင် ဝင်ရောက်မှုအပေါ် သဘောထားအမြင်

| မိသားစုနှင့် ပတ်ဝန်းကျင်၏ သဘောထား | သဘောတူ | သဘောမတူ | စုစုပေါင်း | ရာခိုင်နှုန်း |
|---|---|---|---|---|
| မိသားစု၏ သဘောထားအမြင် | ၃၃၅ | ၁၆၅ | ၅၀၀ | ၆၇ |
| ပတ်ဝန်းကျင်၏ သဘောထားအမြင် | ၃၂၆ | ၁၇၄ | ၅၀၀ | ၆၅ |

ရင်းမြစ် : စစ်တမ်းမှ အချက်အလက်များ

မိသားစုဝင် မသန်စွမ်းသူများ၏ လုပ်ငန်းခွင်ဝင်ရောက်မှုနှင့် စပ်လျဉ်း၍ သဘောထားအမြင်များကို ဆန်းစစ်ခဲ့ရာ မိသားစုဝင် ၆၇% က လုပ်ငန်းခွင် ဝင်ရောက်သင့်ကြောင်းနှင့် ပတ်ဝန်းကျင်၏ ၆၅% ကလည်း သဘောတူကြောင်း ဖြေဆိုခဲ့သည်။ ယင်းမှာ မသန်စွမ်းသူများကို လုပ်ငန်းခွင်ဝင်ရောက်ရန် တိုက်တွန်းအားပေးမှု ရှိကြောင်း ဖော်ပြနေပါသည်။

ပုံ (၄.၂၀) မသန်စွမ်းသူ လုပ်ငန်းခွင်ဝင်ရောက်မှုအပေါ် မိသားစုနှင့် ပတ်ဝန်းကျင်၏ သဘောထားအမြင်




ရင်းမြစ် : စစ်တမ်းမှ အချက်အလက်များ

ရပ်ဝေးသို့သွားရောက်၍ လုပ်ကိုင်ရန် ခွင့်ပြုနိုင်မှုအခြေအနေကို လေ့လာရာတွင် တွေ့ရှိချက်များကို အောက်ပါ ဇယား (၄.၂၇) နှင့် ပုံ (၄.၂၁) တွင် ဖော်ပြထားပါသည်။


ဇယား (၄.၂၇) တနယ်တကျေးသို့ သွားရောက်လုပ်ကိုင်ရန် ခွင့်ပြုနိုင်မှု အခြေအနေ

| တနယ်တကျေးတွင် သွားရောက် လုပ်ကိုင်ခွင့် | ဖြေဆိုသူ | ရာခိုင်နှုန်း |
|---|---|---|
| သဘောတူသည် | ၁၅၃ | ၃၁ |
| သဘောမတူပါ | ၃၄၇ | ၆၉ |
| **စုစုပေါင်း** | **၅၀၀** | **၁၀၀** |

ရင်းမြစ် : စစ်တမ်းမှ အချက်အလက်များ

မသန်စွမ်းသူများကို တနယ်တကျေးသို့ သွားရောက် လုပ်ကိုင်ခွင့် ပြု/ မပြု နှင့် စပ်လျဉ်း၍ မသန်စွမ်းသူများ၏ မိဘ/ အုပ်ထိန်းသူ များကို မေးမြန်းခဲ့ရာ ခွင့်ပြုသည့်သူ ၃၁% ရှိပြီး စိတ်မချသောကြောင့် ခွင့်မပြုလိုသူ ၆၉% အထိ ရှိကြောင်း တွေ့ရသည်။ မသန်စွမ်းသူများကို ယုံကြည်စိတ်ချမှုမရှိခြင်းက အလုပ်အကိုင် နေရာဒေသမရွေး ရရှိရေးကို တားဆီးနေသော အချက်တစ်ခုဖြစ်သည်။

ပုံ (၄.၂၁) တနယ်တကျေးသို့ သွားရောက်လုပ်ကိုင်ရန် ခွင့်ပြုနိုင်မှု အခြေအနေ




ရင်းမြစ် : စစ်တမ်းမှ အချက်အလက်များ

မသန်စွမ်းသူ၏ လုပ်ငန်းခွင်ဝင်ရောက်ရန် ကျွမ်းကျင်မှုများရှိထားမှုအခြေအနေကို လေ့လာမှုကို အောက်ပါ ဇယား(၄.၂၈) နှင့် ပုံ (၄.၂၂) တွင် ဖော်ပြထားပါသည်။


ဇယား (၄.၂၈) အလုပ်အကိုင်နှင့် ပတ်သက်၍ မိသားစုဝင် မသန်စွမ်းသူအား မည်သည့်ကျွမ်းကျင်မှုများရှိကြောင်း ဆန်းစစ်ခြင်း

| ကျွမ်းကျင်မှုနှင့် အတွေ့အကြုံ | ဖြေဆိုသူ | ရာခိုင်နှုန်း |
|---|---|---|
| မရှိပါ | ၃၇၂ | ၇၄ |
| ကျွမ်းကျင်မှုနှင့် အတွေ့အကြုံရှိသည် | ၇၂ | ၁၄ |
| ကျွမ်းကျင်မှုသာ ရှိသည် | ၅၆ | ၁၁ |
| **စုစုပေါင်း** | **၅၀၀** | **၁၀၀** |

ရင်းမြစ် : စစ်တမ်းမှ အချက်အလက်များ

မိသားစုဝင်မသန်စွမ်းသူများ၏ အလုပ်အကိုင်နှင့် ပတ်သက်သော ကျွမ်းကျင်မှုနှင့် လုပ်ငန်းအတွေ့အကြုံများ မည်သို့ရှိသည်ကို မေးမြန်းခဲ့ရာ လုပ်ငန်းဆိုင်ရာ ကျွမ်းကျင်မှုရှိကြောင်း ဖြေဆိုသူ ၁၁%၊ ကျွမ်းကျင်မှုနှင့် အတွေ့အကြုံရှိကြောင်း ဖြေဆိုသူ ၁၄% နှင့် မည်သည့် အတွေ့အကြုံနှင့် ကျွမ်းကျင်မှုမျှ မရှိကြောင်း ဖြေဆိုသူ ၇၄% အထိရှိသည်ကိုတွေ့ရသည်။ ယင်းမှာ မသန်စွမ်းသူများကို အလုပ်အကိုင်အခွင့်အလမ်းနှင့် ပတ်သက်၍ ကျွမ်းကျင်မှု အရည်အသွေးများကို မြှင့်တင်ပေးရန် အရေးကြီးနေကြောင်း ဖော်ပြလျက်ရှိသည်။

ပုံ (၄.၂၂) လုပ်ငန်းခွင်ဝင်ရောက်နိုင်ရန် ကျွမ်းကျင်မှုများရှိထားမှု အခြေအနေ




ရင်းမြစ် : စစ်တမ်းမှ အချက်အလက်များ

## ၄-၂-၄။ မသန်စွမ်းမှုဆိုင်ရာ ဥပဒေမူဘောင်များကို သိရှိနားလည်မှုအား ဆန်းစစ်ခြင်း

မသန်စွမ်း မိဘ / အုပ်ထိန်းသူများအနေဖြင့် မသန်စွမ်းမှုဆိုင်ကာဥပဒေမူဘောင်များအား သိရှိမှုကို လေ့လာရာ တွေ့ရှိချက်များကို အောက်ပါ ဇယား (၄-၂၉) နှင့် ပုံ (၄-၂၃)တွင်ဖော်ပြထားပါသည်။


ဇယား (၄-၂၉) မသန်စွမ်းမှုဆိုင်ကာဥပဒေမူဘောင်များအား သိရှိမှု အခြေအနေ

| ဥပဒေမူဘောင်များ | သိရှိသည် | မသိရှိပါ | စုစုပေါင်း | ရာခိုင်နှုန်း |
|---|---|---|---|---|
| UNCRPD | ၇၁ | ၄၂၉ | ၅၀၀ | ၁၄ |
| မသန်စွမ်းအခွင့်အရေးဥပဒေ | ၉၇ | ၄၀၃ | ၅၀၀ | ၁၉ |
| မသန်စွမ်း အခွင့်အရေးနည်းဥပဒေများ | ၇၈ | ၄၂၂ | ၅၀၀ | ၁၆ |

ရင်းမြစ် : စစ်တမ်းမှ အချက်အလက်များ

မသန်စွမ်းသူများ၏ မိဘ/အုပ်ထိန်းသူများအား မသန်စွမ်းမှုဆိုင်ရာ ဥပဒေမူဘောင်များ သိရှိနားလည်မှုအခြေအနေ ဆန်းစစ်ခဲ့ရာ CRPD ကို သိရှိမှု ၁၄%၊ မသန်စွမ်းဥပဒေကို သိရှိမှု ၁၉% နှင့် နည်းဥပဒေများကို သိရှိမှု ၁၆% အသီးသီး ရှိကြောင်းတွေ့ရသည်။ ယင်းမှာ မသန်စွမ်းမှုဆိုင်ရာဥပဒေမူဘောင်များအား သိရှိနားလည်မှု ယခုထက်ပိုမိုမြှင့်တင်ပေးရန် လိုအပ်နေကြောင်း ဖော်ပြလျက်ရှိသည်။

ပုံ (၄.၂၃) မသန်စွမ်းမှုဆိုင်ရာ ဥပဒေမူဘောင်များကို သိရှိမှု




ရင်းမြစ် : စစ်တမ်းမှ အချက်အလက်များ

## ၄-၂-၅။ မသန်စွမ်းသူများ၏အခွင့်အရေးဆိုင်ရာ အမျိုးသားကော်မတီနှင့် မြန်မာနိုင်ငံမသန်စွမ်းသူများ အသင်းချုပ်ကို သိရှိမှု

မသန်စွမ်းသူမိဘ/အုပ်ထိန်းသူများ၏ မသန်စွမ်းသူများ၏အခွင့်အရေးဆိုင်ရာ အမျိုးသားကော်မတီနှင့် မြန်မာနိုင်ငံ မသန်စွမ်းသူများ အသင်းချုပ်ကို သိရှိမှုကို လေ့လာရာတွင် တွေ့ရှိချက်ကို အောက်ပါ ဇယား(၄.၃၀)တွင် ဖော်ပြထားပါသည်။

ဇယား (၄.၃၀) မသန်စွမ်းသူများ၏အခွင့်အရေးဆိုင်ရာ အမျိုးသားကော်မတီနှင့် မြန်မာနိုင်ငံမသန်စွမ်းသူများ အသင်းချုပ်ကို သိရှိမှု

| ကော်မတီ/အသင်းအဖွဲ့ အမည် | သိပါသည် | | မသိပါ | | စုစုပေါင်း |
|---|---|---|---|---|---|
| | ဖြေဆိုသူဦးရေ | ရာခိုင်နှုန်း | ဖြေဆိုသူဦးရေ | ရာခိုင်နှုန်း | |
| မသန်စွမ်းသူများအခွင့်အရေးဆိုင်ရာ အမျိုးသားကော်မတီ | ၁၀၀ | ၂၀ | ၄၀၀ | ၈၀ | ၅၀၀ |
| မြန်မာနိုင်ငံ မသန်စွမ်းသူများအသင်းချုပ် | ၁၂၉ | ၂၆ | ၃၇၁ | ၇၄ | ၅၀၀ |

ရင်းမြစ် : စစ်တမ်းမှ အချက်အလက်များ

မသန်စွမ်းသူများ၏ မိဘ/အုပ်ထိန်းသူများကို မသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာ အမျိုးသားကော်မတီနှင့် မြန်မာနိုင်ငံ မသန်စွမ်းသူများ အသင်းချုပ်ကို သိရှိမှုအား မေးမြန်းခဲ့ရာ အမျိုးသားကော်မတီကို သိရှိသူ ၂၀% နှင့် အသင်းချုပ်ကို သိရှိသူ ၂၆% အသီးသီး ရှိကြောင်း တွေ့ရသည်။

## ၄-၂-၆။ မသန်စွမ်းသူများ၏ မိဘ/ အုပ်ထိန်းသူများ၏ အကြံပြုချက်များ

မသန်စွမ်းသူများ၏ မိဘ/အုပ်ထိန်းသူများ၏ အကြံပြုချက်များမှာ မသန်စွမ်းသူများအတွက် သက်မွေးပညာသင်တန်းကျောင်းများကို တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် ဖွင့်လှစ်နိုင်ရေး နိုင်ငံတော်မှ ဆောင်ရွက်ပေးစေလိုကြပါသည်။ မသန်စွမ်းသူများအတွက် လက်မှုပညာ/ အိမ်တွင်းမှုပညာများကို သင်ကြားပေးရန် အကြံပြုကြပါသည်။ မသန်စွမ်းသူများ ပညာရေးကို လက်လှမ်းမှီနိုင်ရေးအတွက် လိုအပ်သည့် ပံ့ပိုးမှုများပြုပေးရန်နှင့် မသန်စွမ်းသူများနှင့် သင့်လျော်သည့် လုပ်ငန်းခွင်သို့ ဝင်ရောက်လုပ်ကိုင်ခွင့်ရရှိရေးအတွက် တာဝန်ရှိသူများမှ စီမံဆောင်ရွက်ပေးရန် အကြံပြုကြပါသည်။ အစိုးရ

ဌာနများတွင် မသန်စွမ်းသူများကို ခန့်ထားရေး ဆောင်ရွက်ပေးပါရန်၊ မသန်စွမ်းသူများအတွက် ကျန်းမာရေး စောင့်ရှောက်မှု အစီအစဉ်များ ဆောင်ရွက်ပေးပါရန်၊ မသန်စွမ်းမှုဆိုင်ရာ အသိပညာပေးအစီအစဉ်များကို သက်ဆိုင်ရာ မသန်စွမ်း အဖွဲ့အစည်း များမှ ပိုမိုလုပ်ဆောင်ပေးပါရန်၊ မသန်စွမ်းသူများကို စိတ်ပိုင်းဆိုင်ရာ မြှင့်တင်ရေး အစီအစဉ်များ ဆောင်ရွက်ပေးပါရန်၊ ဉာဏ်ရည် မသန်စွမ်းသူများအတွက် သီးသန့်လုပ်ငန်းခွင် ဖန်တီးပေးပါရန်၊ မသန်စွမ်းသူများကို ခွဲခြား ဆက်ဆံမှုများမရှိပဲ တန်းတူ အခွင့်အရေးရရှိအောင် ဆောင်ရွက်ပေးပါရန်၊ ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသော မသန်စွမ်းသူများ အတွက် မတည်ရင်းနှီးငွေ ထောက်ပံ့ရန်နှင့် ငွေကြေးစီမံခန့်ခွဲမှု သင်တန်းများ ပို့ချပေးပါရန်၊ စိုက်ပျိုးရေး၊ မွေးမြူရေး သင်တန်းများ ပို့ချပေးပါရန်၊ လူမှုအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ မသန်စွမ်းသူများကို စွမ်းရည်မြှင့်သင်တန်းများ ပို့ချပေးရန် နှင့် အလုပ်လုပ်ကိုင်နိုင်ရေး အတွက် လိုအပ်သည့် ထောက်ပံ့ ကူညီမှုများ ဆောင်ရွက်ပေးပါရန် အကြံပြုကြပါသည်။

## ၄-၃။ စီးပွားရေး လုပ်ငန်းရှင်များ၏ ဖြေဆိုမှုများမှ လေ့လာတွေ့ရှိချက်များ

### ၄-၃-၁။ စီးပွားရေးလုပ်ငန်းရှင်များနှင့် သက်ဆိုင်သော အချက်အလက်များ

မသန်စွမ်းသူများအလုပ်အကိုင်ရရှိရေးအပေါ် စီးပွားရေးလုပ်ငန်းရှင်များ၏ အမြင်သဘောထားကို လေ့လာရာတွင် ပါဝင်ဖြေဆိုပေးခဲ့သော ဒေသအလိုက် စီးပွားရေးလုပ်ငန်းရှင်များကို ဇယား(၄.၃၁)နှင့် ပုံ (၄.၂၄) တွင် ဖော်ပြထားပါသည်။ ဖြေဆိုခဲ့သော လုပ်ငန်းရှင်/လုပ်ငန်းတာဝန်ရှိသူ ကျား၊မ အချိုးကို ဇယား(၄ ၃၂) တွင်ဖော်ပြထားပါသည်။ ဖြေဆိုသူ လုပ်ငန်းရှင် များ၏ လုပ်ငန်းအမျိုးအစားကို ဇယား(၄.၃၃) နှင့် လုပ်ငန်းအရွယ်အစားကို ဇယား(၄.၃၅) နှင့် ပုံ (၄.၂၅) တွင် ဖော်ပြထား ပါသည်။


**ဇယား (၄.၃၁) ဒေသအလိုက် မေးမြန်းခဲ့သည့် လုပ်ငန်းရှင်များ**

| တိုင်းဒေသကြီး/ ပြည်နယ် | ဖြေဆိုသူ | ရာခိုင်နှုန်း |
|---|---|---|
| မွန်ပြည်နယ် | ၁၇ | ၉ |
| ဧရာဝတီတိုင်းဒေသကြီး | ၂၀ | ၁၀ |
| ပဲခူးတိုင်းဒေသကြီး | ၁၅ | ၈ |
| ကရင်ပြည်နယ် | ၇ | ၄ |
| မကွေးတိုင်း | ၉ | ၅ |
| မန္တလေးတိုင်း | ၃၅ | ၁၈ |
| ရခိုင်ပြည်နယ် | ၁၆ | ၈ |
| စစ်ကိုင်းတိုင်း | ၈ | ၄ |
| ရှမ်းပြည်နယ် | ၆ | ၃ |
| ရန်ကုန်တိုင်းဒေသကြီး | ၆၇ | ၃၄ |
| **စုစုပေါင်း** | **၂၀၀** | **၁၀၀** |

ရင်းမြစ် : စစ်တမ်းမှ အချက်အလက်များ

တိုင်းဒေသကြီးနှင့် ပြည်နယ်ဆယ်ခုတို့တွင် လုပ်ငန်းရှင်များကို စစ်တမ်းမေးခွန်းများမေးမြန်းခဲ့ရာ ရန်ကုန်တိုင်း ဒေသကြီး တွင် ၃၄%၊ မန္တလေးတိုင်းဒေသကြီးတွင် ၁၈% နှင့် ဧရာဝတီတိုင်းဒေသကြီးတွင် ၁၀% အသီးသီး မေးမြန်းခဲ့သည်။ စက်ရုံ အလုပ်ရုံများ အဓိက တည်ရှိရာ ရန်ကုန်တိုင်းဒေသကြီးရှိ လုပ်ငန်းရှင်များကို အများဆုံး မေးမြန်းခဲ့ပါသည်။

ပုံ (၄.၂၄) ဒေသအလိုက် မေးမြန်းခဲ့သည့် လုပ်ငန်းရှင်များ




ရင်းမြစ် : စစ်တမ်းမှ အချက်အလက်များ

ဇယား (၄.၃၂) စီးပွားရေး လုပ်ငန်းရှင်များ၏ ကျား၊ မ အချိုး

| ကျား၊ မ | ဖြေဆိုသူ | ရာခိုင်နှုန်း |
|---|---|---|
| မ | ၈၆ | ၄၃ |
| ကျား | ၁၁၄ | ၅၇ |
| စုစုပေါင်း | ၂၀၀ | ၁၀၀ |

ရင်းမြစ် : စစ်တမ်းမှ အချက်အလက်များ

လေ့လာမှုတွင် ဖြေဆိုသူ စီးပွားရေး လုပ်ငန်းရှင်များ၏ ၄၃% မှာ အမျိုးသမီးများ ဖြစ်ပြီး ၅၇% မှာ အမျိုးသားများဖြစ်သည်။

ဇယား (၄.၃၃) စီးပွားရေးလုပ်ငန်း အမျိုးအစား

| စီးပွားရေးလုပ်ငန်းအခြေအနေ | ဖြေဆိုသူ | ရာခိုင်နှုန်း |
|---|---|---|
| တစ်ဦးတည်းပိုင် | ၁၇၁ | ၈၅ |
| အများပိုင် | ၂၉ | ၁၅ |
| စုစုပေါင်း | ၂၀၀ | ၁၀၀ |

ရင်းမြစ် : စစ်တမ်းမှ အချက်အလက်များ

လေ့လာမှုတွင် တွေ့ဆုံမေးမြန်းခဲ့သည့် စီးပွားရေးလုပ်ငန်းရှင်များ၏ စီးပွားရေးလုပ်ငန်းအမျိုးအစားများမှာ တစ်ဦးတည်းပိုင် ၈၅% နှင့် အများပိုင် စီးပွားရေး လုပ်ငန်းမှာ ၁၅% ရှိပါသည်။


ဇယား (၄.၃၄) စီးပွားရေးလုပ်ငန်းရှင်များ၏ စီးပွားရေးလုပ်ငန်း အရွယ်အစား

| စီးပွားရေးလုပ်ငန်း အရွယ်အစား | ဖြေဆိုသူ | ရာခိုင်နှုန်း |
|---|---|---|
| အကြီးစား | ၂၀ | ၁၀ |
| အလတ်စား | ၁၀ | ၅ |
| အသေးစား | ၁၇၀ | ၈၅ |
| စုစုပေါင်း | ၂၀၀ | ၁၀၀ |

ရင်းမြစ် : စစ်တမ်းမှ အချက်အလက်များ

လေ့လာမှုတွင် စီးပွားရေးလုပ်ငန်းများ၏ လုပ်ငန်းအရွယ်အစားများမှာ အသေးစားလုပ်ငန်းများ ၈၅%မှာ အများဆုံး ဖြစ်ပြီး အလတ်စား စီးပွားရေးလုပ်ငန်း ၅% နှင့် အကြီးစား စီးပွားရေးလုပ်ငန်းများမှာ ၁၀% ရှိသည်ကို တွေ့ရှိရပါသည်။

ပုံ (၄.၂၅) စီးပွားရေးလုပ်ငန်းများ၏ အရွယ်အစား




ရင်းမြစ် : စစ်တမ်းမှ အချက်အလက်များ

## ၄-၃-၂။ မသန်စွမ်းဝန်ထမ်းများကို ခန့်အပ်မှု အခြေအနေအား ဆန်းစစ်ခြင်း

စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ၎င်းတို့၏ လုပ်ငန်းများတွင် မသန်စွမ်းသူများကို ဂန်ထမ်းအဖြစ်ခန့် ထားမှု အခြေအနေကို လေ့လာရာတွင် တွေ့ရှိချက်များကို အောက်ပါ ဇယား (၄.၃၅) နှင့် ပုံ (၄.၂၆) တွင် ဖော်ပြထားပါသည်။


ဇယား (၄.၃၅) စီးပွားရေးလုပ်ငန်းများတွင် မသန်စွမ်းသူများကို ဂန်ထမ်းခန့်ထားမှုအခြေအနေ

| စီးပွားရေးလုပ်ငန်းများတွင် မသန်စွမ်းသူများကို ခန့်ထားမှုအခြေအနေ | လုပ်ငန်း အရေအတွက် | ရာခိုင်နှုန်း |
|---|---|---|
| လက်ရှိခန့်ထားသည် | ၅၀ | ၂၅ |
| ယခင်က ခန့်ထားဘူးသည် | ၁၁ | ၆ |
| တခါမှ မခန့်ဘူးသေးပါ | ၁၃၉ | ၇၀ |
| **စုစုပေါင်း** | ၂၀၀ | ၁၀၀ |

ရင်းမြစ် : စစ်တမ်းမှ အချက်အလက်များ

လုပ်ငန်းရှင်များကို မသန်စွမ်းဝန်ထမ်းခန့်အပ်မှု အခြေအနေအား ဆန်းစစ်ခဲ့ရာ မသန်စွမ်းသူများကို တစ်ခါမှ အလုပ် မခန့်ဖူးသည့် အရေတွက် ၇၀%၊ လက်ရှိခန့်အပ်ထားသည့် လုပ်ငန်းရှင် အရေအတွက် ၂၅% နှင့် ယခင်က မသန်စွမ်း ဝန်ထမ်းခန့်အပ်ဖူးသော်လည်း လက်ရှိ မရှိသည့် လုပ်ငန်းရှင် အရေအတွက် ၆% ရှိကြောင်း သိရသည်။

ပုံ (၄.၂၆) စီးပွားရေး လုပ်ငန်းများတွင် မသန်စွမ်းသူများကို ဝန်ထမ်းအဖြစ်ခန့်ထားမှု အခြေအနေ




ရင်းမြစ် : စစ်တမ်းမှ အချက်အလက်များ

အနာဂတ်တွင် လုပ်ငန်းရှင်များအနေဖြင့် မသန်စွမ်းသူများကို ဝန်ထမ်းခန့်ထားရန် အစီအစဉ်ကို လေ့လာရာတွေ့ရှိချက်များကို ဇယား (၄.၃၆) တွင် ဖော်ပြထားပါသည်။

ဇယား (၄.၃၆) အနာဂတ်တွင် မသန်စွမ်းဝန်ထမ်းများ ခန့်အပ်ရန် အစီအစဉ်ရှိမရှိ ဆန်းစစ်ခြင်း

| အနာဂတ်တွင် မသန်စွမ်း ဝန်ထမ်းများကို ခန့်အပ်ရန် အစီအစဉ် | ဖြေဆိုသူ | ရာခိုင်နှုန်း |
|---|---|---|
| ဝန်ထမ်းခန့်ရန်အစီအစဉ် ရှိသည် | ၁၂၆ | ၆၃ |
| ဝန်ထမ်းခန့်ရန်အစီအစဉ် မရှိပါ | ၇၄ | ၃၇ |
| **စုစုပေါင်း** | ၂၀၀ | ၁၀၀ |

ရင်းမြစ် : စစ်တမ်းမှ အချက်အလက်များ

လေ့လာမှုတွင် လုပ်ငန်းရှင်များအား ၎င်းတို့၏ အနာဂတ်တွင် မသန်စွမ်းဝန်ထမ်းများ ခန့်အပ်ရန် အစီအစဉ် ရှိမရှိ မေးမြန်းခဲ့ရာ ဖြေဆိုသူ ၃၇% က အစီအစဉ်မရှိကြောင်း၊ ၆၃% က ခန့်အပ်ရန် အစီအစဉ်ရှိကြောင်း ဖြေဆိုခဲ့ကြသည်။

မသန်စွမ်းသူများကို ခန့်မည်ဆိုပါက ခန့်လိုသည့် မသန်စွမ်း အရေအတွက်ကို လေ့လာရာတွေ့ရှိချက်များကို ဇယား (၄.၃၈) တွင် ဖော်ပြထားပါသည်။

ဇယား (၄.၃၇) အနာဂတ်တွင် မသန်စွမ်းသူများအား အလုပ်ခန့်ထားရန် အစီအစဉ်ရှိသည့် လုပ်ငန်းရှင်များက ခန့်အပ်လိုသည့် မသန်စွမ်းဝန်ထမ်း အရေ အတွက်

| ခန့်အပ်လိုသည့် အရေအတွက် | ဖြေဆိုသူ | ရာခိုင်နှုန်း |
|---|---|---|
| ၁ | ၆၆ | ၃၃ |
| ၂ | ၃၂ | ၁၆ |
| ၃ | ၁၄ | ၇ |
| ၄ | ၂ | ၁ |
| ၅ | ၄ | ၂ |
| ၇ | ၁ | ၁ |
| ၁၀ | ၃ | ၂ |
| ၁၅ | ၁ | ၁ |
| မည်သည့်မှတ်ချက်မှ မပေးပါ | ၂ | ၁ |
| အနာဂတ်အစီအစဉ် မရှိပါ | ၇၄ | ၃၇ |
| စုစုပေါင်း | ၂၀၀ | ၁၀၀ |

ရင်းမြစ် : စစ်တမ်းမှ အချက်အလက်များ

အနာဂတ်တွင် မိမိတို့၏ စီးပွားရေးလုပ်ငန်းများတွင် မသန်စွမ်းသူများကို ဂန်ထမ်းအဖြစ် ခန့်နိုင်မည့် ခန့်မှန်း အရေအတွက်ကို လေ့လာရာတွင် ဝန်ထမ်းတစ်ဦး ခန့်အပ်ရန် အစီအစဉ်ရှိကြောင်း ဖြေဆိုသူ (၆၆)ဦး၊ ဂန်ထမ်း ၂ ဦး ခန့်အပ်နိုင်မည်ဟုဖြေဆိုသူ (၁၆)ဦး၊ ဂန်ထမ်း ၃ ဦး ခန့်အပ်ရန် ဖြေဆိုသူ (၇)ဦး နှင့် အများဆုံးဦးရေအဖြစ် ဂန်ထမ်း ၁၅ ဦး ခန့်အပ်ရန် ဖြေဆိုသူ (၁)ဦး ရှိသည်ကို လေ့လာတွေ့ရှိရပါသည်။ မိမိအနေဖြင့် အချိန်ယူစဉ်စားရန်လိုသဖြင့် ယခုဖြေဆိုမှုတွင် မည်သည့်မှတ်ချက်မှ မပေးလိုကြောင်း ဖြေဆိုသူ (၁) ဦး ရှိပါသည်။ မသန်စွမ်းသူများကို အလုပ်ခန့်အပ်ရန်အစီအစဉ် မရှိကြောင်း ဖြေဆိုသူ (၇၄)ဦး ရှိသည်ကို လေ့လာတွေ့ရှိရပါသည်။

မသန်စွမ်းသူများကို ဂန်ထမ်းခန့်လိုသည့် မသန်စွမ်းမှု အမျိုးအစားကို အောက်ပါ ဇယား (၄.၃၈) နှင့် ပုံ (၄.၂၇) တွင် ဖော်ပြထားပါသည်။


ဇယား (၄.၃၈) အလုပ်ခန့်အပ်လိုသည့် မသန်စွမ်းမှု အမျိုးအစားများ

| အနာဂတ်တွင် အလုပ်ခန့်လိုသည့် မသန်စွမ်းအမျိုးအစား | ဖြေဆိုသူ ပေါင်း | ရာခိုင်နှုန်း |
|---|---|---|
| နားမကြား | ၁၄ | ၇ |
| ကိုယ်အင်္ဂါမသန်စွမ်း | ၇၇ | ၃၉ |
| နားမကြားနှင့် ကိုယ်အင်္ဂါမသန်စွမ်း | ၃၃ | ၁၇ |
| မဖြေပါ | ၂ | ၁ |
| အလုပ်ခန့်ရန် မရှိပါ | ၇၄ | ၃၇ |
| စုစုပေါင်း | ၂၀၀ | ၁၀၀ |

ရင်းမြစ် : စစ်တမ်းမှ အချက်အလက်များ

အနာဂတ်တွင် မသန်စွမ်းဝန်ထမ်းများ ခန့်အပ်ရန် အစီအစဉ်ရှိသည့် လုပ်ငန်းရှင်များက ခန့်အပ်လိုသည့် မသန်စွမ်းမှု အမျိုးအစား များမှာ ကိုယ်အင်္ဂါမသန်စွမ်း ၃၉%၊ အကြားအာရုံနှင့် ကိုယ်အင်္ဂါ မသန်စွမ်းသူ ၁၇%၊ နားမကြားသူ ၇%၊ မည်သည့် မသန်စွမ်းမှု အမျိုးအစား မဆို ခန့်အပ်လိုသည့် လုပ်ငန်းရှင်က ၁% အသီးသီးရှိကြောင်း တွေ့ ရသည်။ လေ့လာမှုအရ လုပ်ငန်းရှင်များ၏ အနာဂတ် အစီအစဉ်တွင် ကိုယ်အင်္ဂါ မသန်စွမ်းသူများကို ဦးစားပေး အလုပ်ပေးလိုကြောင်း တွေ့ ရှိရပါသည်။ အမြင်အာရုံမသန်စွမ်းသူ နှင့် ဉာဏ်ရည် မသန်စွမ်းသူများကို အလုပ်ခန့်ထားလိုမှု မရှိသေးကြောင်း လည်း လေ့လာ တွေ့ ရှိရပါသည်။

ပုံ (၄.၂၇) အလုပ်ခန့်လိုသည့် မသန်စွမ်းမှု အမျိုးအစား




ရင်းမြစ် : စစ်တမ်းမှ အချက်အလက်များ

မသန်စွမ်းသူများကို ဝန်ထမ်းခန့်မည်ဆိုပါက အခက်အခဲ ရှိနိုင်မှု အခြေအနေကို လေ့လာရာတွေ့ရှိချက်များကို ဇယား (၄.၃၉) တွင် ဖော်ပြထားပါသည်။

ဇယား (၄.၃၉) လုပ်ငန်းခွင်တွင် မသန်စွမ်းသူများကို အလုပ်ခန့်ထားရေးအတွက် အခက်အခဲရှိမှု အခြေအနေ

| အခက်အခဲ ရှိ/မရှိ | ဖြေဆိုသူ | ရာခိုင်နှုန်း |
|---|---|---|
| မရှိနိုင်ပါ | ၁၂၆ | ၆၃ |
| ရှိနိုင်ပါသည် | ၇၄ | ၃၇ |
| **စုစုပေါင်း** | **၂၀၀** | **၁၀၀** |

ရင်းမြစ် : စစ်တမ်းမှ အချက်အလက်များ

လေ့လာမှုတွင် လုပ်ငန်းရှင်များ၏ ၆၃% ခန့်က မသန်စွမ်းဝန်ထမ်းများ ခန့်အပ်ရန် အခက်အခဲမရှိကြောင်းဖြေဆိုခဲ့ပြီး ၃၇% က အခက်အခဲများ ရှိနိုင်ကြောင်း ဖြေဆိုခဲ့ကြပါသည်။

### ၄.၃.၃။ မသန်စွမ်းသူများ လုပ်ငန်းခွင်ဝင်ရောက်မှုအပေါ် သဘောထားအမြင်

စီးပွားရေး လုပ်ငန်းရှင်များအနေဖြင့် မသန်စွမ်းသူများ လုပ်ငန်းခွင်ဝင်ရောက်မည်ဆိုပါက မည်ကဲ့သို့ သဘောထားရှိကြောင်း လေ့လာရာတွင် တွေ့ရှိချက်များကို အောက်ပါ ဇယား(၄.၄၀)နှင့် ပုံ (၄.၂၈) တွင် ဖော်ပြထားပါသည်။


ဇယား (၄.၄၀) စီးပွားရေးလုပ်ငန်းရှင်များ၏ မသန်စွမ်းသူများ လုပ်ငန်းခွင်ဝင်ရောက်မှုအပေါ် သဘောထားအမြင်

| အလုပ်ရှင်များ၏ သဘောထားအမြင် | ဖြေဆိုသူ အရေအတွက် | ရာခိုင်နှုန်း |
|---|---|---|
| မိသားစုလုပ်ငန်း၊ကိုယ်ပိုင်လုပ်ငန်းတွင်သာလုပ်သင့်သည်။ | ၄၈ | ၂၄ |
| မသန်စွမ်းအဖွဲ့အစည်းများမှစီစဉ်ပေးသောအလုပ်တွင်သာ လုပ်သင့်သည်။ | ၁၈ | ၉ |
| အခြားသူများနည်းတူ သင့်လျော်သော လုပ်ငန်းတွင် ဝင်ရောက်သင့်သည်။ | ၁၁၉ | ၆၀ |
| အခြား | ၂ | ၁ |
| အလုပ်မလုပ်သင့်ပါ။ | ၀ | ၀ |
| မည်သို့မျှ မထင်ပါ။ | ၁၃ | ၇ |
| စုစုပေါင်း | ၂၀၀ | ၁၀၀ |

ရင်းမြစ် : စစ်တမ်းမှ အချက်အလက်များ

လေ့လာမှုတွင် ဖြေဆိုသည့် လုပ်ငန်းရှင်များ၏ မသန်စွမ်းသူများအပေါ် သဘောထားအမြင်ကို မေးမြန်းရာ ကိုယ်ပိုင်လုပ်ငန်း/ မိသားစု လုပ်ငန်း တွင်သာ လုပ်ကိုင်သင့်သည်ဟု ဖြေဆိုသူ ၂၄%၊ မသန်စွမ်းသူများ သင့်လျော်သည့် မည်သည့်လုပ်ငန်းခွင်များသို့ ဝင်ရောက်သင့်သည်ဟု ဖြေဆိုသူ ၆၀%၊ မသန်စွမ်းအသင်းအဖွဲ့များ၏ အစီအစဉ်ဖြင့် တည်ထောင်ထားသော လုပ်ငန်းများတွင်သာ လုပ်သင့်သည်ဟု ဖြေဆိုသူ ၉%၊ မည်သည့်အကြောင်းပြချက် မပေးသည့် လုပ်ငန်းရှင် ၁၃% ဖြစ်ပြီး၊ မသန်စွမ်းသူများ လုပ်ငန်းခွင် သို့ လုံး၀ မဝင်ရောက်သင့်ကြောင်း ဖြေဆိုသူမရှိသည်ကို တွေ့ရပါသည်။

ပုံ (၄.၂၈) စီးပွားရေးလုပ်ငန်းရှင်များ၏ မသန်စွမ်းသူများ လုပ်ငန်းခွင်ဝင်ရောက်မှုအပေါ် သဘောထားအမြင်




ရင်းမြစ် : စစ်တမ်းမှ အချက်အလက်များ

### ၄-၃-၄။ မသန်စွမ်းသူများအလုပ်ခန့်ထားရေး ဝေပုံကျနှုန်းထားစနစ်အပေါ် သဘောထားအမြင်

မသန်စွမ်းသူများ အလုပ်ခန့်ထားရေးအတွက် မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေ (၂၀၁၅) တွင် ပါဝင်သည့် ဝေပုံကျနှုန်းထားသတ်မှတ်၍ အလုပ်ခန့်ထားပေးရေးအပေါ် စီးပွားရေးလုပ်ငန်းရှင်များ၏သဘောထားအမြင်ကို လေ့လာရာတွင် တွေ့ရှိချက်ကို အောက်ပါ ဇယား (၄.၄၁) နှင့် ပုံ (၄.၂၉) တွင် ဖော်ပြထားပါသည်။


ဇယား (၄.၄၁) ဝေပုံကျနှုန်းထားသတ်မှတ်၍ အလုပ်ခန့်ထားပေးရေးအပေါ် စီးပွားရေးလုပ်ငန်းရှင်များ၏ သဘောထားအမြင်

| ဝေပုံကျနှုန်းထားအပေါ် သဘောထားအမြင် | ဖြေဆိုသူ အရေအတွက် | ရာခိုင်နှုန်း |
|---|---|---|
| နှစ်ဦးနှစ်ဘက်အကျိုးရှိသည်။ | ၁၆၆ | ၈၃ |
| မသန်စွမ်းသူများအတွက်သာ အကျိုးရှိသည်။ | ၁၄ | ၇ |
| နှစ်ဦးနှစ်ဘက် အကျိုးမရှိပါ။ | ၇ | ၄ |
| မဖြေဆိုပါ။ | ၁၃ | ၇ |
| စုစုပေါင်း | ၂၀၀ | ၁၀၀ |

ရင်းမြစ် : စစ်တမ်းမှ အချက်အလက်များ

လေ့လာမှုတွင် မသန်စွမ်းသူများကို အလုပ်အကိုင်အခွင့်အလမ်းအတွက် ဝေပုံကျ ခွဲတမ်းစနစ် သတ်မှတ်မည်ဆိုပါက စီးပွားရေး လုပ်ငန်းရှင်များအနေဖြင့် မည်ကဲ့သို့ သဘောထားရှိမည်ကို လေ့လာရာ လုပ်ငန်းရှင်များ၏ ၈၃% က နှစ်ဖက်စလုံး အတွက် အကျိုးရှိကြောင်းဖြေဆိုပြီး၊ မသန်စွမ်းသူများအတွက်သာ အကျိုးရှိစေမည်ဟု ဖြေဆိုသူ ၇%၊ နှစ်ဖက်စလုံးအတွက် အဆင်မပြေနိုင်ဟု ဖြေဆိုသူ ၄% နှင့် ထင်မြင်ချက် မပေးနိုင်သူ ၇% အသီးသီးရှိသည်ကို တွေ့ရသည်။

ပုံ (၄.၂၉) ဝေပုံကျနှုန်းထားသတ်မှတ်၍ အလုပ်ခန့်ထားပေးရေးအပေါ် စီးပွားရေးလုပ်ငန်းရှင်များ၏ သဘောထားအမြင်




ရင်းမြစ် : စစ်တမ်းမှ အချက်အလက်များ

### ၄.၃.၅။ မသန်စွမ်းသူများကို အလုပ်ခန့်ထားပါက စီးပွားရေးလုပ်ငန်းများအတွက် အကျိုးကျေးဇူးရရှိမှုအပေါ် သဘောထား အမြင်

စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် မသန်စွမ်းသူများကို အလုပ်ခန့်ထားမည်ဆိုပါက အကျိုးကျေးဇူးရရှိနိုင်မှုအပေါ် သဘောထားအမြင်ကို လေ့လာရာတွင် တွေ့ရှိချက်များကို အောက်ပါ ဇယား (၄.၄၂)နှင့် ပုံ (၄.၃၀) တွင် ဖော်ပြထားပါသည်။


ဇယား (၄.၄၂) မသန်စွမ်းသူများအလုပ်ခန့်ထားလျှင် လုပ်ငန်းအပေါ် အကျိုးဖြစ်ထွန်းနိုင်မှုအပေါ် သဘောထားအမြင်

| မသန်စွမ်းသူများကို အလုပ်ခန့်ထားပါက အကျိုးဖြစ်ထွန်းနိုင်မှု အပေါ် သဘောထားအမြင် | ဖြေဆိုသူ | ရာခိုင်နှုန်း |
|---|---|---|
| အကျိုးဖြစ်ထွန်းမှု မရှိနိုင်ပါ | ၂၄ | ၁၂ |
| အကျိုးဖြစ်ထွန်းမှု ရှိနိုင်သည် | ၈၉ | ၄၅ |
| မခန့်မှန်းနိုင်ပါ | ၇၆ | ၃၈ |
| အခြား | ၁၁ | ၆ |
| **စုစုပေါင်း** | ၂၀၀ | ၁၀၀ |

ရင်းမြစ် : စစ်တမ်းမှ အချက်အလက်များ

လေ့လာမှုတွင် မသန်စွမ်းသူများကို အလုပ်ခန့်ထားပါက အကျိုးဖြစ်ထွန်းမှု မရှိနိုင်ပါဟုယူဆသူ ၁၂%၊ လုပ်ငန်းရှင်အတွက် အကျိုးဖြစ်ထွန်းစေမည်ဟု ဖြေဆိုသူ ၄၅%၊ မည်သည့် သက်ရောက်မှုရှိမည်ကို မခန့်မှန်းနိုင်ဟု ဖြေဆိုသူ ၃၈% ရှိပါသည်။ အခြား ၆% တွင် အကျိုးဖြစ်ထွန်းမှုသည် မသန်စွမ်းသူနှင့် လုပ်ငန်းခွင်အခြေအနေပေါ်တည်ပြီး အပြောင်းအလဲ ဖြစ်နိုင်ကြောင်း ဖြေဆိုသည်ကို လေ့လာတွေ့ရှိရပါသည်။

ပုံ (၄.၃၀) မသန်စွမ်းသူများအလုပ်ခန့်ထားလျှင် လုပ်ငန်းအပေါ် အကျိုးဖြစ်ထွန်းနိုင်မှုအပေါ် သဘောထားအမြင်




ရင်းမြစ် : စစ်တမ်းမှ အချက်အလက်များ

## ၄-၃-၆။ လုပ်ငန်းခွင်တွင် မသန်စွမ်းသူများအတွက် အဆင်ပြေစေရန် ဆောင်ရွက်ထားမှု အခြေအနေ

စီးပွားရေးလုပ်ငန်းများတွင် မသန်စွမ်းဝန်ထမ်းများအတွက် အဆင်ပြေစေရန် စီမံဆောင်ရွက်ထားမှု အခြေအနေကို လေ့လာရာတွင် ဝန်ထမ်းရေးရာမူဝါဒတွင် မသန်စွမ်းသူများနှင့် ပတ်သက်၍ ထည့်သွင်းထားမှုကို အောက်ပါ ဇယား (၄.၄၃) နှင့် ပုံ (၄.၃၁) တွင် ဖော်ပြထားပါသည်။ လုပ်ငန်းခွင်တွင် ဝန်ထမ်းများကို မသန်စွမ်းမှု နှင့် ပတ်သက်၍ အသိပညာပေးမှုကို အောက်ပါ ဇယား (၄.၄၄) နှင့် ပုံ (၄.၃၂) တွင် ဖော်ပြထားပြီး မသန်စွမ်းသူများ အဆင်ပြေစွာ သွားလာနိုင်မည့် လုပ်ငန်းခွင်ဖြစ်မှုကို အောက်ပါ ဇယား (၄.၄၅)နှင့် ပုံ (၄.၃၃) တွင် ဖော်ပြထားပါသည်။


ဇယား (၄.၄၃) ဝန်ထမ်းရေးရာမူဝါဒတွင် မသန်စွမ်းသူများနှင့် ပတ်သက်၍ ထည့်သွင်းထားမှုအခြေအနေ

| လူ့စွမ်းအားအရင်းအမြစ်မူဝါဒတွင် ထည့်သွင်းမှု | ဖြေဆိုသူ | ရာခိုင်နှုန်း |
|---|---|---|
| ထည့်သွင်း ရေးဆွဲထားမှု မရှိပါ။ | ၁၆၈ | ၈၄ |
| ထည့်သွင်းရေးဆွဲထားမှု ရှိသည်။ | ၃၂ | ၁၆ |
| **စုစုပေါင်း** | ၂၀၀ | ၁၀၀ |

ရင်းမြစ် : စစ်တမ်းမှ အချက်အလက်များ

လုပ်ငန်းရှင်များ၏ ဝန်ထမ်းခန့်ထားရေးမူဝါဒများတွင် မသန်စွမ်းသူများကို ထည့်သွင်းထားခြင်း ရှိ/မရှိ မေးမြန်းခဲ့ရာ ဖြေဆိုသူ ၈၄% က ထည့်သွင်းထားမှု မရှိကြောင်း၊ ၁၆% ခန့်ကသာ ၎င်းတို့၏ ဝန်ထမ်းရေးရာမူဝါဒကို မသန်စွမ်းသူများ အကျိုးဝင်စေရေး ထည့်သွင်း ရေးဆွဲထားကြောင်း ဖြေကြားခဲ့သည်။

ပုံ (၄.၃၁) ဝန်ထမ်းရေးရာမူဝါဒတွင် မသန်စွမ်းသူများနှင့် ပတ်သက်၍ ထည့်သွင်းထားမှုအခြေအနေ




ရင်းမြစ် : စစ်တမ်းမှ အချက်အလက်များ


ဇယား (၄.၄၄) လုပ်ငန်းခွင်တွင် မသန်စွမ်းမှုဆိုင်ရာ အသိပညာပေးမှု အခြေအနေ

| လုပ်ငန်းခွင် တွင် မသန်စွမ်းမှုအကြောင်း အသိပညာပေးမှု အစီအစဉ် | ဖြေဆိုသူ | ရာခိုင်နှုန်း |
|---|---|---|
| အသိပညာပေးထားမှု မရှိပါ | ၁၆၂ | ၈၁ |
| အသိပညာပေးထားမှု ရှိပါသည် | ၃၈ | ၁၉ |
| **စုစုပေါင်း** | ၂၀၀ | ၁၀၀ |

ရင်းမြစ် : စစ်တမ်းမှ အချက်အလက်များ

စီးပွားရေး လုပ်ငန်းရှင်များကို ၄င်းတို့၏ ဝန်ထမ်းများအား မသန်စွမ်းမှုဆိုင်ရာ အသိပညာပေးမှု အစီအစဉ် ဆောင်ရွက်ထားမှု ရှိမရှိ လေ့လာခဲ့ရာ ဖြေဆိုသူ လုပ်ငန်းရှင် ၁၉% က စီစဉ်ဆောင်ရွက်မှုရှိကြောင်း ဖြေဆိုခဲ့ပြီး ကျန် ၈၁% မှာ မဆောင်ရွက်ထား ကြောင်း ဖြေဆိုခဲ့သည်။

ပုံ (၄.၃၂) လုပ်ငန်းခွင်တွင် မသန်စွမ်းမှုဆိုင်ရာ အသိပညာပေးမှု အခြေအနေ




ရင်းမြစ် : စစ်တမ်းမှ အချက်အလက်များ


ဇယား (၄.၄၅) မသန်စွမ်းသူများအတွက် အဆင်ပြေသင့်လျော်သည့် လုပ်ငန်းခွင်ဖြစ်စေရန် စီစဉ်ဆောင်ရွက်ထားမှု အခြေအနေ

| အဆင်ပြေသင့်လျော်သော လုပ်ငန်းခွင် စီစဉ်ဆောင်ရွက်ထားမှု | ဖြေဆိုသူ | ရာခိုင်နှုန်း |
|---|---|---|
| စီစဉ်ထားမှု မရှိပါ | ၁၇၁ | ၈၅ |
| စီစဉ်ထားမှု ရှိသည် | ၂၉ | ၁၅ |
| **စုစုပေါင်း** | ၂၀၀ | ၁၀၀ |

ရင်းမြစ် : စစ်တမ်းမှ အချက်အလက်များ

လေ့လာမှုတွင် ဖြေဆိုသူ စီးပွားရေးလုပ်ငန်းရှင်များ၏ ၁၅% က မသန်စွမ်းသူများအတွက် လုပ်ငန်းခွင်အတွင်း အဆင်ပြေသင့်လျော်မှုရှိစေရန် အစီအမံများ ဆောင်ရွက်ထားကြောင်း ဖြေဆိုခဲ့ပြီး ၈၅% က မဆောင်ရွက်ထားပါကြောင်း တွေ့ရှိခဲ့ရပါသည်။

ပုံ (၄.၃၃) မသန်စွမ်းသူများအတွက် အဆင်ပြေသင့်လျော်သည့် လုပ်ငန်းခွင်ဖြစ်စေရန် စီစဉ်ဆောင်ရွက်ထားမှု အခြေအနေ




ရင်းမြစ် : စစ်တမ်းမှ အချက်အလက်များ

## ၄-၃-၇။ စီးပွားရေး လုပ်ငန်းရှင်များ၏ မသန်စွမ်းမှုဆိုင်ရာ ဥပဒေမူဘောင်များကို သိရှိမှု အခြေအနေ

စီးပွားရေးလုပ်ငန်းရှင်များ၏ မသန်စွမ်းမှုဆိုင်ရာ ဥပဒေမူဘောင်များကို သိရှိမှု အခြေအနေကို လေ့လာရာ တွေ့ရှိချက်ကို အောက်ပါ ဇယား (၄.၄၆) နှင့် ပုံ (၄.၃၄) တွင်ဖော်ပြထားပါသည်။


ဇယား (၄.၄၆) စီးပွားရေးလုပ်ငန်းရှင်များ၏ မသန်စွမ်းမှုဆိုင်ရာ ဥပဒေမူဘောင်များကို သိရှိမှု အခြေအနေ

| ဥပဒေ မူဘောင်များ | မသိပါ | | သိသည် | | စုစုပေါင်း |
|---|---|---|---|---|---|
| | ဖြေဆိုသူ အရေအတွက် | ရာခိုင်နှုန်း | ဖြေဆိုသူ အရေအတွက် | ရာခိုင်နှုန်း | |
| UNCRPD | ၁၇၅ | ၈၈ | ၂၅ | ၁၂ | ၂၀၀ |
| မသန်စွမ်းအခွင့်အရေးဥပဒေ | ၁၅၂ | ၇၆ | ၄၈ | ၂၄ | ၂၀၀ |
| မသန်စွမ်း အခွင့်အရေးနည်းဥပဒေ | ၁၇၂ | ၈၆ | ၂၈ | ၁၄ | ၂၀၀ |

ရင်းမြစ် : စစ်တမ်းမှ အချက်အလက်များ

လေ့လာမှုတွင် စီးပွားရေးလုပ်ငန်းရှင်များကို မသန်စွမ်းမှုဆိုင်ရာ ဥပဒေမူဘောင်များအား သိရှိနားလည်မှု ဆန်းစစ်ခဲ့ရာ ဖြေဆိုသူများ၏ သိရှိမှုများမှာ UNCRPD ကို သိရှိမှု ၁၂%၊ မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေ ၂၀၁၅ ကိုသိရှိမှု ၂၄% နှင့် မသန်စွမ်းသူများ၏ အခွင့်အရေး နည်းဥပဒေများကို သိရှိမှု ၁၄% အသီးသီးရှိကြောင်း ဖြေဆိုခဲ့သည်။ ယင်းမှာလည်း လုပ်ငန်းရှင်များ၏ မသန်စွမ်းမှုဆိုင်ရာ ဥပဒေမူဘောင်များကို သိရှိနားလည်မှု နည်းပါးနေသေးကြောင်း ဖော်ပြနေသည်။

ပုံ (၄.၃၄) စီးပွားရေးလုပ်ငန်းရှင်များ၏ မသန်စွမ်းမှုဆိုင်ရာ ဥပဒေမူဘောင်များကို သိရှိမှု အခြေအနေ




ရင်းမြစ် : စစ်တမ်းမှ အချက်အလက်များ

### ၄-၃-၈။ မြန်မာနိုင်ငံမသန်စွမ်းသူများအခွင့်အရေးဆိုင်ရာ အမျိုးသားကော်မတီနှင့် မြန်မာနိုင်ငံ မသန်စွမ်းသူများ အသင်းချုပ်ကို သိရှိမှု

စီးပွားရေးလုပ်ငန်းရှင်များ၏ မသန်စွမ်းသူများ၏အခွင့်အရေးဆိုင်ရာ အမျိုးသားကော်မတီနှင့် မြန်မာနိုင်ငံမသန်စွမ်းသူများ အသင်းချုပ်ကို သိရှိမှုကို လေ့လာရာတွင် တွေ့ရှိချက်ကို အောက်ပါ ဇယား(၄.၄၇) နှင့် ပုံ (၄.၃၅) တွင် ဖော်ပြထားပါသည်။


ဇယား (၄.၄၇) မသန်စွမ်းသူများ၏အခွင့်အရေးဆိုင်ရာ အမျိုးသားကော်မတီနှင့် မြန်မာနိုင်ငံမသန်စွမ်းသူများ အသင်းချုပ်ကို သိရှိမှု

| ကော်မတီ/အသင်းအဖွဲ့ အမည် | မသိပါ | | သိသည် | | စုစုပေါင်း |
|---|---|---|---|---|---|
| | ဖြေဆိုသူ အရေအတွက် | ရာခိုင်နှုန်း | ဖြေဆိုသူ အရေအတွက် | ရာခိုင်နှုန်း | |
| မသန်စွမ်းသူများ၏အခွင့်အရေးဆိုင်ရာ အမျိုးသားကော်မတီ | ၁၄၂ | ၇၁ | ၅၈ | ၂၉ | ၂၀၀ |
| မြန်မာနိုင်ငံမသန်စွမ်းသူများ အသင်းချုပ် | ၁၁၈ | ၅၉ | ၈၂ | ၄၁ | ၂၀၀ |

ရင်းမြစ် : စစ်တမ်းမှ အချက်အလက်များ

လေ့လာမှုတွင် စီးပွားရေးလုပ်ငန်းရှင်များကို မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ် နှင့် မသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာ အမျိုးသားကော်မတီတို့အား သိရှိမှု လေ့လာခဲ့ရာ မြန်မာနိုင်ငံ မသန်စွမ်းသူများအသင်းချုပ်ကို သိရှိသူ ၄၁% နှင့် အမျိုးသား ကော်မတီကို သိရှိမှု ၂၉% အသီးသီးရှိကြောင်း သိရသည်။

ပုံ (၄.၃၅) မသန်စွမ်းသူများ၏အခွင့်အရေးဆိုင်ရာ အမျိုးသားကော်မတီနှင့် မြန်မာနိုင်ငံမသန်စွမ်းသူများ အသင်းချုပ်ကို သိရှိမှု




ရင်းမြစ် : စစ်တမ်းမှ အချက်အလက်များ

## ၄-၃-၉။ စီးပွားရေးလုပ်ငန်းရှင်များ၏ သုံးသပ်ချက်များနှင့် အကြံပြုချက်များ

စီးပွားရေးလုပ်ငန်းရှင်များ၏ သုံးသပ်ချက်များနှင့် အကြံပြုချက်များမှာ မသန်စွမ်းသူများမှ အလုပ်လာမလျှောက်ကြ၍ အလုပ်မခန့်ပေးနိုင်၊ ထို့ကြောင့် မိမိတို့နှင့် ကိုက်ညီမည့် အလုပ်များကို လျှောက်ကြပါရန်၊ မသန်စွမ်းသူများအား လုပ်ငန်းရှင်များမှ သင့်လျော်သည့် အလုပ်ခန့်ထားရန်၊ နည်းပညာနှင့် အသက်မွေးဝမ်းကြောင်း ပညာသင်တန်းများဖွင့်လှစ်ထားရှိရန်၊ မသန်စွမ်းသူများကို သင့်တော်သောအလုပ်/ လုပ်နိုင်သောအလုပ်ပေးနိုင်ရန် မသန်စွမ်းအသင်းအဖွဲ့များမှ ချိတ်ဆက်ဆောင်ရွက်ပေးပါရန်၊ မသန်စွမ်းသူများ အနေဖြင့် သိမ်ငယ်စိတ်၊ အားငယ်စိတ်များ မရှိအောင် မိမိကိုယ်ကို ပြင်ဆင်ကြိုးစားရန်၊ မသန်စွမ်းသူများ၏ ပညာအရည်အချင်းအလိုက် အစိုးရဝန်ထမ်းအဖြစ် တရားဝင်ခန့်အပ်ပေးစေလို၊ ရုံးများတွင်လည်း သွားလာရေး အဆင်ပြေအောင်စီစဉ်ဆောင်ရွက်ပေးရန်၊ မသန်စွမ်းသူတို့၏ အရည်အချင်း မြှင့်တင်ပေးရန်လိုအပ်ပြီး လိုအပ်ပါက တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် တရားဝင်ဖြစ်အောင် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ် အစိုးရနှင့် ပူးပေါင်းညှိနှိုင်းပြီး မသန်စွမ်းသူများ၏ အလုပ်အကိုင်အခွင့်အလမ်းအတွက် ကြိုးစားဆောင်ရွက်ရန်၊ မသန်စွမ်းသူများ အလုပ်အကိုင်အခွင့်အလမ်းအတွက် မသန်စွမ်းမှုဆိုင်ရာ ဥပဒေမူဘောင်များအား လုပ်ငန်းရှင်များ ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရေး ဆောင်ရွက်ရန်၊ မသန်စွမ်းမှုဆိုင်ရာ အသိပညာပေးအစီအစဉ်များကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်ရန်၊ မသန်စွမ်းသူများ ၏ စွမ်းဆောင်ရည်ကို ထုတ်ယူသုံးစွဲနိုင်သည့်လုပ်ငန်းခွင်တစ်ခုဖြစ်စေရေး အတွက် အတားအဆီးများကို လုပ်ငန်းရှင်ဘက်မှ ဖယ်ရှားပေးရန်၊ မသန်စွမ်း ဝန်ထမ်းများ ၏ လုပ်ငန်းခွင်ရပိုင်ခွင့်ကိုကာကွယ်ပေးသော ဥပဒေများပြဌာန်းရန်၊ လူတိုင်းအကျုံးဝင်လုပ်ငန်းခွင်ဖြစ်လာစေရေး စသည်တို့ကို စီစဉ်ဆောင်ရွက်ပေးရန်၊ မသန်စွမ်းသူများဘက်မှလည်း အရည်အချင်း ပြည့်ဝစေရန် လေ့ကျင့်သင်ကြားထားရန်၊ မသန်စွမ်းသူများ အများနှင့် စုပေါင်းအလုပ်လုပ်ရာတွင် အဆင်ပြေစွာ လုပ်ကိုင်နိုင်ရန် လေ့ကျင့်သင်ကြားပေးထားရန်၊ အများပြည်သူသုံး သယ်ယူပို့ဆောင်ရေး စနစ်များ ကို မသန်စွမ်းသူများ လက်လှမ်းမှီသုံးစွဲနိုင်ရေး တာဝန်ရှိသူများမှစီစဉ်ဆောင်ရွက်ပေးရန်၊ မသန်စွမ်းသူများ လုပ်ငန်းခွင်ဝင်ရောက်နိုင် ရန် အတွက် လုပ်ငန်းရှင်နှင့် မသန်စွမ်းသူများကြား ချိတ်ဆက်ပေးမည့် ကြားခံ အဖွဲ့အစည်းများ မှ ကူညီပေးကြရန် ဖြစ်ပါသည်။

## ၅။ နိဂုံး

လွန်ခဲ့သည့်နှစ်များအတွင်း မြန်မာနိုင်ငံတွင် မသန်စွမ်းမှုဆိုင်ရာ သုတေသနများအပါအဝင် စာရင်းဇယားနှင့် စစ်တမ်းများ စနစ်တကျကောက်ယူမှု အားနည်းခဲ့ပြီး မူဝါဒများနှင့် ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် အခက်အခဲများစွာ ဖြစ်စေခဲ့သည်။ ၂၀၀၈ ခုနှစ်၊ နာဂစ်မုန်တိုင်းအပြီးတွင် ပြည်တွင်းသို့ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများ ဝင်ရောက်လာခဲ့ပြီးသည့်နောက်တွင် နည်းပညာနှင့် ဘဏ္ဍာရေးဆိုင်ရာ ပံ့ပိုးမှုများကြောင့် စာရင်းဇယားနှင့် သုတေသန စစ်တမ်းများ အများအပြားပေါ်ထွက်လာခဲ့သည်။

၂၀၁၀ ပြည့်နှစ် တွင် နိုင်ငံတော်အဆင့် မသန်စွမ်းသူများဆိုင်ရာ စစ်တမ်းကောက်ယူမှုရလဒ်များ၊ ၂၀၁၄ ခုနှစ်တွင် မသန်စွမ်းသူများကိုပါ ထည့်သွင်းကောက်ယူခဲ့သည့် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း အပါအဝင် စစ်တမ်းအချို့ ထွက်ပေါ်လာခဲ့သည်။ သို့သော်လည်း မသန်စွမ်းမှုဆိုင်ရာ သုတေသန စစ်တမ်းများမှာ အရေအတွက် နည်းပါးနေဆဲဖြစ်ပြီး နိုင်ငံအဆင့် မသန်စွမ်းသူများ၏ အလုပ်အကိုင်အခွင့်အလမ်းနှင့် ပတ်သက်သည့် သုတေသနစစ်တမ်းမှာ မရှိသေးပေ။ အဆိုပါ လိုအပ်ချက်ကို ဖြည့်ဆည်းပေးရန် ရည်ရွယ်လျက် The Leprosy Mission Myanmar သည် မြန်မာနိုင်ငံ မသန်စွမ်းသူများ အသင်းချုပ်နှင့် ပူးပေါင်းလျက် မြန်မာနိုင်ငံရှိ မသန်စွမ်းသူများ၏ အလုပ်အကိုင်အခွင့်အလမ်းအပေါ် သက်ရောက်မှုများအား ဆန်းစစ်လေ့လာခြင်း သုတေသနစီမံကိန်းကို ဆောင်ရွက်ခဲ့ပါသည်။ အဆိုပါ သုတေသနစစ်တမ်း အတွက် မသန်စွမ်း အဖွဲ့အစည်းများကိုယ်တိုင် ဦးဆောင်လုပ်ကိုင်စေလျက် မသန်စွမ်းသူများကိုယ်တိုင် ကောက်ယူခဲ့သည့် စစ်တမ်းတစ်ခု ဖြစ်ပါသည်။

ဘတ်ဂျက်နှင့် အချိန်ကာလ အကန့်အသတ်များအကြား တိုင်းဒေသကြီးနှင့် ပြည်နယ် ဆယ်ခုတို့ရှိ မြို့နယ် (၂၀) တွင် ဆောင်ရွက်ခဲ့သော ဤသုတေသနစစ်တမ်းတွင် နိုင်ငံအတွင်းရှိ အသက် ၁၈ မှ ၆၀ နှစ်ကြားရှိ အမျိုးအစား စုံလင်သည့် မသန်စွမ်းသူ ၂၄၀၀ ဦးကို အလုပ်အကိုင်အခွင့်အလမ်းများနှင့် သက်ရောက်မှုများကို မေးမြန်းစစ်တမ်းကောက်ယူနိုင်ခဲ့ပါသည်။ ထို့ပြင် မသန်စွမ်းသူများ၏ မိဘ/ အုပ်ထိန်းသူ ၅၀၀ ဦးနှင့် လုပ်ငန်းရှင် ၂၀၀ ဦးတို့ကိုလည်း အလုပ်အကိုင် အခွင့်အလမ်းဆိုင်ရာ မေးခွန်းများ မေးမြန်းလျက် စစ်တမ်းကောက်ယူခဲ့သည်။

စစ်တမ်းကောက်ယူရာတွင် အသက်အရွယ်အပိုင်းအခြားအနေဖြင့် ၁၈ နှစ် မှ ၂၈ နှစ်ကြားရှိ မသန်စွမ်းသူများမှာ အများဆုံး ဖြစ်ပြီး ၃၂% ရှိသည်။ ကျားမ အချိုးတွင် ၆၀-၄၀ ရှိသောကြောင့် မသန်စွမ်းအမျိုးသား ပိုမိုများပြားသည်ကို တွေ့ရသည်။ အိမ်ထောင်ရေး အခြေအနေ ဆန်းစစ်ချက်တွင် အိမ်ထောင်ရှိသူ ၃၄% ခန့်သာရှိပြီး အိမ်ထောင်မပြုနိုင်သည့် မသန်စွမ်းသူ ၆၂% အထိရှိနေသည်။ ၎င်းမှာ နိုင်ငံတော်အစိုးရ၏ မသန်စွမ်းသူများ အပေါ် လူမှုကာကွယ်စောင့်ရှောက်ရေး အစီအမံများ ထိရောက်မှု နည်းပါးခြင်း၊ ဝင်ငွေရရှိနိုင်မည့် အလုပ်အကိုင် အခွင့်အလမ်း ရှားပါးခြင်းကြောင့် မိမိကိုယ်တိုင် ရပ်တည်နိုင်ရန် ခက်ခဲခြင်း စသည့် အကြောင်းရင်းများကို ဖော်ပြနေသည်။ မသန်စွမ်းမှု အမျိုးအစားများတွင်လည်း ကိုယ်အင်္ဂါ မသန်စွမ်းသူများမှာ ၆၃% ဖြင့် အများဆုံးဖြစ်နေပြီး ၎င်းမှာ ရပ်ကွက်ကျေးရွာ အဆင့်တွင် မသန်စွမ်းမှု အမျိုးအစားကို တိကျစွာ မခွဲခြားနိုင်ခြင်း၊ နိုင်ငံတော်မှ သတ်မှတ်ထားသည့် မသန်စွမ်း အမျိုးအစားများနှင့် စပ်လျဉ်း၍ အမျိုးအစား သတ်မှတ်ရေးဆိုင်ရာ မူဝါဒနှင့် ညွှန်ကြားချက်များ မရှိခြင်း စသည်တို့ကြောင့် အချိုးအစား မညီမျှမှုကို ဖြစ်စေသည်။

မသန်စွမ်း သူများကို စစ်တမ်းကောက်ယူသူများမှ သာမန်အမြင်ဖြင့် ဆန်းစစ်ခဲ့ရာတွင် မသန်စွမ်းမှုအခြေအနေ နည်းပါးသူ ၂၂%၊ အလယ်အလတ်ရှိသူ ၅၆% နှင့် ပြင်းထန်သည့် မသန်စွမ်းမှု ခံစားနေရသူ ၂၂% အသီးသီး ရှိကြောင်း တွေ့ရသည်။ ထို့ကြောင့် မသန်စွမ်းမှု အလယ်အလတ်ရှိသူ ဦးရေမှာ အများဆုံးဖြစ်ကြောင်း ဖော်ထုတ်နိုင်ခဲ့သည်။ မသန်စွမ်းသူများ၏ ကျောင်းတက်ရောက်နိုင်မှုကို ဆန်းစစ်ခဲ့ရာ မူလတန်းအဆင့်ပြီးမြောက်သူ ၃၄%၊ ဘွဲ့ရရှိသူ ၃% ရှိကြောင်း တွေ့ ရပြီး ၃၃% မှာ လုံးဝကျောင်းမနေဖူးကြောင်း တွေ့ရသ ည်။ အလုပ်အကိုင်ရရှိရေးတွင် အဓိကကျသည့် အကြောင်းအရာ တစ်ခုဖြစ်သော အသက်မွေးမှုသင်တန်းများ တက်ရောက်နိုင်မှုနှင့် စပ်လျဉ်း၍ ဆန်းစစ်ခဲ့ရာ လက်လှမ်းမီသူ ၁၄% သာရှိပြီး မည်သည့်သင်တန်းကိုမှ မတက်ရောက်နိုင်သည့် မသန်စွမ်းသူများမှာ ၈၅% အထိရှိနေသည်ကို တွေ့ရသည်။ နိုင်ငံသား စိစစ်ရေးကဒ်များ ရရှိမှုမှာ ၆၈% ရှိပြီး မရှိသည့် မသန်စွမ်းသူများမှာ ၃၂% ရှိသည်။ လေဘာကဒ်နှင့် လူမှုဖူလုံရေး ကဒ်များမှာ အလုပ်အကိုင်ရရှိမှုနှင့် ချိတ်ဆက်နေသောကြောင့် လက်ဝယ်ရှိသူ အလွန်နည်းကာ ၂% နှင့် ၁% သာ အသီးသီး ရှိကြောင်း တွေ့ရသည်။

သတင်းအချက်အလက်လက်လှမ်းမီမှု ဆန်းစစ်ချက်တွင် ရုပ်မြင်သံကြားနှင့် ရေဒီယိုမှ တဆင့် ရရှိမှုမှာ ၂၇% အထိ ရှိပြီး အွန်လိုင်းမှ ရရှိမှုမှာ ၈% ခန့်သာရှိသည်ကို တွေ့ရသည်။ အလုပ်အကိုင်ရရှိမှုကို ဆန်းစစ်ရာတွင် အလုပ်အကိုင်ရှိသူ ၃၆% ရှိပြီး အလုပ်လက်မဲ့ ၆၄% ရှိကြောင်း၊ အလုပ်အကိုင်ရှိသူများ၏ အများစုဖြစ်သော ၂၃% မှာ တစ်လလျှင် ဝင်ငွေ ကျပ်တစ်သိန်း အောက်သာ ရရှိသည်ကို တွေ့ရသည်။ မသန်စွမ်းမှုဆိုင်ရာ ဥပဒေမူဘောင်များ ဖြစ်သည့် CRPD ကို သိရှိမှု ၁၄%၊ မသန်စွမ်း သူများ၏ အခွင့်အရေးဥပဒေကို သိရှိမှု ၂၁% နှင့် နည်းဥပဒေများကို သိရှိမှု ၁၈% အသီးသီးရှိကြောင်း တွေ့ရှိရပါသည်။ မသန်စွမ်းသူများ ၏ အခွင့်အရေးဆိုင်ရာ အမျိုးသားကော်မတီကို သိရှိမှု ၁၇% နှင့် မြန်မာနိုင်ငံ မသန်စွမ်းသူများ အသင်းချုပ်ကို သိရှိမှု ၂၂% အသီးသီးရှိကြောင်း တွေ့ရရာ အသင်းချုပ်ကို ပိုမိုသိရှိသည် ဟု ယူဆနိုင်ပါသည်။ အများပြည်သူသုံး သယ်ယူ ပို့ဆောင်ရေး စနစ်ကို လက်လှမ်းမီသည်ဟု ဖြေဆိုသူ ၃၅% ရှိပြီး ကျန် ၆၅% မှာ လက်လှမ်းမမီဟု ဖြေကြားခဲ့သည်ကို တွေ့ရပါသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ် (၁၀) ခုတွင် မသန်စွမ်းသူများ၏ မိဘ/ အုပ်ထိန်းသူများကို မေးခွန်းများဖြင့် လေ့လာခဲ့ ရာတွင် ဧရာဝတီတိုင်းတွင် ၂၆% ဖြင့် အများဆုံးဖြေဆိုခဲ့သည်။ မိဘ/အုပ်ထိန်းသူများအား မသန်စွမ်းသူများ၏ လုပ်ငန်း စွမ်းဆောင်ရည်နှင့် ပတ်သက်၍ မေးမြန်းရာတွင် မည်သည့်ကျွမ်းကျင်မှုမှ မရှိကြောင်း ဖြေဆိုသူ ၇၄% အထိ ရှိသည်ကို တွေ့ရသည်။ မိဘ/အုပ်ထိန်းသူတို့၏ မသန်စွမ်းမှုဆိုင်ရာ ဥပဒေမူဘောင်များ ဖြစ်သည့် CRPD ကို သိရှိမှု ၁၄%၊ မသန်စွမ်း သူများ၏ အခွင့်အရေးဥပဒေကို သိရှိမှု ၁၉% နှင့် နည်းဥပဒေများကို သိရှိမှု ၁၆% အသီးသီးရှိကြောင်း နှင့် အမျိုးသားကော်မတီ ကို သိရှိမှု ၂၀%၊ မြန်မာနိုင်ငံမသန်စွမ်းသူများ အသင်းချုပ်ကို သိရှိမှု ၂၆% အသီးသီး ရှိကြသည်ကို လေ့လာတွေ့ရှိရပါသည်။

စီးပွားရေးလုပ်ငန်းရှင်များကို မသန်စွမ်းသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းနှင့် ပတ်သက်၍ မေးမြန်းခဲ့ရာတွင် ဝေပုံကျ ခွဲတမ်းစနစ်သည် မသန်စွမ်းသူနှင့် လုပ်ငန်းရှင် နှစ်ဖက်စလုံးအတွက် အကျိုးရှိနိုင်ကြောင်း ဖြေဆိုသူ ၈၃% ဖြင့် အများဆုံး တွေ့ရပြီး ၄% ကမူ နှစ်ဖက်စလုံးအတွက် အကျိုးမရှိနိုင်ကြောင်း ဖြေဆိုခဲ့ကြပါသည်။ စစ်တမ်းကောက်ယူခဲ့သည့် စီးပွားရေး လုပ်ငန်းရှင် ၈၆% မှာ တစ်ဦးတည်းပိုင် ဖြစ်ကာ အများပိုင်လုပ်ငန်းများမှာ ၁၄% ရှိပြီး လုပ်ငန်း/ ကုမ္ပဏီအရွယ်အစား များမှာ အကြီးစား ၁၀%၊ အလတ်စား ၅% နှင့် အသေးစား ၈၅% အသီးသီးရှိသည်ကို တွေ့ရသည်။ လုပ်ငန်းရှင်များ၏ ၆၃% က အနာဂတ်တွင် မသန်စွမ်းသူများကို အလုပ်အကိုင်ခန့်ထားရန် အစီအစဉ်ရှိကြောင်း ဖြေဆိုခဲ့ပြီး ၃၇% ကမူ မည်သည့် အစီအစဉ်မျှ မရှိကြောင်း ဖြေကြားခဲ့ကြပါသည်။ မသန်စွမ်းသူများကို အလုပ်ခန့်ထားလိုသည့် လုပ်ငန်းရှင်/ကုမ္ပဏီ ၃၃% က မသန်စွမ်း ဝန်ထမ်းတစ်ဦး ခန့်အပ်လိုကြောင်း ဖြေဆိုခဲ့ပြီး မသန်စွမ်းဝန်ထမ်း ၂ ဦးခန့်အပ်လိုသည်များမှာ ၁၆% ရှိကြောင်း ဖြေဆိုခဲ့ကြပါသည်။ မသန်စွမ်း သူများကို အလုပ်ခန့်ရာတွင် အခက်အခဲများရှိနိုင်ကြောင်း ဖြေဆိုသူ ၃၇%က ဖော်ပြခဲ့ပြီး ကျန် ၆၃% ကမူ အခက်အခဲ တစ်စုံ တစ်ရာမရှိနိုင်ကြောင်း ဖြေဆိုခဲ့ကြပါသည်။ လုပ်ငန်း/ ကုမ္ပဏီများ၏ ၈၄% က ၎င်းတို့၏ လူ့စွမ်းအား အရင်းအမြစ် မူဝါဒများတွင် မသန်စွမ်းသူများအရေး ထည့်သွင်းထားခြင်းမရှိဘဲ ကျန်ကုမ္ပဏီ ၁၆% ခန့်ကသာ ထည့်သွင်းထားကြောင်း လေ့လာသိရှိရပါသည်။

ဤသုတေသန စစ်တမ်းတွင် မသန်စွမ်းသူများ လက်ရှိကြုံတွေ့နေရသည့် အခက်အခဲများ၊ အတားအဆီးများ နှင့် စိန်ခေါ်မှုများကို ဆန်းစစ်ဖော်ပြထားပြီး နိုင်ငံတော်အဆင့် မူဝါဒချမှတ်သူများ၊ အစီအစဉ်ရေးဆွဲသူများအတွက် မသန်စွမ်းသူများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာ စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ရာတွင် လည်းကောင်း၊ MSDP ကို အကောင်အထည်ဖော်ရာတွင်လည်းကောင်း၊ ဆုံးဖြတ်ချက်များ ချမှတ်ရာတွင်လည်းကောင်း၊ များစွာ အထောက် အကူပြုစေမည် ဖြစ်ပါသည်။

# ၆။ သုံးသပ်ချက်နှင့် အကြံပြုချက်များ

ဤသုတေသနတွင် မြန်မာနိုင်ငံရှိ ၂.၃ သန်းသော မသန်စွမ်းသူများ၏ အလုပ်အကိုင် ရရှိမှု ၈၅%[9] ခန့်သာ ရှိသည့် အခြေအနေတွင် ယင်းတို့အနေဖြင့် မည်သို့သော အခက်အခဲများ၊ အတားအဆီးများနှင့် ရင်ဆိုင် ကြုံတွေ့နေရသည်ကို အများပြည်သူနှင့် မူဝါဒ ချမှတ်သူများ သိရှိနားလည် သဘောပေါက်စေရန် ကြိုးပမ်းထားပါသည်။ စစ်တမ်းတွင် မသန်စွမ်းသူများ အတွက် ပံ့ပိုးဝန်ဆောင်မှုများ ပေးလျက်ရှိသည့် အစိုးရ နှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ မသန်စွမ်းအဖွဲ့အစည်းများကို သိရှိမှု ရှိမရှိ ထည့်သွင်း မေးမြန်းထားသော်လည်း အများစုသော ဖြေဆိုသူမသန်စွမ်းသူများက မည်သည့်ဝန်ဆောင်မှုကိုမျှ မသိရှိကြကြောင်း တွေ့ရပါသည်။ ထိုအချက်မှာ မသန်စွမ်းသူများအတွက် ဝန်ဆောင်မှုများကို ကျယ်ကျယ်ပြန့်ပြန့်နှင့် လက်လှမ်းမီ ရရှိရေးအတွက် ကဏ္ဍစုံမှ ပါဝင်ပတ်သက်သူများ အားလုံး အရေးတကြီး ဆောင်ရွက်ပေးရန် လိုအပ်နေကြောင်း ဖော်ပြနေပါသည်။

အချို့သော ဒေသများတွင် မသန်စွမ်းသူများကို ဖေးမသည့် မိသားစု နှင့် ပတ်ဝန်းကျင် ရှိသော်လည်း အချို့သော ဒေသများတွင် မသန်စွမ်းသူများကို နှိမ့်ချဆက်ဆံမှုများ ရှိနေသည်ကို တွေ့ရသည်။ လူမှုအသိုင်းအဝိုင်းအတွင်း မသန်စွမ်းသူများ အကျုံးဝင် ပါဝင်နိုင်ရေးအတွက် ခွဲခြားဆက်ဆံမှုများကို တားဆီးပေးသည့် ဥပဒေမူဘောင်များ လိုအပ်သည့်နည်းတူ မသန်စွမ်းသူများကို လက်တွဲခေါ်ဆောင်သည့် သဘောထားအမြင်များ ပိုမိုကျယ်ပြန့်လာစေရန် လုပ်ဆောင်ပေးသင့်ပါသည်။

အလားတူပင် ရန်ကုန်မှလွဲ၍ ကျန်ဒေသများတွင် မသန်စွမ်းမှု အမျိုးအစားများကို တိကျစွာ မသတ်မှတ်နိုင်ခြင်းက မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာ ဥပဒေ ၂၀၁၅ ကို ပိုမိုကျယ်ပြန့်စွာ အမြင်ဖွင့်ပေးရန် လိုအပ်ကြောင်း ဖော်ပြနေပါသည်။ မွန်ပြည်နယ်တွင် ကောက်ယူခဲ့သော စစ်တမ်းအတွေ့အကြုံများအရ သွက်ချာပါဒ ရောဂါ Celebral Perlsy ဖြစ်နေသူများကို ကိုယ်အင်္ဂါမသန်စွမ်းသူများအဖြစ် မသတ်မှတ်ဘဲ ဉာဏ်ရည်မသန်စွမ်းသူများအဖြစ် သတ်မှတ်ထားခြင်းက ပြန်လည် ထူထောင် ရေးကုထုံးများနှင့် မဟာဗျူဟာ အစီအစဉ်ရေးဆွဲရေးတို့ကို ထိခိုက်စေနိုင်ပါသည်။ ရန်ကုန်၊ မန္တလေး၊ ရှမ်းပြည်နယ် နှင့် ဧရာဝတီ တိုင်းတို့မှအပ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ကိုယ့်အားကိုယ်ကိုး မသန်စွမ်းအဖွဲ့အစည်းများ မရှိသေးခြင်းက မသန်စွမ်းသူများ၏ စစ်တမ်းကောက်ယူရေး၊ စာရင်းဇယားပြုစုရေး၊ ပြန်လည်ထူထောင်ရေး အစီအစဉ်များနှင့် လူမှုကာကွယ် စောင့်ရှောက်မှု အစီအစဉ်များကို အားနည်းစေသည်ဟု ယူဆပါသည်။

## အကြံပြုချက်များ

- မသန်စွမ်းသူများကို လူ့အသိုင်းအဝိုင်းအတွင်း အပြည့်အဝ ပါဝင်နိုင်ရေးနှင့် စွမ်းဆောင်ရည်ပြည့်ဝစွာ လုပ်ဆောင်နိုင် ရေးတို့အတွက် လက်ရှိ တည်ဆဲဥပဒေနှင့် နည်းဥပဒေများ၊ အမိန့်နှင့် ညွှန်ကြားချက်များ၊ လမ်းညွှန်ချက်များကို လေ့လာ သုံးသပ်လျက် မသန်စွမ်းသူများအပေါ် ခွဲခြားဆက်ဆံရာရောက်သည့် ဥပဒေနှင့် မူဝါဒများကို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ မွမ်းမံခြင်းတို့ကို အခါအားလျော်စွာ ဆောင်ရွက်ပေးသွားပါရန် အကြံပြုတင်ပြအပ်ပါသည်။

- ပြည်ထောင်စုအစိုးရ အနေဖြင့် မသန်စွမ်းသူများ၏ အရေးကိစ္စများကို ကိုင်တွယ်ဆောင်ရွက်နေသည့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနအပါအဝင် ဆက်စပ်နေသည့် ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများ၊ အမျိုးသားကော်မတီနှင့် မြန်မာနိုင်ငံမသန်စွမ်းသူများ အသင်းချုပ်အပါအဝင် အခြားသော မသန်စွမ်း အဖွဲ့အစည်းများသို့ ဘတ်ဂျက်ခွဲဝေ ချထားပေးခြင်းဖြင့် မသန်စွမ်းသူများအတွက် ရည်ရွယ်သည့် အစီအစဉ်များ ပိုမို အားကောင်း လာစေရန် ဆောင်ရွက်သင့်ပါသည်။

---

[9] First Myanmar National Disability Survey – 2010

- မသန်စွမ်းသူများကို လုပ်ငန်းခွင်ဝင်ရောက်ရန် ဟန့်တားပိတ်ပင်နေသော ခွဲခြားဆက်ဆံရာရောက်သည့် အပြုအမူများ၊ အပြောအဆိုများအား ထိထိရောက်ရောက်တားမြစ်နိုင်ရန်အတွက် မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေ (၂၀၁၅) တွင် ခွဲခြားဆက်ဆံမှုကို ပိုမိုကျယ်ပြန့်စွာ အဓိပ္ပါယ်ဖွင့်ဆိုနိုင်ရေး ပြင်ဆင်သင့်သည်ဟု အကြံပြုအပ်ပါသည်။
- လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန အနေဖြင့် မသန်စွမ်းသူများ အလုပ်အကိုင်ရရှိမှု အခြေအနေ မြင့်မားလာစေရေးအတွက် သက်မွေးပညာ သင်တန်းကျောင်းများကို နိုင်ငံအနှံ့ တိုးချဲ့ဖွင့်လှစ်နိုင်ရန် မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာ အမျိုးသားကော်မတီနှင့် ညှိနှိုင်းဆောင်ရွက်သင့်ပါသည်။ ထို့ပြင် မသန်စွမ်းသူများ၏ အလုပ်အကိုင်အတွက် ဝေပုံကျခွဲတမ်းစနစ် အမြန်ဆုံးပြဋ္ဌာန်းနိုင်ရေး အမျိုးသားကော်မတီသို့ တွန်းအားပေးသင့်ပါသည်။ UNCRPD အပါအဝင် မသန်စွမ်းမှုဆိုင်ရာ ဥပဒေမူဘောင်များကို တစ်နိုင်ငံလုံးရှိ အများပြည်သူတို့ သိရှိနားလည်မှု မြှင့်တင်ရေးကိုလည်း အမျိုးကော်မတီအပါအဝင် ဆက်စပ်ဝန်ကြီးဌာနများနှင့် ညှိနှိုင်း ပူးပေါင်း ဆောင်ရွက်သင့်ပါသည်။
- မသန်စွမ်းသူများအတွက် လူမှုကာကွယ်စောင့်ရှောက်ရေး အစီအစဉ်များ ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရေး အတွက် လိုအပ်သည့် ဘဏ္ဍာရေးနှင့် လူ့စွမ်းအား အရင်းအမြစ်များရရှိရန် အစိုးရနှင့် အပြည်ပြည်ဆိုင်ရာ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းမှုများ ထိရောက်စွာ လုပ်ဆောင်သင့်ပါသည်။
- အလှူရှင် အဖွဲ့အစည်းများအနေဖြင့် မသန်စွမ်းသူများအတွက် စစ်တမ်းများ ကောက်ယူခြင်း၊ စွမ်းဆောင်ရည် မြှင့်တင်ရေးအစီအစဉ်များ၊ အသက်မွေးဝမ်းကျောင်းသင်တန်းများနှင့် အလုပ်အကိုင်မြှင့်တင်ရေးဆိုင်ရာ အစီအစဉ်များ ကို ဦးစားပေးအဖြစ် သတ်မှတ်လျက် ရန်ပုံငွေ ပံ့ပိုးပေးခြင်း၊ မိမိတို့အဖွဲ့အစည်း၏ မူဝါဒများကို မသန်စွမ်း အကျုံးဝင် မူဝါဒများ ဖြစ်ပေါ်လာစေရေးအတွက် ပြင်ဆင်ရေးဆွဲခြင်း စသည့်လုပ်ငန်းများကို ဆောင်ရွက်သင့်ပါသည်။ မသန်စွမ်းသူ များ၏ နိုင်ငံသားစိစစ်ရေးကဒ် ပိုင်ဆိုင်မှုနှင့် အလုပ်သမားဖြစ်မှုဆိုင်ရာ ကိစ္စရပ်များ တိုးတက်လာစေရန်၊ လုပ်ငန်းခွင် အတွင်း ခွဲခြားဆက်ဆံမှုပပျောက်ရေးနှင့် ကူညီပံ့ပိုးသူများထားရှိရေးတို့အတွက် အစီအစဉ်များ ရေးဆွဲ ချမှတ် သင့်ပါသည်။ ထို့ပြင် မသန်စွမ်းသူများ အလုပ်အကိုင် ရရှိရေးအတွက် အဓိကကျသည့် မသန်စွမ်းမှုအဆင့် သတ်မှတ်ခြင်းနှင့် မသန်စွမ်းသူများမှတ်ပုံတင်ရေးလုပ်ငန်းစဉ်များကို ဆောလျင်စွာ အကောင်အထည်ဖော်နိုင်ရေး အတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနနှင့် ထိရောက်စွာ ပူးပေါင်းဆောင်ရွက် သွားရန် လိုအပ်သည်ဟု အကြံပြုတင်ပြအပ်ပါသည်။
- မသန်စွမ်းသူများအတွက် ဆောင်ရွက်ပေးနေသည့် အစီအစဉ်များတွင် အလုပ်အကိုင်အခွင့်အလမ်း မြှင့်တင်ရေးဆိုင်ရာ အစီအစဉ်များ၊ စွမ်းဆောင်ရည်မြှင့်တင်ရေးနှင့် လုပ်ငန်းခွင်ကျွမ်းကျင်မှု သင်တန်းအစီအစဉ်များကို တိုးချဲ့ အကောင် အထည်ဖော်သင့်ပါသည်။
- မသန်စွမ်းသူများ ကိုယ်တိုင်ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများသည် မသန်စွမ်းသူများ၏ လိုအပ်ချက်များကို ကိုယ်တိုင် ထဲထဲဝင်ဝင် သိရှိနားလည်သည့်အားလျော်စွာ မသန်စွမ်းမှု အမျိုးအစားအလိုက် သင့်လျော်သော အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုရရှိရေး လုပ်ငန်းရှင်များကို တွန်းအားပေးသင့်သည့်အပြင် လိုအပ်သော အမြင်ဖွင့် အစီအစဉ်များ၊ အသက်မွေးမှု သင်တန်းများကိုလည်း မြန်မာနိုင်ငံ မသန်စွမ်းသူများအသင်းချုပ်၊ အမျိုးသားကော်မတီ နှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေးဝန်ကြီးဌာန၊ အလှူရှင် အဖွဲ့အစည်းများနှင့် ပူးပေါင်း လုပ်ဆောင်သင့် ပါသည်။
- မသန်စွမ်းသူများ ကိုယ်တိုင်အနေဖြင့် အလုပ်အကိုင် အခွင့်အလမ်းများ မြှင့်တင်နိုင်ရန် မိမိတို့၏ လိုအပ်နေသော စွမ်းဆောင်ရည်နှင့် ကျွမ်းကျင်မှု အရည်အသွေးများကို ကိုယ်တိုင်သုံးသပ်ပြီး မြှင့်တင်သင့်ပါသည်။

## ရည်ညွှန်းကိုးကားစာရင်း


- 1st Myanmar Basic Disability Survey [2008 – 2009]
  https://themimu.info/sites/themimu.info/files/documents/Report_First_Myanmar_National_Disability_Survey_GovtofMyanmar_2010.pdf
- 2014 National Census
  https://myanmar.unfpa.org/en/publications/2014-population-and-housing-census-myanmar-data-sheet
- ASEAN Enabling Master Plan [2025] mainstreaming the rights of Persons with Disabilities
  (အာဆီယံဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေး စီမံချက် (၂၀၂၅)
  https://asean.org/asean-enabling-masterplan-2025-mainstreaming-rights-persons-disabilities/
- Bali Declaration on the Enhancement of the Role and Participation of the Persons with Disabilities in ASEAN Community and mobilization framework of the ASEAN Decade of Persons with Disabilities (2011-2020)
  (ဘာလီကြေငြာချက်)
  https://asean.org/?static_post=bali-declaration-on-the-enhancement-of-the-role-and-participartion-of-the-persons-with-disabilities-in-asean-community
- Dr. Mike Griffiths, Consultant at SPPRG, Executive Summary of Contemporary Study of Disability in Myanmar 2016 (Lodestar, SPPRG) P-16, 33,
- Incheon Strategy (အင်ချွန်း မဟာဗျူဟာ)
  https://www.unescap.org/resources/incheon-strategy-make-right-real-persons-disabilities-asia-and-pacific-and-beijing
  https://asean.org/?static_post=bali-declaration-on-the-enhancement-of-the-role-and-participartion-of-the-persons-with-disabilities-in-asean-community
- Ministry of Social Welfare, Relief and Resettlement of Myanmar, 2017 by-laws on the Persons with Disabilities Rights Law, Chapter 8, Employment Opportunities for Persons with Disabilities, P 21~23
  မသန်စွမ်းသူများ၏ အခွင့်အရေး နည်းဥပဒေများ (၂၀၁၇ ခုနှစ်)
- Ministry of Planning and Finance, Myanmar National Strategy Plan for Development of Persons with Disabilities [2018 – 2030] P – 40~50, 66~69
  http://themimu.info/sites/themimu.info/files/documents/Core_Doc_Myanmar_Sustainable_Development_Plan_2018_-_2030_Aug2018.pdf
- Myanmar Sustainable Development Plan [MSDP]
  http://themimu.info/sites/themimu.info/files/documents/Core_Doc_Myanmar_Sustainable_Development_Plan_2018_-_2030_Aug2018.pdf
- National Committee on the Rights of Persons with Disabilities
  http://www.moi.gov.mm/ppd/?q=book/bid-5554
- Pyi Htaung Su Hluttaw Law Number [30/ 2015], 2015 Rights of Persons with Disability Law (မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေ (၂၀၁၅ ခုနှစ်)၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် (၃၀-၂၀၁၅))
  https://www.pyithuhluttaw.gov.mm/sites/default/files/2017-07/30.2015.pdf
- Sustainable Development Goals
  https://sustainabledevelopment.un.org/?menu=1300
- UN Convention on the Rights of Persons with Disabilities (ကုလသမဂ္ဂ မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာ နိုင်ငံတကာ သဘောတူစာချုပ်)
  https://www.un.org/development/desa/disabilities/convention-on-the-rights-of-persons-with-disabilities.html

# နောက်ဆက်တွဲ ဇယားများ

## နောက်ဆက်တွဲ (က)

တိုင်းဒေသကြီးနှင့် ပြည်နယ် အလိုက် မသန်စွမ်းဦးရေ ရာခိုင်နှုန်း အများဆုံး ဒေသများစာရင်း

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | မသန်စွမ်းသူ ဦးရေ | မသန်စွမ်းသူ ရာခိုင်နှုန်း |
|---|---|---|---|
| ၁ | ဧရာဝတီ | ၄၇၂,၆၁၉ | ၂၀.၄% |
| ၂ | ရန်ကုန် | ၂၅၀,၄၄၁ | ၁၀.၈% |
| ၃ | ရှမ်း | ၂၂၈,၀၇၄ | ၉.၉% |
| ၄ | မန္တလေး | ၂၀၄,၃၂၈ | ၈.၈% |
| ၅ | ပဲခူး | ၂၀၂,၄၃၁ | ၈.၈% |
| ၆ | မကွေး | ၂၀၁,၈၀၀ | ၈.၇% |
| ၇ | စစ်ကိုင်း | ၁၇၇,၈၅၂ | ၇.၇% |
| ၈ | ရခိုင် | ၁၁၂,၁၇၉ | ၄.၉% |
| ၉ | မွန် | ၁၀၉,၂၉၈ | ၄.၇% |
| ၁၀ | ကရင် | ၉၉,၃၈၉ | ၄.၃% |
| ၁၁ | တနင်္သာရီ | ၉၈,၁၃၃ | ၄.၂% |
| ၁၂ | ကချင် | ၆၅,၈၃၇ | ၂.၈% |
| ၁၃ | နေပြည်တော် | ၃၆,၅၈၃ | ၁.၆% |
| ၁၄ | ချင်း | ၃၅,၆၆၉ | ၁.၅% |
| ၁၅ | ကယား | ၁၆,၆၁၇ | ၀.၇% |
| | | ၂,၃၁၁,၂၅၀ | ၁၀၀.၀% |

## နောက်ဆက်တွဲ (ခ)

ဦးတည်ဒေသရှိ မြို့နယ်အလိုက် မသန်စွမ်းသူ အရေအတွက် နှင့် စစ်တမ်းကောက်ယူခဲ့သည့်သူ ဦးရေ

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | တိုင်းဒေသကြီး/ ပြည်နယ် ၁၀ ခုရှိ မသန်စွမ်းသူ ဦးရေ | တိုင်းဒေသကြီး/ ပြည်နယ် ၁၀ ခု ရှိ မသန်စွမ်းသူ ဦးရေ စုစုပေါင်း အပေါ်မှ ရာခိုင်နှုန်း | တိုင်းဒေသကြီး/ ပြည်နယ် ၁၀ ခု အသီးသီးတွင် စစ်တမ်း ကောက်ယူခဲ့သည့် မသန်စွမ်းသူ ဦးရေ |
|---|---|---|---|---|
| ၁ | ဧရာဝတီ | ၄၇၂,၆၁၉ | ၂၃.၁၇% | ၅၅၆ |
| ၂ | ရန်ကုန် | ၂၅၀,၄၄၁ | ၁၃.၁၇% | ၃၁၆ |
| ၃ | ရှမ်း | ၂၂၈,၀၇၄ | ၁၁.၂၉% | ၂၇၁ |
| ၄ | မန္တလေး | ၂၀၄,၃၂၈ | ၁၀.၁၃% | ၂၄၃ |
| ၅ | ပဲခူး | ၂၀၂,၄၃၁ | ၉.၇% | ၂၃၃ |
| ၆ | မကွေး | ၂၀၁,၈၀၀ | ၈.၃၈% | ၂၀၁ |
| ၇ | စစ်ကိုင်း | ၁၇၇,၈၅၂ | ၈.၀၈% | ၁၉၄ |
| ၈ | ရခိုင် | ၁၁၂,၁၇၉ | ၅.၆၇% | ၁၃၆ |
| ၉ | မွန် | ၁၀၉,၂၉၈ | ၅.၃၃% | ၁၂၈ |
| ၁၀ | ကရင် | ၉၉,၃၈၉ | ၅.၀၈% | ၁၂၂ |
| တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၀ ခုမှ မသန်စွမ်းသူ စုစုပေါင်း | | ၂,၀၅၈,၄၁၁ | ၁၀၀% | ၂၄၀၀ |

**နောက်ဆက်တွဲ (ဂ)**

မသန်စွမ်းသူများကို စစ်တမ်းကောက်ယူရာတွင် ကုဒ်နံပါတ် (Code no.) ထည့်သွင်းသတ်မှတ်ခြင်း

| စဉ် | ပြည်နယ်/တိုင်း | ခရိုင် | မြို့နယ် | ကုတ်နံပါတ် |
|---|---|---|---|---|
| ၁ | ဧရာဝတီ | ပုသိမ် | ပုသိမ် | ပသ |
| | | | သာပေါင်း | သပ |
| ၂ | ရန်ကုန် | မြောက်ပိုင်းခရိုင် | လှိုင်သာယာ | လသယ |
| | | | ရွှေပြည်သာ | ရပသ |
| ၃ | ရှမ်း | တောင်ကြီး | တောင်ကြီး | တက |
| | | | ညောင်ရွှေ | ညရ |
| ၄ | မန္တလေး | မြင်းခြံ | မြင်းခြံ | မခ |
| | | | တောင်သာ | တသ |
| ၅ | ပဲခူး | ပဲခူး | ပဲခူး | ပခ |
| | | | ညောင်လေးပင် | ညလပ |
| ၆ | မကွေး | ပခုက္ကူ | ပခုက္ကူ | ပခက |
| | | | မြိုင် | မ |
| ၇ | စစ်ကိုင်း | ရွှေဘို | ရွှေဘို | ရဘ |
| | | | ကန့်ဘလူ | ကဘလ |
| ၈ | ရခိုင် | မြောက်ဦး | မင်းပြား | မပ |
| | | | မြောက်ဦး | မဥ |
| ၉ | မွန် | မော်လမြိုင် | သံဖြူဇရပ် | သဖဇရ |
| | | | မော်လမြိုင် | မလမ |
| ၁၀ | ကရင် | ဘားအံ | ဘားအံ | ဘအ |
| | | | လှိုင်းဘွဲ့ | လဘ |

## နောက်ဆက်တွဲ(ဃ)

စစ်တမ်းကောက်ယူရာတွင် ပံ့ပိုးကူညီခဲ့သည့် ကွင်းဆင်းသုတေသနအဖွဲ့ဝင်များ

| စဉ် | အမည် | နေရပ် | အဖွဲ့အစည်း |
|---|---|---|---|
| ၁ | ဦးမောင်အေး | ချပ်သင်း | MILI Branch |
| ၂ | ဦးစန်းတင့် | မုံရွာ | MNAB |
| ၃ | ဒေါ်သူဇာဝင်း | မန္တလေး | Alinthit |
| ၄ | ဒေါ်ခင်စန်းဝင်း | မန္တလေး | Shinning Stars |
| ၅ | ဦးစိုးသူ | တောင်ကြီး | Morning Stars |
| ၆ | ခွန်စံထွန်း | တောင်ကြီး | Morning Stars |
| ၇ | ဦးဝေလင်းဦး | ဖင်းကျိုက် | MILI Branch |
| ၈ | ဦးကျော်ဟိန်း | မကွေး | MPHA Branch |
| ၉ | ဦးတင်အောင်မိုး | ပုဏ္ဏားကျွန်း | MILI Branch |
| ၁၀ | ဦးလှမြင့် | မင်းပြား | RSDO |
| ၁၁ | ဦးအောင်စည်သူ | အုတ်တွင်း | MILI Branch |
| ၁၂ | ဦးလင်းနိုင် | တောင်ငူ | MILI Branch |
| ၁၃ | ဦးအောင်ကျော်သက် | ပုသိမ် | MPHA Branch |
| ၁၄ | ဦးစောခင်မောင်လှ | ဘားအံ | Phar-Si-Myay |
| ၁၅ | ဒေါ်ယဉ်ယဉ်ဝင်း | ပုသိမ် | SMTF |
| ၁၆ | ဒေါ်ခင်ဖြူဝေ | ရန်ကုန် | SMTF |
| ၁၇ | ဒေါ်ခင်မျိုးစု | ရန်ကုန် | MFPD EC |
| ၁၈ | ဒေါ်ငယ်ငယ်ဝင်း | ရန်ကုန် | Hlaing Thar Yar DPO |
| ၁၉ | ဦးထွန်းအောင် | ရန်ကုန် | အားမာန်သစ် မသန်စွမ်းသူများ ကိုယ့်အားကိုယ်ကိုးအဖွဲ့ |
| ၂၀ | ဦးအေးမင်းထွန်း | ရန်ကုန် | Hlaing Thar Yar DPO |
| ၂၁ | ဦးကိုကိုနောင် | ရန်ကုန် | MFPD Project Staff |

# စစ်တမ်းကောက်ယူခဲ့သည့် မေးခွန်းလွှာများ

## (က) မသန်စွမ်းသူများအတွက် စစ်တမ်းမေးခွန်း

| | | | |
|---|---|---|---|
| **၁။ အခြေခံကိုယ်ရေးအချက်အလက်များ** | | | |
| ၁-၁ | အသက် - (   ) နှစ်<br>မွေးနေ့ - (   ) ရက် ၊ (   ) လ ၊ (   ) ခုနှစ် | | |
| ၁-၂ | လိင် အမျိုးအစား - ☐ ကျား ☐ မ ☐ အခြား | | |
| ၁-၃ | အိမ်ထောင်ရေးအခြေအနေ<br>☐ လူပျို/အပျို ☐ အိမ်ထောင်သည် (လက်ရှိ) ☐ တစ်ခုလပ် ☐ မုဆိုးဖို/မုဆိုးမ | | |
| ၁-၄ | မသန်စွမ်းမှု အမျိုးအစား<br>☐ ကိုယ်အင်္ဂါ မသန်စွမ်း ☐ အမြင်အာရုံ မသန်စွမ်း ☐ အကြားအာရုံမသန်စွမ်း<br>☐ ဉာဏ်ရည် မသန်စွမ်း ☐ မသန်စွမ်းမှု တစ်မျိုးထက်ပိုသူ ☐ အခြား...............<br>အသေးစိတ်မှတ်ချက် ..............................................<br>(ဥပမာ - ခြေနစ်ဖက် ပိုလီယို) | | |
| ၁-၅ | မသန်စွမ်းမှုအခြေအနေ<br>☐ မသန်စွမ်းမှုနည်း ☐ အလယ်အလတ် ☐ မသန်စွမ်းမှုများ | | |
| ၁-၆ | အထောက်အကူပစ္စည်းကိရိယာ သုံးစွဲမှု<br>☐ မရှိပါ။ ☐ ရှိသည်။ (ရှိပါက ပစ္စည်းအမျိုးအစား ...................... ) | | |
| **၂။ ပညာရေးဆိုင်ရာအချက်အလက်များ** | | | |
| ၂-၁ | အတန်းပညာ | ☐ ကျောင်းမနေဘူးပါ<br><br>☐ စာရေးတတ်ဖတ်တတ် | ☐ ကျောင်းနေဘူးပါသည်။<br><br>☐ မူလတန်း ☐ အလယ်တန်း<br>☐ အထက်တန်း ☐ တက္ကသိုလ်ဝင်တန်းအောင်<br>☐ တက္ကသိုလ်တက်ရောက်ခဲ့/ဆဲ ☐ ဘွဲ့ရ ☐ အခြား .... |
| | | | ကျောင်းဆက်တက်ရန်အစီစဉ် ရှိ/မရှိ ☐ ရှိ ☐ မရှိ |
| ၂-၂ | သက်မွေးပညာ | ☐ သင်တန်းမတက်ဘူးပါ | ☐ သင်တန်း တက်ဖူးပါသည်<br><br>**သင်တန်းဆင်းလက်မှတ် ရခဲ့သည့်သင်တန်းများ**<br>☐ လက်မှုပညာ ☐ အချုပ်အလုပ် ☐ ဆံသ/အလှပြင်<br>☐ ကွန်ပျူတာ ☐ ဖုန်း ☐ အီလက်ထရောနစ် ☐ ဓါတ်ပုံ/ဗွီဒီယို<br>☐ စိုက်ပျိုးရေးသင်တန်း ☐ မွေးမြူရေးသင်တန်း<br>☐ အခြား.............................................. |

| | | | |
|---|---|---|---|
| | | | **သင်တန်းဆင်းလက်မှတ် မရခဲ့သည့် သင်တန်းများ**<br>☐ လက်မှုပညာ ☐ အချုပ်အလုပ် ☐ ဆံသ/အလှပြင်<br>☐ ကွန်ပျူတာ ☐ ဖုန်း ☐ အီလက်ထရောနစ် ☐ ဓါတ်ပုံ/ဗွီဒီယို<br>☐ စိုက်ပျိုးရေးသင်တန်း ☐ မွေးမြူရေးသင်တန်း<br>☐အခြား.................................................................. |
| | | | **သင်ထားသော ပညာများကို ပြန်လည်အသုံးပြုဖြစ်ပါသလား**<br>☐ အသုံးပြုဖြစ်ပါသည်။ ☐ အသုံးမပြုဖြစ်ပါ။<br>အသုံးမပြုဖြစ်ပါက အကြောင်းရင်း ...............................<br>.................................................................................. |

## ၃။ နိုင်ငံသားစိစစ်ရေးကဒ်ပိုင်ဆိုင်မှုနှင့် အလုပ်သမားဖြစ်မှု ဆိုင်ရာအချက်အလက်များ

| | | |
|---|---|---|
| ၃-၁ | နိုင်ငံသား စိစစ်ရေးကဒ်<br>(မှတ်ပုံတင်) | ☐ ရှိသည်။ ☐ မရှိပါ။<br>မရှိရခြင်းအကြောင်းရင်း.............................................................................. |
| ၃-၂ | အလုပ်သမားမှတ်ပုံတင်ကဒ်<br>(လေဘာ ကဒ်) | ☐ ရှိသည်။ ☐ မရှိပါ။<br>မရှိရခြင်းအကြောင်းရင်း.............................................................................. |
| ၃-၃ | လူမှုဖူလုံရေးကဒ် | ☐ ရှိသည်။ ☐ မရှိပါ။<br>မရှိရခြင်းအကြောင်းရင်း မှာ ☐ အလုပ်မရှိသေးလို့<br>☐ အခြားအကြောင်းအရင်း.............................................................................. |

## ၄။ အလုပ်အကိုင် အခွင့်အလမ်းဆိုင်ရာ အချက်အလက်များ

| | | |
|---|---|---|
| ၄-၁ | အလုပ်အခွင့်အလမ်းနှင့်<br>ပတ်သက်သည့်<br>အချက်အလက်များ သိရှိမှု | ☐ သတင်းစာ၊ ဂျာနယ် များမှ တစ်ဆင့်သိသည်။<br>☐ ရေဒီယို၊ ရုပ်မြင်သံကြားများမှ တစ်ဆင့်သိသည်။<br>☐ နီးစပ်ရာ ကြေငြာသည့် စာစောင်၊ ပိုစတာ များမှတစ်ဆင့်သိသည်။<br>☐ Facebook, Viber များမှတစ်ဆင့် သိသည်။<br>☐ မိတ်ဆွေ၊ သူငယ်ချင်း များမှတစ်ဆင့်သိသည်။<br>☐ ဆရာ၊ ဆရာမများမှ တစ်ဆင့်သိသည်။<br>☐ မသန်စွမ်းအဖွဲ့အစည်း၊ အရပ်ဖက် အဖွဲ့အစည်းများမှတစ်ဆင့် သိသည်။<br>☐မရရှိပါ။ |
| ၄-၂ | အလုပ်အကိုင် | လက်ရှိ အခြေအနေ ☐ အလုပ်အကိုင်ရှိသည်။ ☐ အလုပ်အကိုင်မရှိပါ။<br>အလုပ်ကိုင် မရှိ ဟုဖြေလျှင် **၄-၃ (က) နှင့် (ခ)** ကိုပဲ ဆက်မေးပါ။<br>အလုပ်ကိုင် ရှိသည် ဟုဖြေလျှင် **၄-၄** ကို ကျော်ပြီး ဆက်မေးပါ။ |
| ၄-၃<br>(က) | လက်ရှိ အလုပ်အကိုင်မရှိပါက<br>ယခင်ကရော အလုပ်ကိုင်<br>ရှိခဲ့ပါသလား | ယခင်အခြေအနေ ☐ အလုပ်အကိုင်ရှိခဲ့သည်။ ☐ အလုပ်အကိုင်မရှိခဲ့ပါ။<br>အလုပ်ထွက်ဘူးသည်/ ဆက်မလုပ်ဖြစ်သည့် အကြောင်းအရင်း<br>.................................................................................................. |
| ၄-၃<br>(ခ) | လက်ရှိ အလုပ်အကိုင်မရှိ ပါက<br>အလုပ်လျှောက်ဖူးပါသလား | ☐ အလုပ်မလျှောက်/မရှာဖူးပါ။ |

| | | |
|---|---|---|
| | | အကြောင်းပြချက် ..........................................................................<br>☐ အလုပ်လျှောက်ဖူး/ ရှာဖူးပါသည်။<br>အလုပ်လျှောက်ဖူးသည့်အကြိမ်အရေတွက် - (            ) ကြိမ်ခန့် |
| ၄-၄ | လက်ရှိ အလုပ်ကိုင်ရှိပါက - | |
| ၄-၄ (က) | တစ်လ ဝင်ငွေ | ☐ (၁)သိန်းအောက်   ☐ (၁)သိန်းနှင့် (၂)သိန်းအောက်<br>☐ (၂)သိန်းနှင့် (၃)သိန်းအောက်   ☐ (၃)သိန်းနှင့် (၅)သိန်းအောက်<br>☐ (၅)သိန်းနှင့် (၇)သိန်းအောက်   ☐ (၇)သိန်းနှင့် (၁၀)သိန်းအောက်<br>☐ (၁၀)သိန်းနှင့်(၁၂) သိန်းအောက် ☐ (၁၂) သိန်းအထက် |
| ၄-၄ (ခ) | လက်ရှိ အလုပ်ကိုင်သည် | ☐ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်း   ☐ ဝန်ထမ်း<br>☐ ကျဘမ်းအလုပ်<br>(ကျဘမ်းဆိုပါက အလုပ်အမျိုးအစား ဆက်မေးရန် မလိုပါ) |
| | | **ကိုယ်ပိုင် စီးပွားရေးလုပ်ငန်း ဆိုပါက လုပ်ငန်းအမျိုးအစား**<br>☐ ဈေးဆိုင်<br>☐ ထီဆိုင်/ထီလှည့်<br>☐ စက်ချုပ်ဆိုင်<br>☐ ဆံသဆိုင်<br>☐ ကွန်ပျူတာစာစီစာရိုက်/မိတ္တူ<br>☐ အိမ်တွင်းမှုလုပ်ငန်း<br>☐ စားသောက်ဆိုင် လုပ်ငန်း<br>☐ မုန့်လုပ်ငန်း<br>☐ အရောင်းအဝယ်/ကုန်သည်<br>☐ စိုက်ပျိုးရေး   ☐မွေးမြူရေး<br>☐ မိမိပိုင် ကုမ္ပဏီ<br>☐ အခြား . . . . . . . . . . . . . . . . . . . . . . . .<br>. . . . . . . . . . . . . . . . . . . .<br><br>**ဝန်ထမ်း လုပ်သည်ဆိုပါက အလုပ်အမျိုးအစား**<br>☐ အစိုးရ ဌာန<br>☐ စက်ရုံ/အလုပ်ရုံ<br>☐ ကုမ္ပဏီ   ☐ ဘဏ်<br>☐ ဆိုင်<br>☐ လူမှုရေး အဖွဲ့အစည်း<br>☐ အခြား. . . . . . . . . . . . . . . . .<br>. . . . . . . . . . . . . . . . .<br><br>**ဝန်ထမ်းဖြစ်ပါက ရာထူး/ တာဝန်**<br>..........................................<br>..........................................<br>..........................................<br>..........................................<br><br>**တာဝန်ယူရသည့် အခန်းကဏ္ဍ**<br>☐ အငယ်တန်း<br>☐ အလတ်တန်း<br>☐ အကြီးတန်း<br><br>နည်းပညာရပ်ဆိုင်ရာ ဝန်ထမ်းဖြစ်ပါက<br>☐ နည်းပညာအလုပ်သင် ဝန်ထမ်း<br>☐ နည်းပညာကျွမ်းကျင် ဝန်ထမ်း<br>☐ နည်းပညာပိုင်း အကြံပေးပုဂ္ဂိုလ် |
| ၄-၄ (ဂ) | လုပ်သက် | ☐ ၆ လအောက်   ☐ ၆ လ နှင့် ၁ နှစ်ကြား   ☐ ၁ နှစ် နှင့် ၃ နှစ်ကြား<br>☐ ၃ နှစ် နှင့် ၅ နှစ်ကြား ☐ ၅ နှစ် နှင့် ၁၀ နှစ် ကြား   ☐ ၁၀ နှစ် အထက် |
| ၄-၄ (ဃ) | အလုပ်မှ စီစဉ်ပေးမှုများ | ☐ မရှိ<br>☐ အဆောင်<br>☐ ဖယ်ရီ (ကြို/ပို့ကား) |

| | | |
|---|---|---|
| | | ☐ အစားအသောက်<br>☐ ကျန်းမာရေးစောင့်ရှောက်မှု<br>☐ လုပ်ငန်းခွင် လုံခြုံစိတ်ချမှုအတွက် အစီအမံများ<br>(ဥပမာ - ဘေးအန္တရာယ်အကာကွယ်အသုံးဆောင်များ စီစဉ်ပေးမှုများ)<br>☐ အခြား ........................................................................ |
| **၅။ လူနေမှု အခြေအနေနှင့် သက်ဆိုင်သော မေးခွန်းများ** | | |
| ၅-၁ | မိသားစု ဦးရေ | (          ) ဦး |
| ၅-၂ | မိသားစုတွင်း အလုပ်လုပ်ရသော မိသားစုဝင် ဦးရေ | (          ) ဦး |
| ၅-၃ | အိမ်ပိုင်ဆိုင်မှုနှင့် အိမ်အမျိုးအစား | ☐ အိမ်ပိုင်     ☐ အိမ်ငှား  ☐ အခြား . . . . .<br>အိမ်ပိုင်ဖြစ်ပါက အိမ်အမျိုးအစား<br>☐ တဲအိမ်     ☐ ပျဉ်ထောင်အိမ်<br>☐ အပေါ်ထပ်ပျဉ်နှင့်အောက်ထပ် အုတ် အိမ်     ☐ တိုက်အိမ် |
| **၆။ မသန်စွမ်းမှုဆိုင်ရာ ဥပဒေမူဘောင်များ၊ ဝန်ဆောင်မှုပေးသော အဖွဲ့အစည်းများနှင့် သက်ဆိုင်သော မေးခွန်းများ** | | |
| ၆-၁ | မသန်စွမ်းမှုဆိုင်ရာ ဥပဒေမူဘောင်များကို သိရှိမှု | ☐ မသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂ ကွန်ဗင်းရှင်း (UNCRPD)<br>☐ မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေ (၂၀၁၅)<br>☐ မသန်စွမ်းသူများ၏ အခွင့်အရေး နည်းဥပဒေများ<br>☐ အခြား ........................................................................<br>☐ တစ်ခုမှ မသိပါ။ |
| ၆-၂ | မသန်စွမ်းအဖွဲ့အစည်းများ၊ အရပ်ဖက်လူမှု အဖွဲ့စည်းများ တွင် ပါဝင်မှု | ☐ မသန်စွမ်း အဖွဲ့များတွင် ပါဝင်မှု/ချိတ်ဆက်မှုရှိသည်။<br>☐ အရပ်ဖက်အဖွဲ့အစည်းများတွင် ပါဝင်မှု/ချိတ်ဆက်မှုရှိသည်။<br>☐ မည်သည့်အဖွဲ့မှ မပါဝင်ပါ။ |
| ၆-၃ | မသန်စွမ်းသူများဆိုင်ရာ အမျိုးသားကော်မတီကို သိရှိမှု | ☐ သိသည်။     ☐ မသိပါ။ |
| ၆-၄ | မြန်မာနိုင်ငံ မသန်စွမ်းသူများ အသင်းချုပ်ကို သိရှိမှု | ☐ သိသည်။     ☐ မသိပါ။ |
| ၆-၅ | မိမိသိသော မသန်စွမ်းသူများ အလုပ်အကိုင်အခွင့်လမ်း အတွက် ကူညီပံ့ပိုးပေးသော အဖွဲ့အစည်းများ | (မိမိသိသော အဖွဲ့အမည်များရေးရန်) |

၇။ အောက်ပါမေးခွန်းများသည် လုပ်ငန်းခွင်နှင့် ပတ်သက်၍ သင်၏ ခံစားချက်၊ အတွေ့အကြုံ ထင်မြင်ချက်တို့ နှင့် သက်ဆိုင်သည်။ မေးခွန်းအလိုက် သင်နှင့်ကိုက်ညီမှုရှိသည့် အချက်ကို ရွေးချယ်ပေးပါရန်။

(လက်ရှိ လုပ်ငန်းလုပ်နေသူများသာ)

| စဉ် | အကြောင်းအရာများ | သင်နှင့် ကိုက်ညီသည့် အကွက်တွင် (အမှန်ခြစ်) ပေးပါ | | | | |
|---|---|---|---|---|---|---|
| | | အလွန် အားရသည် | အားရသည် | အသင့်တင့်သာ အားရသည် | အားမရပါ | လုံးဝ အားမရပါ |
| ၇-၁ | လုပ်ငန်းခွင်တွင် သင်၏ လုပ်ရည်ကိုင်ရည်/ကျွမ်းကျင်မှု | | | | | |
| ၇-၂ | လုပ်ငန်းခွင်အတွေ့အကြုံ များသည် သင့်ဘဝတိုးတက်ရေး အတွက် အထောက်အကူဖြစ်မှု | | | | | |
| ၇-၃ | လုပ်ငန်းခွင် ပျော်ရွှင်မှု | | | | | |
| ၇-၄ | လုပ်ငန်းခွင်တွင်း ဝန်ထမ်းများနှင့် ဆက်ဆံရေး | | | | | |
| ၇-၅ | လုပ်ငန်းခွင်တွင် မသန်စွမ်းသူများ အတွက် စီစဉ်ဆောင်ရွက်ပေး မှုအခြေအနေ | | | | | |
| ၇-၆ | လုပ်ခ လစာ | | | | | |
| ၇-၇ | အလုပ်ချိန် | | | | | |
| ၇-၈ | တည်ဆဲ အလုပ်စည်းမျဉ်း၊ စည်းကမ်းများကို လိုက်နာလွယ်မှု | | | | | |
| ၇-၉ | သင့်ကျွမ်းကျင်မှုနှင့် ကိုက်ညီမှု | | | | | |
| ၇-၁၀ | သင့်မိသားစုအပေါ် ထောက်ပံ့နိုင်မှု | | | | | |
| ၇-၁၁ | လုပ်ငန်းခွင်သို့ သွားလာလွယ်မှု | | | | | |

၈။ (လက်ရှိ လုပ်ငန်း မလုပ်နေသူများသာ)

| စဉ် | အကြောင်းအရာများ | သင်နှင့် ကိုက်ညီသည့် အကွက်တွင် (အမှန်ခြစ်) ပေးပါ | | | | |
|---|---|---|---|---|---|---|
| | | အလွန်များ | များ | အသင်တင့် | အနည်းငယ် | လုံးဝမရှိပါ |
| ၈-၁ | အလုပ်လုပ်လိုသော သင်၏ဆန္ဒ | | | | | |
| ၈-၂ | အလုပ်အကိုင်ရရှိရေးသည် သင့်ဘဝအတွက် အရေးပါမှု | | | | | |
| ၈-၃ | လုပ်ငန်းခွင်ဝင်ရန် အဆင်သင့်ဖြစ်နေပြီဟု မိမိကိုယ်ကို ယုံကြည်မှုရှိခြင်း | | | | | |
| ၈-၄ | အခြားမြို့ရွာတွင် သွားရောက်လုပ်ကိုင်ရန် ဆန္ဒ | | | | | |
| ၈-၅ | အလုပ်ရရှိရေးအတွက် လိုအပ်သော အသက်မွေး ဝမ်းကျောင်း သင်တန်းများ တက်ရောက်လိုသော ဆန္ဒ | | | | | |

၉။ ရွေးချယ်လုပ်ကိုင်လိုသော အလုပ်

| | | |
|---|---|---|
| ၉-၁ | ကိုယ်ပိုင်လုပ်ငန်းနှင့် ဝန်ထမ်း မည်သည်ကို ပိုစိတ်ဝင်စားပါသလဲ | ☐ ကိုယ်ပိုင်လုပ်ငန်းသာလုပ်လိုသည်<br>☐ ဝန်ထမ်းအဖြစ်လုပ်ကိုင်လိုသည်<br>☐ ၂မျိုးလုံး ဘယ်ဟာဖြစ်ဖြစ် အဆင်ပြေပါသည် |
| ၉-၂ | မည်သို့သော လုပ်ငန်းကဏ္ဍမျိုး လုပ်ကိုင်လိုပါသလဲ | (လုပ်ငန်းကဏ္ဍများ ဖော်ပြထားရန်) |
| ၉-၃ | လုပ်ငန်းခွင်ဝင်ရန် မိမိ သင်ယူတတ်မြောက်လိုသော အသက်မွေးပညာရပ်များကို ပြောပြပါ | |
| ၉-၄ | မိမိနေထိုင်ရာ အိမ်/အဆောင်မှ လုပ်ငန်းခွင်သို့ သွားလာရာတွင် အများပြည်သူ သယ်ယူပို့ဆောင်ရေးကို အသုံးပြုနိုင်မှု | ☐ အသုံးပြုနိုင်သည်။ ☐ အသုံးမပြုနိုင်ပါ။<br>☐ အခြားအခက်အခဲများရှိပါကဖော်ပြပါ<br>. . . . . . . . . . . . . . . . . . . . . . . . . .<br>. . . . . . . . . . . . . . . . . . . . . . . . . .<br>. . . . . . . . . . . . . . . . . . . . . . . . . . |

## (ခ) မသန်စွမ်းသူ၏ မိဘ/အုပ်ထိန်းသူများ အတွက် စစ်တမ်းမေးခွန်း

| ၁။ ဖြေဆိုသူ၏ အချက်အလက်များ | | |
|---|---|---|
| ၁-၁ | ဖြေဆိုသူ အမည် | |
| ၁-၂ | ဖြေဆိုသူ အသက် | (        ) နှစ် |
| ၁-၃ | လိင် အမျိုးအစား | ☐ ကျား ☐ မ ☐ အခြား |
| ၁-၄ | မသန်စွမ်းသူ၏အမည် | (ကုတ်နံပါတ်ထည့်ပါ -        ) |
| ၁-၅ | တော်စပ်ပုံ | |
| ၁-၆ | ဖြေဆိုသူ၏ နေရပ်လိပ်စာ | ............................................ ရပ်ကွက်/ ကျေးရွာ၊<br>.............. မြို့နယ်၊ ................ ပြည်နယ်/တိုင်း |
| ၁-၇ | ဖြေဆိုသူ၏ ဖုန်းနံပါတ် | |
| ၁-၈ | မိသားစုဝင်ဦးရေ | (        ) ဦး |

| ၂။ မိသားစုဝင် မသန်စွမ်းသူ၏ ပညာရေးဆိုင်ရာအချက်အလက်များ | | | |
|---|---|---|---|
| ၂-၁ | အတန်းပညာ | ☐ ကျောင်းမနေဘူးပါ<br>☐ စာရေးတတ်ဖတ်တတ် | ☐ ကျောင်းနေဘူးပါသည်။<br>☐ မူလတန်း ☐ အလယ်တန်း<br>☐ အထက်တန်း ☐ တက္ကသိုလ်ဝင်တန်းအောင်<br>☐ တက္ကသိုလ်တက်ရောက်ခဲ့/ဆဲ ☐ ဘွဲ့ရ ☐ အခြား. . . . |
| | | | ကျောင်းဆက်တက်ရန်အစီစဉ် ရှိ/မရှိ ☐ ရှိ ☐ မရှိ |
| ၂-၂ | သက်မွေးပညာ | ☐ သင်တန်းမတက်ဘူးပါ | ☐ သင်တန်း တက်ဖူးပါသည်<br><br>**သင်တန်းဆင်းလက်မှတ် ရခဲ့သည့်သင်တန်းများ**<br>☐ လက်မှုပညာ ☐ အချုပ်အလုပ် ☐ ဆံသ/အလှပြင်<br>☐ ကွန်ပျူတာ ☐ဖုန်း ☐အီလက်ထရောနစ် ☐ ဓါတ်ပုံ/ဗွီဒီယို<br>☐ စိုက်ပျိုးရေးသင်တန်း ☐ မွေးမြူရေးသင်တန်း<br><br>☐အခြား........................................................................ |
| | | | **သင်တန်းဆင်းလက်မှတ် မရခဲ့သည့် သင်တန်းများ**<br>☐ လက်မှုပညာ ☐ အချုပ်အလုပ် ☐ ဆံသ/အလှပြင်<br>☐ ကွန်ပျူတာ ☐ဖုန်း ☐အီလက်ထရောနစ် ☐ ဓါတ်ပုံ/ဗွီဒီယို<br>☐ စိုက်ပျိုးရေးသင်တန်း ☐ မွေးမြူရေးသင်တန်း<br>☐အခြား........................................................................ |
| | | | **သင်ထားသော ပညာများကို ပြန်လည်အသုံးပြုဖြစ်ပါသလား**<br>☐ အသုံးပြုဖြစ်ပါသည်။ ☐ အသုံးမပြုဖြစ်ပါ။ |

| | | |
|---|---|---|
| | | အသုံးမပြုဖြစ်ပါက အကြောင်းရင်း ..............................<br>...................................................................... |
| | **၃။ လူမှုအသိုက်အဝန်းအတွင်းပါဝင်မှုအခြေအနေ** | |
| ၃-၁ | မသန်စွမ်းအဖွဲ့အစည်းများ၊ အရပ်ဖက်လူမှု အဖွဲ့စည်းများတွင် ပါဝင်မှု | ☐ မသန်စွမ်း အဖွဲ့များတွင် ပါဝင်မှု/ချိတ်ဆက်မှုရှိသည်။<br>☐ အရပ်ဖက်အဖွဲ့အစည်းများတွင် ပါဝင်မှု/ချိတ်ဆက်မှုရှိသည်။<br>☐ မည်သည့်အဖွဲ့မှ မပါဝင်ပါ။ |
| ၃-၂ | ရပ်ရွာတွင် သာရေးနာရေး ကိစ္စရပ်များတွင် ပါဝင်နိုင်မှု အခြေအနေ | ☐ ပါဝင်သည်။ ☐ မပါဝင်ပါ။<br>မပါဝင်နိုင်ပါက အကြောင်းရင်း<br>...................................................................... |
| | **၄။ အလုပ်အကိုင် အခွင့်အလမ်းလက်လှမ်းမီမှု** | |
| ၄-၁ | အလုပ်အခွင့်လမ်းနှင့် ပတ်သက်သည့် အချက်အလက်များ သိရှိမှု | ☐ သတင်းစာ၊ ဂျာနယ် များမှ တစ်ဆင့်သိသည်။<br>☐ ရေဒီယို၊ ရုပ်မြင်သံကြားများမှ တစ်ဆင့်သိသည်။<br>☐ နီးစပ်ရာ ကြေငြာသည့် စာစောင်၊ ပိုစတာ များမှတစ်ဆင့်သိသည်။<br>☐ Facebook, Viber များမှတစ်ဆင့် သိသည်။<br>☐ မိတ်ဆွေ၊ သူငယ်ချင်း များမှတစ်ဆင့်သိသည်။<br>☐ ဆရာ၊ ဆရာမများမှ တစ်ဆင့်သိသည်။<br>☐ မသန်စွမ်းအဖွဲ့အစည်း၊ အရပ်ဖက် အဖွဲ့အစည်းများမှတစ်ဆင့် သိသည်။<br>☐ မသိရှိပါ။ |
| ၄-၂ | မိသားစုဝင် မသန်စွမ်းသူ လုပ်ငန်းခွင်ဝင်ရောက်မှုအပေါ် သင်၏ သဘောထား/အမြင် | ☐ လုပ်ငန်းခွင်ဝင်ရောက်သင့်သည်။<br>☐ လုပ်ငန်းခွင်တွင် မဝင်ရောက်သင့်ပါ။<br>နှစ်မျိုးစလုံးအတွက် အကြောင်းပြချက်<br>......................................................................<br>...................................................................... |
| ၄-၃ | လုပ်ငန်းခွင်ဝင်ရောက်မှုအပေါ် ပတ်ဝန်းကျင်၏ အမြင်/သဘောထား | ☐ လုပ်ငန်းခွင်ဝင်ရောက်သင့်သည်။<br>☐ လုပ်ငန်းခွင်တွင် မဝင်ရောက်သင့်ပါ။<br>နှစ်မျိုးစလုံးအတွက် အကြောင်းပြချက်<br>......................................................................<br>...................................................................... |
| ၄-၄ | မည်သို့သော လုပ်ငန်းမျိုး လုပ်ကိုင်စေလိုပါသလဲ | ☐ ကိုယ်ပိုင်လုပ်ငန်း/ ကိုယ်ပိုင်ဆိုင် ☐ စိုက်ပျိုးရေး ☐ မွေးမြူရေး<br>☐ အစိုးရဌာနဝန်ထမ်း ☐ ကုမ္ပဏီဝန်ထမ်း ☐ ဘဏ်ဝန်ထမ်း<br>☐ NGOs ဝန်ထမ်း ☐ စက်ရုံ/အလုပ်ရုံ ဝန်ထမ်း<br>☐ အခြား ...................................................................... |
| ၄-၅ | တစ်နယ်တစ်ကျေးသို့ သွားရောက် အလုပ်လုပ်မည်ဆိုလျှင် စိတ်ချခွင့်ပြုပါသလား | ☐ ခွင့်ပြုပါသည်။<br>☐ ခွင့်မပြုပါ။/စိတ်မချပါ။ |
| ၄-၆ | ၎င်းတွင်အလုပ်အကိုင်နှင့် ပတ်သက်သောကျွမ်းကျင် များ ဘာတွေရှိထားလဲ | ☐ အလုပ်နှင့်ပတ်သက်သည့် ကျွမ်းကျင်မှုများ၊ အလုပ်အတွေ့ကြုံရှိထားသည်။<br>☐ အလုပ်နှင့်ပတ်သက်သည့် ကျွမ်းကျင်မှုသာရှိထားသည်။(အတွေ့ကြုံမရှိသေး)<br>☐ အလုပ်နှင့် ပတ်သက်သည့် ကျွမ်းကျင်မှုများ မရှိသေးပါ။ |
| ၄-၇ | ၎င်း၏ လက်ရှိ အလုပ်ရရှိမှု အခြေအနေ၊ | ☐ အလုပ်ရှိသည်။ ☐ အလုပ်မရှိပါ။<br>အလုပ်ရှိပါက လုပ်ငန်းခွင်တွင်ကြုံတွေ့ရသော အခက်အခဲများနှင့်အတားဆီးများ |

| | | |
|---|---|---|
| | | ..............................<br>..............................<br>..............................<br>အလုပ်မရှိပါက အကြောင်းရင်း<br>..............................<br>.............................. |
| **၅။ ဖြေဆိုသူ၏ မသန်စွမ်းမှုဆိုင်ရာ ဥပဒေမူဘောင်များ၊ ဝန်ဆောင်မှုပေးသော အဖွဲ့အစည်းများအကြောင်းသိရှိမှု** | | |
| ၅-၁ | မသန်စွမ်းမှုဆိုင်ရာ ဥပဒေမူဘောင်များကို သိရှိမှု | ☐ မသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂ ကွန်ဗင်းရှင်း (UNCRPD)<br>☐ မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေ (၂၀၁၅)<br>☐ မသန်စွမ်းသူများ၏ အခွင့်အရေး နည်းဥပဒေများ<br>☐ အခြား ..............................<br>☐ တစ်ခုမှ မသိပါ။ |
| ၅-၂ | မသန်စွမ်းသူများဆိုင်ရာ အမျိုးသားကော်မတီကို သိရှိမှု | ☐ သိသည်။ ☐ မသိပါ။ |
| ၅-၃ | မြန်မာနိုင်ငံ မသန်စွမ်း သူများ အသင်းချုပ်ကို သိရှိမှု | ☐ သိသည်။ ☐ မသိပါ။ |
| ၅-၄ | မိမိသိသော မသန်စွမ်း သူများ အလုပ်အကိုင် အခွင့်လမ်း အတွက် ကူညီပံ့ပိုးပေးသော အဖွဲ့အစည်းများ | (မိမိသိသော အဖွဲ့အမည်များရေးရန်) |

၆။ မသန်စွမ်းသူများ အလုပ်အကိုင်အခွင့် အလမ်းအတွက် အကြံပြုလို/ ပြောလိုသည်များ

..............................................................................................................................

..............................................................................................................................

## (ဂ) လုပ်ငန်းရှင်များ အတွက် မေးခွန်း

| ၁။ ဖြေဆိုသူနှင့် လုပ်ငန်း၏ အချက်အလက်များ | | |
|---|---|---|
| ၁-၁ | ဖြေဆိုသူ အမည် | |
| ၁-၂ | ဖြေဆိုသူ လုပ်သက် | (      ) နှစ် |
| ၁-၃ | လိင် အမျိုးအစား | ☐ ကျား ☐ မ ☐ အခြား |
| ၁-၄ | ရာထူး | |
| ၁-၅ | လုပ်ငန်း/ကုမ္ပဏီ အမည် | |
| ၁-၆ | လုပ်ငန်း/ကုမ္ပဏီ၏ နေရပ်လိပ်စာ | .............. အမှတ်၊ ...................... လမ်း၊<br>.............. ရပ်ကွက်/ကျေးရွာ၊ ................... မြို့နယ်၊ ......<br>........... ပြည်နယ်/တိုင်း |
| ၁-၇ | လုပ်ငန်း၏ ဖုန်းနံပါတ် | |
| ၁-၈ | ကုမ္ပဏီ/လုပ်ငန်းအနေထား | ☐ တစ်ဦးပိုင် ☐ အများပိုင် |
| ၁-၉ | ဝန်ထမ်းဦးရေ | (      ) ဦး |
| ၁-၁၀ | လုပ်ငန်းအရွယ်အစား | ☐ အသေးစား ☐ အလတ်စား ☐ အကြီးစား |
| **၂။ မသန်စွမ်းသူများကို အလုပ်ခန့်ထားမှု အခြေအနေ** | | |
| ၂-၁ | မသန်စွမ်းဝန်ထမ်း ခန့်ထားမှုအခြေအနေ | ☐ တစ်ခါမှ မသန်စွမ်းဝန်ထမ်း မခန့်ဖူးပါ။ ၂-၁(က) မေးပြီး ၂-၂ ဆက်မေးရန်<br>☐ လက်ရှိမသန်စွမ်းဝန်ထမ်းရှိပါသည်။ ၂-၁(ခ) မေးပြီး ၂-၂ ဆက်မေးရန်<br>☐ ယခင်က မသန်စွမ်းဝန်ထမ်း ခန့်ခဲ့ဖူးပါသည်။ လက်ရှိ မရှိပါ။ ၂-၁(ဂ) မေးပြီး ၂-၂ ဆက်မေးရန် |
| ၂-၁ (က) | တစ်ခါမှ မသန်စွမ်း ဝန်ထမ်း မခန့်ဖူးပါဆိုလျှင် | မခန့်ဖြစ်သော အကြောင်းရင်း<br>..........<br>..........<br>..........<br>.......... |
| ၂-၁ (ခ) | လက်ရှိ မသန်စွမ်းဝန်ထမ်း ခန့်ထားသည်ဆိုလျှင် | - ခန့်ထားသော မသန်စွမ်းဝန်ထမ်း အရေတွက် (      ) ဦး |
| | | - ခန့်အပ်ထားသူများ၏ မသန်စွမ်းမှု အမျိုးအစားများမှာ<br>☐ ကိုယ်အင်္ဂါ ☐ အမြင်အာရုံ ☐ အကြားအာရုံ ☐ ဉာဏ်ရည်<br>☐ မသန်စွမ်းမှု တစ်မျိုးထက်ပိုသူ ☐ အခြား.................. |

| | | |
|---|---|---|
| | | - ပေးအပ်ထားသော ရာထူးတာဝန်များမှာ<br>..........................................................................<br>..........................................................................<br>.......................................................................... |
| | | - မသန်စွမ်းသူများ အလုပ်ခန့်ထားရာတွင် ကြုံတွေ့ရသော အခြေအနေ/အခက်အခဲ၊ အဆင်မပြေမှုများ<br>..........................................................................<br>..........................................................................<br>..........................................................................<br>.......................................................................... |
| | | - မသန်စွမ်းသူများ အလုပ်ခန့်ထားရာတွင် ကြုံတွေ့ရသော အားသာချက်များ/ အကျိုးကျေးဇူးများ<br>..........................................................................<br>..........................................................................<br>..........................................................................<br>.......................................................................... |
| ၂-၁ (ဂ) | ယခင်က မသန်စွမ်းဝန်ထမ်း ခန့်ခဲ့ဖူးပါသည်။ | - ခန့်ထားသော မသန်စွမ်းဝန်ထမ်း အရေတွက် (          ) ဦး |
| | | - ခန့်အပ်ထားသူများ၏ မသန်စွမ်းမှု အမျိုးအစားများမှာ<br>☐ ကိုယ်အင်္ဂါ  ☐ အမြင်အာရုံ  ☐ အကြားအာရုံ  ☐ ဉာဏ်ရည်<br>☐ မသန်စွမ်းမှု တစ်မျိုးထက်ပိုသူ  ☐ အခြား. . . . . . . . . . . . . . . |
| | | - ပေးအပ်ထားသော ရာထူးတာဝန်များမှာ<br>..........................................................................<br>.......................................................................... |
| | | - အလုပ်ထွက်/ ရပ်နား ရသောအကြောင်းရင်း<br>..........................................................................<br>..........................................................................<br>.......................................................................... |
| ၂-၂ | နောင်တွင် မသန်စွမ်းသူများအား အလုပ်ခန့်ထားရန် အစီအစဉ်ရှိ/မရှိ | ☐ ရှိသည်။  ☐ မရှိပါ။<br>**ရှိသည်ဆိုပါက**<br>မသန်စွမ်းသူ ဦးရေမည်မျှလောက်ခန့်နိုင်ပါသလဲ။<br>(          ) ဦးခန့်<br>မည်သို့သော မသန်စွမ်းသူမျိုးကို ခန့်လိုပါသလဲ။<br>..........................................................................<br>..........................................................................<br>.......................................................................... |

| | | |
|---|---|---|
| | | ................................................<br>................................................ |
| ၂-၃ | သင်လုပ်ငန်းတွင် မသန်စွမ်းသူများအား အလုပ်ခန့်ထားရေးအတွက် အခက်ခဲ(များ) | ☐ ရှိသည်။ ☐ မရှိပါ။<br>ရှိပါက ဖော်ပြပေးပါ။<br>................................................<br>................................................<br>................................................<br>................................................ |
| **၃။ မသန်စွမ်းသူများ၏ အလုပ်အကိုင် အခွင့်အလမ်းနှင့်ပတ်သက်သော ဖြေဆိုသူ၏ သဘောထားအမြင်** | | |
| ၃-၁ | မသန်စွမ်းသူများ၏ အလုပ်အကိုင် အခွင့်အလမ်းအပေါ် သဘောထားအမြင် | ☐ ကိုယ်ပိုင်လုပ်ငန်း/မိသားစုလုပ်ငန်းတွင် သာလုပ်သင့်သည်။<br>☐ မသန်စွမ်းသူများသည် သန်စွမ်းသူများနှင့်အတူ လုပ်ကိုင်ရသော သင့်လျော်သည့် လုပ်ငန်းခွင်များသို့ ဝင်ရောက်သင့်သည်။<br>☐ မသန်စွမ်းအသင်းအဖွဲ့များ၏ လုပ်ငန်းများတွင်သာ လုပ်သင့်သည်။<br>☐ မသန်စွမ်းသူများ လုပ်ငန်းခွင် မဝင်ရောက်သင့်ပါ။<br>☐ အခြား ................................................ |
| ၃-၂ | မသန်စွမ်းသူများ အလုပ်အကိုင် အခွင့်အလမ်းအတွက် ဝေပုံကျနှုန်းထား (ကိုတာ)စနစ် သတ်မှတ်မည်ဆိုပါက သဘောထားအမြင် | ☐ ကိုတာစနစ်သည် လုပ်သား၊ အလုပ်ရှင် နှစ်ဖက်လုံးအကျိုးရှိသည်။<br>☐ ကိုတာစနစ်သည် လုပ်သားနှင့် အလုပ်ရှင် နှစ်ဖက်လုံး အကျိုးမရှိပါ။<br>☐ ကိုတာစနစ်သည် မသန်စွမ်းသူများအတွက်သာ အကျိုးရှိသည်။<br>☐ အခြားဖော်ပြလိုသည်များရှိပါက<br>................................................<br>................................................ |
| ၃-၃ | မသန်စွမ်းသူများကို အလုပ်ခန့်ထားပါက မိမိလုပ်ငန်းအတွက် အကျိုးအမြတ် ဖြစ်ထွန်းမည်ဟု ထင်ပါသလား။ (အဖြေပေါ် မူတည်ကာ ရရှိနိုင်မည့် အကျိုးအမြတ် ကို ဆက်မေးရန်) | ☐ အလုပ်ရှင်အတွက် အကျိုးနည်းနိုင်သည်။<br>☐ အလုပ်ရှင်အတွက် အကျိုးဖြစ်ထွန်းနိုင်သည်။<br>☐ မည်သို့မျှမထင်ပါ<br>☐ အခြားဖော်ပြလိုသည်များ ရှိပါက<br>................................................<br>................................................<br>................................................ |
| **၄။ လုပ်ငန်းဘက်မှ စီစဉ်ဆောင်ရွက်ထားမှုများ** | | |
| ၄-၁ | လုပ်ငန်း၏ ဝန်ထမ်းရေးရာ (HR) မူဝါဒများတွင် မသန်စွမ်းသူများ နှင့် ပတ်သက်ပြီး ထည့်သွင်း ဖော်ပြထားမှု အခြေအနေ | ☐ ဆောင်ရွက်ထားသည်။ ☐ မဆောင်ရွက်ထားပါ။<br>ရှင်းလင်းချက်<br>................................................<br>................................................<br>................................................ |

| | | |
|---|---|---|
| ၄-၂ | လုပ်ငန်းခွင်တွင် ဝန်ထမ်းများအား မသန်စွမ်းမှုနှင့် ပတ်သက်ပြီး အသိပညာဖြန့်ဝေထားမှု အခြေအနေ (PWD awareness) | ☐ ဆောင်ရွက်ထားသည်။ ☐ မဆောင်ရွက်ထားပါ။<br>ရှင်းလင်းချက်<br>........................<br>........................<br>........................ |
| ၄-၃ | မသန်စွမ်းသူများအတွက် အဆင်ပြေ သင့်လျော်သော လုပ်ငန်းခွင် ဖြစ်စေရန် စီစဉ်ဆောင်ရွက်ထားမှု အခြေအနေ | ☐ ဆောင်ရွက်ထားသည်။ ☐ မဆောင်ရွက်ထားပါ။<br>ရှင်းလင်းချက်<br>........................<br>........................<br>........................ |
| **၅။ ဖြေဆိုသူ၏ မသန်စွမ်းမှုဆိုင်ရာ ဥပဒေမူဘောင်များ၊ ဝန်ဆောင်မှုပေးသော အဖွဲ့အစည်းများအကြောင်းသိရှိမှု** | | |
| ၅-၁ | မသန်စွမ်းမှုဆိုင်ရာ ဥပဒေမူဘောင်များကို သိရှိမှု | ☐ မသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂ ကွန်ဗင်းရှင်း (UNCRPD)<br>☐ မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေ (၂၀၁၅)<br>☐ မသန်စွမ်းသူများ၏ အခွင့်အရေး နည်းဥပဒေများ<br>☐ အခြား ........................<br>☐ တစ်ခုမှ မသိပါ။ |
| ၅-၂ | မသန်စွမ်းသူများဆိုင်ရာ အမျိုးသားကော်မတီကို သိရှိမှု | ☐ သိသည်။ ☐ မသိပါ။ |
| ၅-၃ | မြန်မာနိုင်ငံ မသန်စွမ်းသူများ အသင်းချုပ်ကို သိရှိမှု | ☐ သိသည်။ ☐ မသိပါ။ |
| ၅-၄ | မိမိသိသော မသန်စွမ်းသူများ အလုပ်အကိုင် အခွင့်လမ်း အတွက် ကူညီပံ့ပိုးပေးသော အဖွဲ့အစည်းများ | (မိမိသိသော အဖွဲ့အမည်များရေးရန်) |

၆။ မသန်စွမ်းသူများ အလုပ်အကိုင်အခွင့်အလမ်းအတွက် အကြံပြုလို/ ပြောလိုသည်များ

........................................................................................................

........................................................................................................

........................................................................................................

........................................................................................................